# ကြေးမုံ
# The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကြည်နူး ရွှင်မြူး နှစ်ဦးမင်္ဂလာ**

...မကျန်မြားမြောင်၊ စေ့စုံအောင်လျှင်၊ ဆောင်ယောင်ထီးစည်၊ ဘွဲ့မည်ဌာနန်၊ ထိုက်တန်ဂုဏ်လျှောက်၊ ထပ်ခါလျှောက်မှ၊ ချီးမြှောက်ဖြိုးကဲ၊ လူခပဲအား၊ စွန့်ကြဲပေးကမ်း၊ လွေ့လွေ့ရမ်းနှင့်၊ ထောင်တမ်းလေးရပ်၊ မြဲစောင့်ကြပ်လျက်၊ ကျဉ်းကျပ်ခံသူ၊ လွှတ်တော်မူ၍၊ မပူချမ်းမြေ့၊ လန်းလန်းကြွေ့သား၊ ရေတွေ့ငုံအာ၊ အိုင်ကြီးကြာသို့၊ မျက်နှာအထူး၊ လွန်ကြည်နူးသည်၊ ရွှင်မြူး လူရှင် ရဟန်းတည်း။ ။

မဃဒေဝ ပိုဒ်ရေ-၇၀


၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် သောကြာနေ့။ Friday, 17 April 2026 ၁၂၁၅၁


## အနာဂတ်ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနဲ့ နိုင်ငံ့ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ နိုင်ငံတော်တည်ငြိမ်ရေး၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးရရှိရေးဟာ လွန်စွာအရေးကြီး

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာ သီရိသုဓမ္မ ဦးမင်းအောင်လှိုင် ၏ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ နှစ်သစ်ကူးနှုတ်ခွန်းဆက် မင်္ဂလာစကား

မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား

ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ မြန်မာနှစ်သစ်ကူး အခါသမယမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်း မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသူ နိုင်ငံသား မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနဲ့တကွ ပြည်ပမှာ ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားများ၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး ဘေးရန်အပေါင်းမှ ဝေးကွာကြပါစေ၊ ကာယစိတ္တနှစ်ဖြာသော သုခတို့နဲ့ ပြည့်စုံနိုင်ကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်မေတ္တာပို့သအပ်ပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

**❛အနာဂတ်နိုင်ငံအတွက် အင်အားသစ်တွေဖြစ်တဲ့ ကျောင်းသား ကျောင်းသူ လူငယ်များဟာ ပညာရေး၊ ကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်ကောင်းမွန်ခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်းစတဲ့ ဗလငါးတန်နဲ့ ပြည့်ဝကြဖို့လိုပါတယ်။ ဒါမှသာ နိုင်ငံ့ရှေ့ရေးဟာ ဘက်စုံပြည့်ဝထူးချွန်တဲ့ လူတော်လူကောင်း လူငယ်တွေရဲ့ ဦးဆောင်မှုနဲ့ အများကြီးပြောင်းလဲပြီး ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ တစ်ဦးချင်းကအစ တစ်မျိုးသားလုံး စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ရေးနဲ့ အတွေးအခေါ် အယူအဆ ဆင်ခြင်တုံတရားပြည့်ဝဖို့ အလွန်အရေးကြီး❜**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

## ယနေ့ ဖတ်စရာ


ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း
စာမျက်နှာ » ၃

အဘိဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ချီးမြှင့်တော်မူအပ်သော ချမ်းသာပွားကြောင်း နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ
စာမျက်နှာ » ၇





နေပြည်တော်မြို့တော်ဝန်ရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်တို့၌ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ စစ်သံမှူးများနှင့် မိသားစုဝင်များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ
စာမျက်နှာ » ၁၇

EV သက်တမ်းရှည်စေဖို့ နည်းလမ်းတကျ သုံးစွဲစို့
ဆောင်းပါး စာမျက်နှာ » ၁၄





နေပြည်တော်၌ သင်္ကြန်အတက်နေ့တွင် ရေကစားအပန်းဖြေသူများ ယခင်ရက်များထက် ကြက်ပျံမကျစည်ကားများပြား
စာမျက်နှာ » ၁၉

ကြေးမုံ

# ကောင်းခြင်းအဖြာဖြာပြည့်စုံသည့် နှစ်သစ်မင်္ဂလာအခါတော်နေ့မှသည်

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်ကုန်ဆုံးပြီး ၁၃၈၈ ခုနှစ်သို့ စတင်ကူးပြောင်းရောက်ရှိသည့် မင်္ဂလာရှိသောနေ့တစ်နေ့ဖြစ်သည်။ မြန်မာနှစ်သစ်ကူးပြောင်းရောက်ရှိသည့်နေ့ သို့မဟုတ် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ကောင်းသောအမှုအစုစုတို့ကို မြန်မာတစ်နိုင်ငံလုံး လွှမ်းခြုံပြုလုပ်နေသောနေ့ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအနေဖြင့် ဤနေ့ဤရက်မှစတင်ပြီး ဘေးဘယာမသန်း အေးချမ်းသာယာဝပြောမည့်လက္ခဏာကို ဆောင်ပေသည်။

ပြီးခဲ့သည့် နှစ်သစ်ကူးကာလ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာအတာသင်္ကြန် ရေသဘင်ပွဲတော်ကြီးကို မြန်မာပြည်တစ်ဝန်းလုံးရှိ မြို့များအားလုံး၌ ခြိမ့်ခြိမ့်သဲသဲ ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြပြီးဖြစ်သည်။ မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် တစ်မူထူးခြားဆုံးနှင့် အစည်ကားဆုံးဖြစ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန် ရေသဘင်ပွဲတော်ကြီးသည် အပျော်ဖက်သက်သက်မဟုတ်ဘဲ ကုသိုလ်ကောင်းမှုများနှင့်တွဲဆက်၍ အမြဲမပြတ်ပြုလုပ်ခဲ့ကြသည်ကို နှစ်စဉ်နှစ်တိုင်း ဤနှစ်ဆန်းတစ်ရက်နေ့၌ သက်သေပြလျက်ရှိသည်။

မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်သည် ဘာသာယဉ်ကျေးမှုကိုအခြေခံသည့် လောကီရေးရာအစဉ်အလာဖြစ်သည်။ နှစ်သစ်အဦးအစတွင် မင်္ဂလာအဖြာဖြာတို့ သစ်ဆန်းပြီး မင်္ဂလာတရားတော်နှင့်အညီ ကောင်းမှုအထူးများကို ပြုလုပ်ကြသည်။ နှစ်သစ်ကူးပြောင်းသည့်ကာလတွင် ရဟန်းခံရှင်ပြုမင်္ဂလာပွဲများ ကျင်းပခြင်း၊ အလှူဒါနပွဲများ ခြိမ့်ခြိမ့်သဲဆင်နွှဲကြခြင်း၊ စတုဒိသာအမျိုးမျိုး ကျွေးမွေးကြခြင်း၊ ရဟန်းသံဃာတော်မြတ်များအား ဆွမ်းဘောဇဉ်များကပ်လှူခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များကို ရေသပ္ပာယ်ခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဗုဒ္ဓတရားတော်များ နာကြားခြင်း၊ စေတီဘုရားပုထိုးများအား ရှိခိုးပူဇော်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်း၊ ကျောင်း၊ ကန်၊ ဇရပ်၊ တန်ဆောင်းများသန့်ရှင်းခြင်း၊ သက်ကြီးရွယ်အိုများအား တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်း၊ အမွှေးနံ့သာရေစင်များဖြင့် ရေချိုးသန့်စင်ပေးခြင်း၊ ဘိုးဘွားမိဘ၊ ဆရာသမားများအား ပူဇော်ကန်တော့ခြင်း၊ ရေခန်းလုနီးဖြစ်သော အင်းအိုင်၊ ချောင်းမြောင်းများမှ ငါးများ၊ အသတ်ခံရတော့မည့်ငါးများအား ရေများရာကန်ချောင်းမြစ်များသို့ လွှတ်ပေးခြင်း၊ ကျွဲ၊ နွား၊ သားငှက်တိရစ္ဆာန်တို့ကို ဘေးမဲ့လွှတ်ခြင်း စသည့်ကောင်းမှုမင်္ဂလာအစုစုတို့ကို စုပေါင်းပြုလုပ်ကြသည်။

တိုးတက်ပြောင်းလဲလာသောခေတ်ကာလတွင် အပျော်အပျက်တို့သည် အားကြီးလာသည်ဆိုသော်လည်း ဤကဲ့သို့ နှစ်သစ်ကူးပြောင်းသည့်ကာလတွင် အပျော်တစ်ဖက် ကောင်းမှုဆက်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများ ပျောက်ပျက်မသွားသေးသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်ပီတိဖြစ်ကြရမည်ဖြစ်သည်။ ရှေးကကဲ့သို့ မင်္ဂလာတရား ယဉ်ကျေးမှုအစဉ်အလာများ အားနည်းလာပြီဖြစ်သော်လည်း မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာ ပျော်ရွှင်မှုများနှင့်အတူ ကုသိုလ်ရေးဘက်တွင်လည်း မလျော့ပါးသေးသည်ကိုတွေ့ရသည်။ မည်သို့ပင်ဖြစ်စေ မြန်မာတို့၏ နှစ်သက်မြတ်နိုးဖွယ်ကောင်းသော ယဉ်ကျေးမှုအစဉ်အလာများကို မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းရေးသည် နိုင်ငံသူ နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသောနိုင်ငံဖြစ်သည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို လက်ဆင့်ကမ်းထိန်းသိမ်း စောင့်ရှောက်နေသောနိုင်ငံဖြစ်သည်။ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကို လေးစားမြတ်နိုးတန်ဖိုးထားသော နိုင်ငံ့ခေါင်းဆောင်များ ပေါ်ထွန်းလာနေသည်မှာ ဂုဏ်ယူဝမ်းမြောက်စရာဖြစ်သည်။ ယခု မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်မှ ၁၃၈၈ ခုနှစ်သို့ကူးပြောင်းသည့် အခါကာလတွင် ဒီမိုကရေစီနိုင်ငံသစ်ကို ဆက်လက်တည်ဆောက် အကောင်အထည်ဖော်မည့် နိုင်ငံ့ခေါင်းဆောင်သစ်သည် အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကို လေးစားမြတ်နိုးတန်ဖိုးထားသော ခေါင်းဆောင်ဖြစ်၍ မြန်မာတစ်မျိုးသားလုံးအနေဖြင့် နိုင်ငံ့ခေါင်းဆောင်သစ်၊ အစိုးရသစ်နှင့်အတူ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ အမျိုးသားရေးစရိုက်လက္ခဏာများ မြင့်မားခိုင်ကျည်လာအောင် လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နှစ်သစ်ကူးပြောင်းရောက်ရှိသည့် ယနေ့ကာလတွင် ဒီမိုကရေစီအခင်းအကျင်းသစ်များနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဆက်လက်အကောင်အထည်ဖော်မည့် အစိုးရသစ်တစ်ရပ်ပေါ်ထွက်လာပြီဖြစ်သည်။ နှစ်သစ်ကူးပြောင်းသည့် အချိန်အခါကာလတွင် ပြည်သူများအားလုံး နှလုံးစိတ်ဝမ်းချမ်းမြေ့ကြသည့် ကောင်းသောအမှုများ ပြုလုပ်ကြသကဲ့သို့ နိုင်ငံနှင့် ပြည်သူ အကျိုးစီးပွားကိုရှေးရှုသည့် ကောင်းခြင်းမင်္ဂလာအဖြာဖြာတို့ကို လာမည့်ဒီမိုကရေစီနိုင်ငံတော်သစ်တွင် အစိုးရသစ်နှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း တစည်းတလုံးတည်း တက်ညီလက်ညီ ကြိုးပမ်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ထွန်း ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် လွန်မြောက်၍ ၁၃၈၈ ခုနှစ်သို့ ကူးပြောင်းသော နှစ်သစ်ကူးမင်္ဂလာအခါသမယမှစ၍ မြန်မာနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း ကြေးမုံသတင်းစာက ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ယခုလိုနှစ်သစ်ကူး အခါသမယ၌ ပြည်သူများအနေဖြင့် နှစ်ဟောင်းတွင်ကြုံတွေ့ခဲ့သည့် အခက်အခဲများအားလုံးကို ချန်ထားခဲ့ကာ စိတ်သစ်လူသစ် ခွန်အားသစ်များဖြင့် အစိုးရသစ်နှင့်အတူပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာ ဝပြောစည်ပင်စေရေး အလေးထားဆောင်ရွက်နိုင်ကြပါစေကြောင်း ကြေးမုံသတင်းစာမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ကြေးမုံသတင်းစာတိုက် ဝန်ထမ်းမိသားစု**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေ ၆၇၈၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဧပြီ ၁၆**

စားသုံးသူပြည်သူများ စားသုံးဆီ ဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဧပြီ ၁၇ ရက်မှ ၂၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေ ၆၇၈၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဧပြီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့်ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ၁၆ - ၄ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | အကြီးတန်း | - ခင်မို့မို့အောင်၊ |
| စာတည်းမှူး | - အေးဝမ်းစိုး | သတင်းထောက်များ | ခင်မျိုးနိုင်၊ မာမာစိုး၊ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ | | ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| | ယုဝါဝါ၊ သီသီမင်း၊ | အငယ်တန်း | - အောင်ကျော်ဦး၊ သန်းတင်အောင် |
| | ဟိန်းထက်လင်း၊ သက်ထွေး၊ | သတင်းထောက်များ | ခင်သက်မွန်၊ မြသီတာ |
| | စန်းယဉ်ဦး၊ နိုင်လင်းကြည် | သုတေသန | - ဇင်မာဝင့် |
| | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | စိုးသူရ | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်ကြော်ငြာစာအမှတ် ၃ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက နိုင်ငံတော်အတွက် ထူးကဲစွာ အမှုထမ်းသူ၊ အကျိုးဆောင်သူများဖြစ်သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**သုဓမ္မသင်္ဂဟဘွဲ့**

**မဟာသီရိသုဓမ္မဘွဲ့**

၁။ ဦးညိုစော ဒုတိယသမ္မတ

၂။ ဒေါ်နန်းနီနီအေး ဒုတိယသမ္မတ

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ**

**သတိုးမဟာသရေစည်သူဘွဲ့**

၁။ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း) ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

**မဟာသရေစည်သူဘွဲ့**

၁။ ဦးညိုစော ဒုတိယသမ္မတ

၂။ ဦးခင်ရီ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်

၃။ ဦးအောင်လင်းဒွေး ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံချီဘွဲ့**

၁။ ဦးစိုးဦး အဖွဲ့ဝင်(ငြိမ်း) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ဝဏ္ဏကျော်ထင်ဘွဲ့**

၁။ ဦးဇော်ဝင်း သယံဇာတရေးရာ ဝန်ကြီး(ငြိမ်း) ကရင်ပြည်နယ်အစိုးရအဖွဲ့

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

✪ ရှေ့ဖုံးမှ

ယနေ့ဟာ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်သို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်တာကြောင့် နှစ်ဟောင်းမှာကြုံတွေ့ခဲ့ရတဲ့အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို မိဘပြည်သူများနဲ့အတူ ရင်ဆိုင်ကျော်ဖြတ်ခဲ့ကြရသလိုပဲ အခုနှစ်သစ်မှာလည်း မိမိတို့အားလုံး စည်းလုံးညီညွတ်မှု၊ လုံ့လဝီရိယ၊ မလျှော့သောစွမ်းပကားတို့နဲ့ အောင်မြင်စွာ ဖြတ်သန်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းနိုင်ဖို့အတွက် မူလဦးတည်ရည်မှန်းချက်အတိုင်း လွတ်လပ်ပြီး တရားမျှတမှုအပြည့်အဝရှိတဲ့ အထွေထွေရွေးကောက်ပွဲကြီးကို ဂုဏ်သိက္ခာရှိရှိ အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ခဲ့ပါတယ်။ ဒါဟာလည်း ပါတီစုံဒီမိုကရေစီကို ချစ်မြတ်နိုးတဲ့ မဲဆန္ဒရှင်ပြည်သူများရဲ့ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်မှုကြောင့်ဖြစ်ကြောင်း လေးစားစွာမှတ်တမ်းတင်ပြောကြားလိုပါတယ်။

ယခုလိုထူးခြားတဲ့ နှစ်သစ်ကူးနေ့ထူးနေ့မြတ်အခါသမယမှာ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီအစိုးရအသစ်နဲ့ လွှတ်တော်များဟာလည်း ပြန်လည်အသက်ဝင်လာပြီဖြစ်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် စာမျက်နှာသစ်ကို ဖွင့်လှစ်လိုက်ပြီဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်ဦးဆောင်တဲ့ နိုင်ငံတော်အစိုးရသစ်အနေနဲ့ အခုနှစ်သစ်ကစပြီး တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမအားလုံးတို့ရဲ့ လိုအင်ဆန္ဒများနဲ့ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ ထာဝရငြိမ်းချမ်းရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အောင်မြင်အောင်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲတစ်ယောက်အနေနဲ့ ကတိသစ္စာပြုထားတဲ့အတိုင်း အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ နိုင်ငံနဲ့ပြည်သူအားလုံးအကျိုးကို သစ္စာရှိစွာနဲ့ ဦးထိပ်ပန်ဆင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနဲ့ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ နိုင်ငံတော်တည်ငြိမ်ရေး၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးရရှိရေးဟာ အလွန်အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့အစိုးရအနေနဲ့ ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း တစိုက်မတ်မတ်အလေးထားဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ငြိမ်းချမ်းရေးပန်းတိုင်ဟာ မဖြစ်သင့်မဖြစ်ထိုက်တဲ့ ပဋိပက္ခတွေကြောင့် အလှမ်းဝေးနေဆဲဖြစ်ပါတယ်။ ဒါ့ကြောင့် လက်နက်ကိုင်ပဋိပက္ခတွေကြောင့် နိုင်ငံမှာဖြစ်ပေါ်ခဲ့ရတဲ့ ထိခိုက်ဆုံးရှုံးမှုတွေကို ထောက်ရှုပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းအားလုံး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး နိုင်ငံရေးလမ်းကြောင်းကတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းဆောင်ရွက်သွားကြဖို့ အလေးအနက်တိုက်တွန်းလိုပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ထာဝရဖွင့်ထားပြီး လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ ဒီ့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးတည်ဆောက်မှုနဲ့အတူ တစ်ဆက်တည်းမှာပဲ နိုင်ငံရဲ့အဓိကလိုအပ်ချက်ဖြစ်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့လူဦးရေ ဝလေ့ထုံးတမ်းအစဉ်အလာ၊ ပထဝီအနေအထားနဲ့ သဘာဝအရင်းအမြစ်တွေအရ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေကို နည်းလမ်းတကျဆောင်ရွက်ပြီး ထုတ်ကုန်များကို တိုးမြှင့်ကြဖို့လိုအပ်ပါတယ်။ အဲဒီကတစ်ဆင့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်တွေအပေါ်မှာအခြေပြုတဲ့ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSMEs) တွေကို အားပေးမြှင့်တင်ပြီး ပြည်တွင်းစားသုံးမှုလိုအပ်ချက်ဖူလုံတဲ့အပြင် ပြည်ပကိုတင်ပို့နိုင်တဲ့အထိ ကုန်ထုတ်လုပ်မှုကဏ္ဍမြင့်မားအောင် ဆောင်ရွက်ကြမယ်ဆိုရင် တစ်ဦးချင်းကအစ နိုင်ငံတော်အဆင့်ထိ ဖွံ့ဖြိုးတိုးတက်လာမယ်ဆိုတာ အသိပေးပြောကြားလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများ ခင်ဗျား**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းရေးတို့အတွက် အဓိကလိုအပ်ချက်ကတော့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူအားလုံး အသိပညာ၊ အတတ်ပညာမြင့်မားရေးပဲဖြစ်ပါတယ်။ ပညာရည်နိမ့်ပါးသူတွေနဲ့ နိုင်ငံတော်ကို တိုးတက်ဖို့၊ ရှေ့ဆက်လျှောက်လှမ်းဖို့ ခက်ခဲနေမှာဖြစ်တယ်ဆိုတာ ဒီနေ့ကြုံတွေ့နေရတဲ့ဖြစ်စဉ်တွေက သက်သေပြနေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါ့ကြောင့် အနာဂတ်နိုင်ငံအတွက် အင်အားသစ်တွေဖြစ်တဲ့ ကျောင်းသား ကျောင်းသူ လူငယ်များဟာ ပညာရေး၊ ကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်ကောင်းမွန်ခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်းစတဲ့ ဗလငါးတန်နဲ့ ပြည့်ဝကြဖို့ လိုပါတယ်။ ဒါမှသာ နိုင်ငံ့ရှေ့ရေးဟာ ဘက်စုံပြည့်ဝထူးချွန်တဲ့ လူတော်လူကောင်းလူငယ်တွေရဲ့ ဦးဆောင်မှုနဲ့ အများကြီးပြောင်းလဲပြီး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ တစ်ဦးချင်းကအစ တစ်မျိုးသားလုံး စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ရေးနဲ့ အတွေးအခေါ်အယူအဆ ဆင်ခြင်တုံတရားပြည့်ဝဖို့ အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့လည်း အဲဒီအခြေခံဖြစ်တဲ့ ပညာရေးကဏ္ဍနဲ့ ကျန်းမာရေးကဏ္ဍကို ဆက်လက်မြှင့်တင်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်ဒီနေ့လူငယ်တွေကို အတတ်ပညာသာမက အသိပညာပါ ထက်မြက်ပြီး အနာဂတ်အတွက် အားကိုးအားထားဖြစ်နိုင်မယ့် ဘက်စုံထူးချွန်သူများဖြစ်အောင် မိဘများ၊ ဆရာ ဆရာမများနဲ့ တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြပါလို့ အလေးအနက်ထားမှာကြားလိုပါတယ်။

နောက်တစ်ချက်ကတော့ ပြည်တွင်းစည်းလုံးညီညွတ်မှုကို နည်းမျိုးစုံနဲ့ ဖြိုခွဲပြီး တိုင်းပြည်ကို ဒုက္ခရောက်အောင် လုပ်ဆောင်နေကြတဲ့ ပြည်တွင်းပြည်ပ ပယောဂများနဲ့ အဖျက်အမှောင့်တွေရဲ့ အန္တရာယ်ကို သတိတရားနဲ့ မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ကြဖို့ အလွန်အရေးကြီးပါတယ်။ ဒီနေ့နိုင်ငံတော်မှာဖြစ်ပျက်နေတဲ့ အဖျက်အမှောင့်တွေနဲ့ ဆူပူအကြမ်းဖက်မှုတွေရဲ့ အခြေခံဟာ ဒါပဲဖြစ်ပါတယ်။ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုတဲ့ ယုံကြည်ခံယူချက်နဲ့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူအားလုံးဟာ နိုင်ငံချစ်စိတ်၊ တိုင်းပြည်နဲ့ လူမျိုးကို ချစ်တဲ့စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်တွေနဲ့ နိုင်ငံကိုတည်ဆောက်သွားကြရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အားလုံးဟာ **“ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်”** **“ရေကိုသား၍ ကြားမထင်”** ဆိုတဲ့ စကားတွေနဲ့အညီ ချစ်ကြည်ရင်းနှီးစည်းလုံးညီညွတ်မှုအပြည့်အဝနဲ့ သာယာလှပတဲ့ နိုင်ငံတော်သစ်ကို စိတ်တူကိုယ်တူ တည်ဆောက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများ ခင်ဗျား**

နှစ်သစ်ကို မျှော်လင့်ချက်အသစ်တွေနဲ့ ကျွန်တော်တို့အားလုံး အတိတ်က ခါးသီးမှုအတွေ့အကြုံတွေကို သင်ခန်းစာယူပြီး သာယာဝပြောတဲ့ နိုင်ငံတော်သစ်ဆီကို ညီညီညွတ်ညွတ် အတူတကွ လျှောက်လှမ်းကြဖို့ ပြောကြားလိုပါတယ်၊ **“စည်းလုံးခြင်းသည် အင်အား”** ဆိုတဲ့အတိုင်း ကျွန်တော်တို့အားလုံးဟာ စည်းလုံးညီညွတ်မှု ခိုင်မြဲနေမယ်ဆိုရင် ဘယ်လိုအခက်အခဲမျိုးမဆို ကျော်ဖြတ်အောင်မြင်နိုင်မယ်လို့ ကျွန်တော်အပြည့်အဝယုံကြည်ပါတယ်။ ဒါ့ကြောင့်လည်း အနာဂတ်နိုင်ငံတော်အတွက် မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးရဲ့ ပူးပေါင်းပါဝင်မှုဟာ အလွန်အရေးကြီးကြောင်းနဲ့ ကျွန်တော့်အနေနဲ့ များစွာတန်ဖိုးထားမျှော်လင့်ပါကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ယနေ့မြန်မာနှစ်ဆန်းတစ်ရက်နေ့ကစပြီး မြန်မာပြည်တွင်း မှီတင်းနေထိုင်ကြတဲ့ မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ပြည်ပမှာနေထိုင်ကြတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ ဟန်ချက်ညီစွာနဲ့ မေတ္တာတရား လက်ကိုင်ထားလျက် ခရီးဆက်နိုင်ကြပါစေကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး တိုးမြှင့်ထမ်းဆောင်နိုင်ကြပါစေကြောင်းနဲ့ အန္တရာယ်ဟူသမျှ ကင်းဝေးကြပါစေကြောင်း နှစ်သစ်အခါသမယဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

> **နှစ်သစ်ကို မျှော်လင့်ချက်အသစ်တွေနဲ့ ကျွန်တော်တို့အားလုံး အတိတ်က ခါးသီးမှုအတွေ့အကြုံတွေကို သင်ခန်းစာယူပြီး သာယာဝပြောတဲ့ နိုင်ငံတော်သစ်ဆီကို ညီညီညွတ်ညွတ် အတူတကွလျှောက်လှမ်းကြဖို့ ပြောကြားလိုပါတယ်၊ “စည်းလုံးခြင်းသည် အင်အား” ဆိုတဲ့အတိုင်း ကျွန်တော်တို့အားလုံးဟာ စည်းလုံးညီညွတ်မှုခိုင်မြဲနေမယ်ဆိုရင် ဘယ်လိုအခက်အခဲမျိုးမဆို ကျော်ဖြတ်အောင်မြင်နိုင်မယ်လို့ ကျွန်တော် အပြည့်အဝယုံကြည်ပါတယ်။ ဒါ့ကြောင့်လည်း အနာဂတ်နိုင်ငံတော်အတွက် မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးရဲ့ ပူးပေါင်းပါဝင်မှုဟာ အလွန်အရေးကြီးကြောင်းနဲ့ ကျွန်တော့်အနေနဲ့ များစွာတန်ဖိုးထားမျှော်လင့်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော မိဘပြည်သူများ၊ တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး မြန်မာ့နှစ်သစ်ကူး အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယခုနှစ် နှစ်သစ်ကူးကာလမှာ နိုင်ငံသားအားလုံး လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြန်လည်ကူးပြောင်းစတင် လျှောက်လှမ်းနေတဲ့ အချိန်နဲ့ တိုက်ဆိုင်နေတာကြောင့် ယမန်နှစ်များထက် ပိုမိုထူးခြားလေးနက်ပြီး မင်္ဂလာကျက်သရေ ပိုမို ပြည့်ဝလျက်ရှိပါတယ်။ နှစ်သစ်မှာ တိုင်းရင်းသားပြည်သူအားလုံးရဲ့ ဆန္ဒနဲ့အညီ ထာဝရငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကျွန်တော်တို့အားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူများရဲ့ လူမှုစီးပွားဘဝများ အဘက်ဘက်က မြင့်မားတိုးတက်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ပြည်ထောင်စုကြီးရဲ့ ရှေ့ဆက်ရမယ့် ခရီးလမ်းဖြောင့်ဖြူးသာယာအောင်မြင်စေဖို့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်မှု၊ နားလည်မှု၊ ယုံကြည်မှု၊ အပြန်အလှန်တန်ဖိုးထားလေးစားမှု၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်တွေကို မြှင့်တင်ပြီး စုပေါင်းအင်အားနဲ့ အကောင်အထည်ဖော် တည်ဆောက်သွားကြပါစို့လို့ ဆန္ဒပြုတိုက်တွန်းအပ်ပါတယ်။

ယခုနှစ်သစ်ကစပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးလိုအင်ဆန္ဒ မှန်သမျှ ပြည့်ဝကြပါစေ၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် နိုင်ငံနှင့် ပြည်သူတို့ကို အကျိုးပြုနိုင်သူများ ဖြစ်ကြပါစေ၊ အေးချမ်းသာယာစွာနဲ့ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်ကြပါစေလို့ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများရှင့်**

၂၀၂၆ ခုနှစ် မြန်မာနှစ်သစ်ကူးအခါသမယမှာ မိဘပြည်သူများနှင့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။

ယခုအချိန်မှာ ကျွန်မတို့ မြန်မာနိုင်ငံတော်ကြီးဟာ ပြည်သူများလိုလားတောင့်တချက်နှင့်အညီ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ပြန်လည်ရောက်ရှိပြီး နိုင်ငံတော်သစ်ကြီးကို စတင်တည်ဆောက်အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ နိုင်ငံတော်သစ်တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ထာဝရငြိမ်းချမ်းရေးတို့ကို ကျွန်မတို့ နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားကြဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်ရှေ့ဆက်ရမယ့် ခရီးကိစ္စအဝဝအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးဟာ အဓိကကျပါတယ်။ ဒါ့ကြောင့် ဒီနေ့ ကျွန်မတို့ ကြုံတွေ့နေရတဲ့ ဆူပူအကြမ်းဖက်မှုတွေနဲ့ လက်နက်ကိုင် တိုက်ပွဲတွေ အမြန်ချုပ်ငြိမ်းပြီး ဆွေးနွေးညှိနှိုင်း အဖြေရှာကြဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ မိဘပြည်သူများ အားလုံးက နိုင်ငံတော် ငြိမ်းချမ်းသာယာရေးကို အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။



ဆက်လက်ပြီးတော့ ပြည်သူများ လိုအင်ဆန္ဒနဲ့အညီ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို အတူတကွ လက်တွဲတည်ဆောက်ကြဖို့နဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။ ငြိမ်းချမ်းသာယာတဲ့ လူမှုပတ်ဝန်းကျင်ကို တည်ဆောက်ပြီး ပြည်သူအားလုံးရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေနဲ့ စည်းလုံးညီညွတ်သောအင်အား၊ ပြည်ထောင်စုစိတ်ဓာတ်တို့နဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ပေးကြပါ၊ နိုင်ငံနဲ့လူမျိုးအကျိုးကို ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစား ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းရင်း အားလုံး နှစ်သစ်ကစပြီး ဘဝတစ်လျှောက်လုံး ရွှင်လန်းချမ်းမြေ့ကြပါစေ၊ အေးချမ်းသာယာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်သို့ တက်ရောက် ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ရိုးရာသင်္ကြန်အစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည့် နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်သို့ သွားရောက်၍ သင်္ကြန်ပွဲတော် ဆင်နွှဲနေမှုကို တက်ရောက် ကြည့်ရှုအားပေးသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်သို့ ရောက်ရှိရာ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်းနှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်နှင့်ဇနီး၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်းနှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ နိုင်ငံကျော် အနုပညာရှင်များ၊ တေးသံရှင်များက လာရောက်ပါဝင်ဆင်နွှဲကြသည့် သင်္ကြန်ချစ်ပရိသတ်များအကြိုက် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှု များကိုလည်းကောင်း၊ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ခရိုင်နှင့်မြို့နယ်များမှ သင်္ကြန်ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို လည်းကောင်း ကြည့်ရှုအားပေးပြီး ကပြဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ သင်္ကြန်ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

**သတင်းစဉ်**

- ❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။

# ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၊ ပျဉ်းမနားမြို့နယ်နှင့် နေပြည်တော် လမ်းလျှောက်သင်္ကြန်တို့သို့ လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး ဒေါ်စမ်းစမ်းအေးတို့သည် ယနေ့တွင် နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၊ ပျဉ်းမနားမြို့နယ်နှင့် နေပြည်တော်လမ်းလျှောက်သင်္ကြန်တို့သို့ သွားရောက်၍ မြန်မာ့ရိုးရာသင်္ကြန်အစဉ်အလာနှင့်အညီ သင်္ကြန်ပွဲတော်ဆင်နွှဲနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ဒုတိယသမ္မတနှင့် ဇနီးတို့သည် နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်သို့ ရောက်ရှိကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးတို့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ နိုင်ငံကျော်တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့် ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးတို့သည် ပျဉ်းမနားမြို့နယ် လမ်းလျှောက်သင်္ကြန်ပွဲတော်သို့ သွားရောက်၍ ဗဟိုမဏ္ဍပ်၌ အဆိုတော်များ၏ သီဆိုဖျော်ဖြေမှုများ၊ သင်္ကြန်ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများနှင့် ပြည်သူများ သင်္ကြန်ပွဲတော်၌ တပျော်တပါး ပါဝင်ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ တာဝန်ရှိသူများ နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ ပြည်သူများ စိတ်အေးချမ်းပျော်ရွှင်စွာ အတာရေသဘင်ပွဲဆင်နွှဲနေမှုကို ကြည့်ရှုအားပေးစဉ်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ဇနီးတို့သည် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ နေပြည်တော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့် နေပြည်တော်လမ်းလျှောက်သင်္ကြန်သို့ သွားရောက်၍ ဝန်ကြီးဌာနအလိုက် ရေကစားမဏ္ဍပ်များတွင် ပြည်သူများ စိတ်အေးချမ်းပျော်ရွှင်စွာ အတာရေသဘင်ပွဲဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးပြီး ပြည်သူများနှင့်အတူ မြန်မာ့ရိုးရာအတာသင်္ကြန်ကို ပါဝင်ဆင်နွှဲခဲ့သည်။

သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး နေပြည်တော်လမ်းလျှောက်သင်္ကြန်သို့ သွားရောက်ကြည့်ရှုအားပေး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး နိုင်ငံကျော်အဆိုတော်များ၏ သင်္ကြန်သီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဧပြီ ၁၆

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီးတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် နေပြည်တော်ရင်ပြင်၌ ကျင်းပသည့် လမ်းလျှောက်သင်္ကြန်သို့ သွားရောက်၍ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဇနီးနှင့်အဖွဲ့သည် ဥဏ္ဏသိဒ္ဓိမိသားစု မဟာသင်္ကြန်ရေကစားမဏ္ဍပ်သို့သွားရောက်၍ နိုင်ငံကျော်အဆိုတော်များ၏ သင်္ကြန်သီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်နေမှုနှင့် ယိမ်းအကအဖွဲ့များ၏ အကအလှများဖြင့် ကပြဖျော်ဖြေနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဇနီးနှင့်အဖွဲ့သည် လမ်းလျှောက်သင်္ကြန် ဧရိယာအတွင်း ဝန်ကြီးဌာနအလိုက် ရေကစားမဏ္ဍပ်များတွင် ပြည်သူများ အတာရေသဘင်ပွဲဆင်နွှဲနေမှုနှင့် ဌာနအလိုက် ဝန်ထမ်းများက စတုဒိသာအကျွေးအမွေးများဖြင့် တည့်ခင်းဧည့်ခံနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးပြီး သင်္ကြန်ပွဲတော်ကို ပြည်သူများနှင့် အတူတကွ ပါဝင်ဆင်နွှဲခဲ့သည်။ သတင်းစဉ်

## ကျောင်းကုန်းမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန် ပိတ်ပွဲကျင်းပ

ကျောင်းကုန်း ဧပြီ ၁၆

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက ကျေးဇူးတင်စကားပြောကြားပြီး ယိမ်းအဖွဲ့ကိုးဖွဲ့နှင့် တေးသံရှင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ယိမ်းအဖွဲ့များက "မန်းတောင်ရိပ်ခို" သီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။ ယခုနှစ်တွင် လမ်းလျှောက်သင်္ကြန်နှင့် မြန်မာ့ရိုးရာသနပ်ခါးသင်္ကြန်မဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ ဝင်းကြိုင်(ပြန်/ဆက်)







အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ပိတ်ပွဲအခမ်းအနားတွင် သင်္ကြန်ယိမ်းအဖွဲ့များ၏ စုပေါင်းကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

# နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၁၆

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ရေကစားမဏ္ဍပ်၌ ကျင်းပသည်။

ပိတ်ပွဲအခမ်းအနားသို့အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ တေးသံရှင်များ၊ သင်္ကြန်ယိမ်းအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နှစ်သစ်ကူးနှုတ်ခွန်းဆက် ဆုတောင်းစကားပြောကြားပြီး နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ပိတ်သိမ်းကြောင်း ကြေညာသည်။

ထို့နောက် သင်္ကြန်ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခို တေးသီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေကြရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌတို့က သပြေခက်ဖြင့် အတာရေပက်ဖျန်းပေးကြပြီး အခမ်းအနားကို ပိတ်သိမ်းလိုက်သည်။

သတင်းစဉ်

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

**လေးစား အပ်ပါသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ မိဘပြည်သူ ညီအစ်ကို မောင်နှမအပေါင်းတို့ခင်ဗျား–**



မြန်မာ့နှစ်သစ်အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၍ ဘေးဘယာဝေးကွာပြီး တိုးတက်အောင်မြင်ကြပါစေကြောင်း ကျွန်တော် ဦးခင်ရီ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော် တစ်ရပ်လုံးရဲ့ ကိုယ်စား ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့အချိန်အခါဟာ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်မှ နှစ်သစ်ဖြစ်တဲ့ ၁၃၈၈ ခုနှစ်သို့ ကူးပြောင်းရောက်ရှိလာတဲ့ ကာလဖြစ်ပြီး နိုင်ငံတော် အတွင်းမှာလည်း အစိုးရသစ်နဲ့ နိုင်ငံရေးအခင်းအကျင်းအသစ်တွေ ပေါ်ပေါက်ခဲ့ပြီလည်း ဖြစ်ပါတယ်။

လက်ရှိ အခြေအနေမှာ ကျွန်တော်တို့ရဲ့ ဥပဒေပြုမဏ္ဍိုင်အဖြစ် လွှတ်တော်များလည်း ပြန်လည်ဖြစ်ပေါ်လာတာနဲ့အမျှ လွှတ်တော်တွေရဲ့ အဓိကဆောင်ပုဒ်ဖြစ်တဲ့ **“ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ရဲ့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်”** ဆိုတဲ့အတိုင်း– နိုင်ငံသူ နိုင်ငံသားတို့ရဲ့ ရင်တွင်းက အသံတွေ၊ ဖြစ်ချင်ကြတဲ့ ဆန္ဒတွေနဲ့ မျှော်လင့်ချက်တွေကို ဖြည့်ဆည်း ဆောင်ရွက်ပေးဖို့က ကျွန်တော်တို့ လွှတ်တော်ရဲ့ အန္တိမရည်မှန်းချက်လည်း ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ဒီရည်မှန်းချက်တွေ အောင်မြင်ရေးအတွက် လွှတ်တော်အတွင်းမှာ နိုင်ငံတစ်ဝန်း မဲဆန္ဒနယ်မြေအသီးသီးက ပြည်သူတွေရွေးချယ်ခဲ့ကြတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဟာ လွှတ်တော်အတွင်းမှာ သော်လည်းကောင်း၊ လွှတ်တော်ရပ်နားထားချိန်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်မြေတွေမှာ သော်လည်းကောင်း၊ ရောက်ရှိနေကြမှာဖြစ်ပြီး ပြည်သူတွေရဲ့ အကျိုးအတွက် ပူးပေါင်းဆောင်ရွက်မှု တာဝန်တွေကို စတင်ထမ်းဆောင်နေကြပြီလည်းဖြစ်ပါတယ်။ အဲဒီနောက်မှာ နိုင်ငံတော်အစိုးရနဲ့ ချိတ်ဆက်ပြီး ပြည်သူ့ဆန္ဒကို ဖော်ဆောင်ပေးနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်းလည်း အသိပေး ပြောကြားလိုပါတယ်။

**မိဘပြည်သူညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား –**

ကျွန်တော်တို့ လွှတ်တော်ဟာ ဥပဒေပြုရေး တာဝန်ကိုလည်း ထမ်းဆောင်ရမှာဖြစ်လို့ တည်ဆဲဥပဒေများကို ပြန်လည်ဆန်းစစ်ခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ လိုအပ်ပါက အသစ်ပြဋ္ဌာန်းခြင်း စတာတွေနဲ့ ပြည်သူတွေအားလုံး ဥပဒေရဲ့ အကာအကွယ်အောက်မှာ အပြည့်အဝစိတ်အေးချမ်းသာ နေနိုင်ဖို့လည်း ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ရဲ့ရည်မှန်းချက်တာဝန်ဖြစ်တဲ့ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်ထွန်းပေါ်ပေါက်လာဖို့အတွက် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ပြည်သူ အချိတ်အဆက်မိမိ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများရဲ့ လိုအင်ဆန္ဒနဲ့ မျှော်မှန်းချက်တွေကို ဖော်ဆောင်ပေးနိုင်ဖို့ ကျွန်တော်တို့ လွှတ်တော်က အထူးကြိုးစား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မိဘပြည်သူညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား –**

နိဂုံးချုပ်အနေနဲ့ နှစ်ဟောင်းမှာ ကြုံခဲ့ရတဲ့ အခက်အခဲနဲ့ မအောင်မြင်မှုတွေကို အေးချမ်းတဲ့အတာရေသဘင်နဲ့ ဆေးကြောသန့်စင်နိုင်ပြီး နှစ်သစ်မှာ ဘေးကင်း ရန်ကင်းကွာ ကောင်းကျိုးလိုရာ ဆန္ဒများ ပြည့်ဝကြပါစေ။

ပြည်သူများအနေနဲ့ ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ယုံကြည်စွာ လက်တွဲပြီး ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေ။

အနာဂတ်မှာ ပိုမိုခိုင်မာ ပြည့်မြန်မာကြီး ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ယခုနှစ်သစ်ကစလို့ နားလည်မှု၊ စာနာမှု၊ ခွင့်လွှတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ အတူရှေ့ခရီးကို ဦးတည်သွားကြပါစို့လို့ ပြင်းပြတဲ့ဆန္ဒနဲ့ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားအပ်ပါတယ်ခင်ဗျား။

မိဘပြည်သူ နိုင်ငံသူနိုင်ငံသားအားလုံး အေးချမ်း၊ သာယာ၊ ငြိမ်းချမ်း၊ ပြည့်စုံနိုင်ကြပါစေ။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၏ မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကား



မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်ကနေ ၁၃၈၈ ခုနှစ်ကို ကူးပြောင်းတဲ့ နှစ်သစ်ကူး နှစ်ဦးအချိန်အခါမှာ နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ် ခင်ဗျား။

မြန်မာတို့ရဲ့ ရှေးအစဉ်အဆက် အစဉ်အလာများအတိုင်း ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် ကမ္ဘာက အသိအမှတ်ပြုခံထားရတဲ့ မြန်မာတို့ရဲ့ မဟာသင်္ကြန်ပွဲတော်မှာ နှစ်ဟောင်းက ကိုယ်စိတ်နှစ်ပါး အညစ်အကြေးတွေကို အတာရေအေးနဲ့ ဆေးကြောသန့်စင်ပြီး နှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့အတူ လူမှုစီးပွားဘဝများ တိုးပွားကြွယ်ဝအောင် စွမ်းဆောင်နိုင်ကြပါစေကြောင်း ထပ်လောင်းလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ဒီနှစ်သစ်ဟာ ထူးခြားစွာနဲ့ပဲ နှစ်ဟောင်းနှစ်သစ် အကူးအပြောင်း ကာလလေးမှာ ပြည်သူတွေ ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်ကြီးများရဲ့ ဥပဒေပြုလွှတ်တော်နဲ့ နိုင်ငံတော်အစိုးရသစ်တို့ ပေါ်ထွန်းလာကာ နှစ်သစ်ကို လူသစ်စိတ်သစ်နဲ့ ကူးပြောင်းလာကြတာပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ မျှော်မှန်းထားတဲ့ စစ်မှန် စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်ဖို့ဆိုရင် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံနဲ့ တက်ညီလက်ညီ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

မိဘပြည်သူ နိုင်ငံသူနိုင်ငံသား၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေနဲ့လည်း အမိမြန်မာ နိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာမှာ စုစည်းညီညာစွာနဲ့ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြမယ်လို့ ယုံကြည်ပါတယ်။

ဥပဒေပြုရေး မဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်များ အနေနဲ့လည်း နိုင်ငံတော်ရဲ့ အကျိုး၊ ပြည်သူလူထု တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ အကျိုးကို အစဉ်တစိုက်ရှေးရှုပြီး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း နှစ်သစ်ကူး နှစ်ဦးအချိန်အခါမှာ မိဘပြည်သူများကို ကတိပြုတင်ပြလိုပါတယ်။

မိဘပြည်သူ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး နှစ်သစ်မှာ ပျော်ရွှင်ချမ်းမြေ့ကြပါစေ။

## မော်လမြိုင်ကျွန်းမြို့နယ်တွင် မဟာသင်္ကြန်အတက်နေ့ ရေကစားသူများဖြင့် စည်ကား

**မော်လမြိုင်ကျွန်း ဧပြီ ၁၆**

ဧရာဝတီတိုင်း ဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်၌ မဟာသင်္ကြန်အတက်နေ့ နံနက်ပိုင်းတွင် အမှတ် (၅) ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနှင့် (၁၃) လမ်းထောင့်ရှိ ဗဟိုမဏ္ဍပ် အပါအဝင် ရေကစားမဏ္ဍပ်များ၊ သနပ်ခါးမဏ္ဍပ်၊ လက်ဖက်မဏ္ဍပ်နှင့် ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာအလှူကျွေးမွေးခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။



အဆိုပါမဏ္ဍပ်များတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း လမ်းလျှောက်သင်္ကြန်ပွဲတော်အား ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## တောင်ငူမြို့၌ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ပိတ်ပွဲ ကျင်းပ

**တောင်ငူ ဧပြီ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ပိတ်ပွဲကို ယနေ့ညနေပိုင်းက ဗိုလ်မှူးဖိုးကွန်းလမ်း ကေတုမတီမုခ်ဦးရှေ့၌ ကျင်းပသည်။

**အောင်မြင်စွာ ပိတ်သိမ်း**

ဦးစွာ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားပြီး ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ



မဟာသင်္ကြန် ပွဲတော်အား မန်းတောင်ရိပ်ခို သီချင်းဖြင့် ယိမ်းအကဖွဲ့များ ကပြဖျော်ဖြေ၍ အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

ရန်ကုန်တိုင်း ဒေသကြီး သန်လျင်မြို့နယ် မြန်မာ့ရိုးရာ မဟာသင်္ကြန် ဗဟိုမဏ္ဍပ် ပိတ်ပွဲကို မဟာသင်္ကြန်အတက်နေ့ ဧပြီ ၁၆ ရက် ညနေ ၆ နာရီက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးတင့်က ဖျော်ဖြေရေး ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ သန်းဝင်း(သန်လျင်)



## အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ချီးမြှင့်တော်မူအပ်သော ချမ်းသာပွားကြောင်း နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ယနေ့သည် မြန်မာတို့၏ ၁၃၈၇ ခုနှစ်ဟု ဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၁၃၈၈ ခုနှစ်ဟု ဆိုအပ်သော မြန်မာနှစ်သစ်ကာလ ချိန်ခါသမယသို့ စတင်ရောက်ရှိသည့် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ယခုကဲ့သို့ မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံသော နှစ်သစ်မင်္ဂလာအချိန်အခါမှစ၍ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့သည် "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား" ဟူသော သဗ္ဗညုတ ဉာဏသခင် မြတ်စွာဘုရားရှင်တို့၏ ဩဝါဒဓမ္မဒေသနာတော်နှင့်အညီ မကောင်းသောအကျိုးကို ပေးတတ်သော အကုသိုလ်၊ ဒုစရိုက်တရားများကို ရှောင်ကြဉ်ကြလျက် ကောင်းသောအကျိုးကိုပေးတတ်သော ဒါန၊ သီလ၊ ဘာဝနာ ဟုဆိုအပ်သော ကုသိုလ်တရားများကို ကြိုးစားမယုတ်၊ အားထုတ်ကြ၍ မိမိတို့၏ စိတ်အစဉ်ကို သတိ၊ ပညာတို့ဖြင့် ဖြူစင်အောင် ထိန်းသိမ်းစောင့်ရှောက်ကြပြီး ဘေးဥပါဒ်အန္တရာယ်ရန်စွယ်အပေါင်း မကောင်းဟူသမျှ ပြစ်ဒေါသတို့မှ ကင်းပကြလျက် ယခုမျက်မှောက်ဘဝ၌ မိမိတို့အလိုရှိအပ်၊ တောင့်တအပ်သော ကောင်းကျိုးချမ်းသာ အဖြာဖြာတို့နှင့် ပြည့်စုံကြစေရန်...

"လူ့ပြည်ဘဝ၊ လူ့လောက၌၊ ထကြွရေးရာ၊ လိမ္မာစွာနှင့်၊ ဖွေရှာရငြား၊ ဥစ္စာများကို၊ ပျက်ပြားမပျောက်၊ ယွင်းမထောက်အောင်၊ စောင့်ရှောက်နိုင်ထ၊ သီလ၊ သဒ္ဓါ၊ ပညာရှိပေါင်း၊ မိတ်ကောင်းအမြဲ၊ မှီဝဲပေါင်းဖော်၊ မမော်မကြွား၊ ပလွှားမဝါ၊ မျှကာသက်မွေး၊ ကျင့်ရေးစတု၊ ဤလေးခုတို့၊ ယခုဒိဋ္ဌ၊ ပစ္စက္ခ၌၊ ဟိတချမ်းသာ၊ ပွားကြောင်းလာ၏ ဟူသော မဃဒေဝလင်္ကာသစ်၌ မိန့်ဆိုထားသည်နှင့်အညီ...

– ဤလူ့ဘဝ လူ့လောက၌ ထကြွလုံ့လ ဝီရိယရှိပြီး ကျွမ်းကျင်လိမ္မာစွာဖြင့် ရှာဖွေရရှိထားသော မိမိတို့၏ ဥစ္စာပစ္စည်းများကို ရေ၊ မီး စသော ရန်သူမျိုးငါးပါးတို့ မလုယက်၊ မဖျက်ဆီးနိုင်အောင် စောင့်ရှောက်ကာကွယ်ထားခြင်း၊

– သဒ္ဓါ၊ သီလစသော သူတော်ကောင်းတရားတို့နှင့်ပြည့်စုံ၍ လောကရေးဓမ္မရေး၌ တိုးတက်ကြီးပွားကြောင်း နည်းလမ်းကောင်းကို ညွှန်ပြတတ်သော ပညာရှိ၊ မိတ်ကောင်းဆွေကောင်းတို့ကို မှီဝဲဆည်းကပ်ပေါင်းဖော်ခြင်း၊

– အမျိုး၊ ပညာ၊ ဥစ္စာ စသော ဂုဏ်များဖြင့် မိမိကိုယ်ကိုမြှောက်၍ သူတစ်ပါးတို့ကို မထီမဲ့မြင်မပြုဘဲ မော်ကြွားပလွှား၍ မနေခြင်း၊

– ဥစ္စာရွှေငွေ အဝင်များ၍ အထွက်နည်းအောင် ညီညွတ်မျှတသော အသက်မွေးမှုမျိုးဖြင့် အသက်မွေးခြင်း ဟူသော တရားလေးပါးတို့ကို ပြည့်စုံအောင် ဆောင်ရွက်နိုင်ကြပြီး ယခုပစ္စုပ္ပန်ဘဝ နှစ်သစ်မင်္ဂလာ ကောင်းမြတ်သောအချိန်အခါမှစ၍ စည်းစိမ်ချမ်းသာအဖြာဖြာတို့ ကြီးပွားတိုးတက်နိုင်ကြပါစေကြောင်း မွန်မြတ်သော အာသီသမနသိကာရ စိတ်ထားကောင်းဖြင့် ဆုတောင်းပတ္ထနာပြုအပ်ပါသတည်း။



## ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရ မေဒိနီစာသင်တိုက်ကြီး၏ ဦးစီးပဓာနမဟာနာယကဆရာတော် သာ - သီ - ဓ၊ ဂဏဝါစက၊ ပါဠိပါရဂူ၊ ဝိနယပါရဂူ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဘိဓဇ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိက ဘဒ္ဒန္တကောဝိဒဓဇ ချီးမြှင့်တော်မူအပ်သော နှစ်ကူးမင်္ဂလာ နှုတ်ခွန်းဆက်တရားတော်

၁၃၈၇ ခုနှစ်ဟု ဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၁၃၈၈ ခုနှစ်ဟု ဆိုအပ်သော နှစ်သစ်မင်္ဂလာသို့ ရောက်ရှိသည့် အချိန်အခါမှစ၍ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့၊ ယခုကဲ့သို့ မင်္ဂလာရှိသော နှစ်သစ်အခါသမယတွင် ဘုန်းကြီးတို့၏ နိုင်ငံတစ်ဝန်း မှီတင်းနေထိုင်ကြသော သူတော်စင် ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မာတို့၏ နေခြင်းတရားလေးပါး၊ တစ်နည်းအားဖြင့် အရိယာတို့၏ နေခြင်းတရားလေးပါးဖြင့် မင်္ဂလာရှိကြပါစေကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်ကောင်းချီးမင်္ဂလာပြုပါသည်။

ဘုန်းကြီးအနေဖြင့် ပရိသတ်အပေါင်း သူတော်ကောင်းတို့အတွက် နှစ်ဟောင်းကို နှုတ်ဆက်၍ နှစ်သစ်ကို ကြိုဆိုသောအားဖြင့် ဓမ္မလက်ဆောင် အနည်းငယ်ပေးသွားမှာပါ။

ယနေ့သည် နှစ်ဟောင်းတစ်နှစ် ကုန်ဆုံးပြီး နှစ်သစ်တစ်နှစ်ကို ကြိုဆိုသည့် ထူးခြားသည့် အချိန်အခါသမယလည်းဖြစ်ပါသည်။ ဘုန်းကြီးတို့ကော၊ ဒို့ဒါယကာ၊ ဒါယိကာမတို့ပါ ဖြတ်သန်းနေကြရသည့် လူသားတို့၏ဘဝတွင် ကာလဟူသော "အချိန်" သည် အလွန်တန်ဖိုးကြီးမားလှပါသည်။ ကုန်ပြီးသမျှ အချိန်ဟူသမျှ ပြန်မရနိုင်သော အရာတစ်ခုဖြစ်ကြောင်း လေးလေးနက်နက် စဉ်းစားသင့်ကြပါသည်။ ဘုရားရှင်၏ ဒေသနာမှာတော့ "ကာလော ဃသတိဘူတာနိ၊ သဗ္ဗာနေဝ သဟတ္တနာ။ ယောစ ကာလဃသော ဘူတော၊ သဘူတ ပစန် ပစိ" လို့ ဇာတကပါဠိတော်မှာ လာပါသည်။ အဓိပ္ပာယ်အနေနဲ့ အချိန်ကာလတရားဆိုတာ မိမိနဲ့အတူ အားလုံးကို



တိုက်စားသွားနေသည်တဲ့။ ဒါကို အဖြောင့်ပါဠိအနေနဲ့ "ကာလော ဂစ္ဆတိ၊ အာယု ခီယတိ" လို့လည်း သတိပေးတော်မူကြပါသည်။ ဒီအချိန်သည် တဖြည်းဖြည်း လျော့လျော့သွားသည်တဲ့။ အသက်လည်း တစ်နေ့တစ်နေ့ တရွေ့ရွေ့ကုန်ဆုံးသွား ကြီးကြီးလာနေသည်တဲ့။ မိမိတို့ အသက်ထင်ရှားရှိစဉ် အချိန်မနှောင်းခင် လောကဓမ္မအကျိုးများ တိုးပွားအောင် ဆောင်ရွက်ရန် အသိ၊ သတိပေးခြင်းဖြစ်သည်။

ဤကဲ့သို့ အချိန်၏ သတ္တဝါတို့အား မစောင့်တတ်သည့်သဘောသဘာဝကိုနားလည်ဆင်ခြင်တတ်သည့်အခါ ယခုကဲ့သို့ နှစ်ဟောင်းကို နှုတ်ဆက်၍ နှစ်သစ်ကို ကြိုဆိုသည့် အချိန်ကာလအတွင်းဝယ် "ဘဝကို မည်သို့ အသုံးချမလဲ" ဟု ပြန်လည်စဉ်းစားရပါမည်။

နှုတ်ဆက်သည့် နှစ်ဟောင်းအတွင်း ဖြတ်သန်းခဲ့ကြသည့် အပြုအမူများကို ပြန်လည်သုံးသပ်ကြည့်သောအခါ မကောင်းမှုများကို ပြုလုပ်ခဲ့မိကြသလား၊ မိဘဆရာသမား၊ မိသားစုများ၊ မိတ်ဆွေသင်္ဂဟများကို စိတ်မကောင်းဖြစ်စေခဲ့သလား၊ ကိုယ့်စိတ်ကို ထိန်းသိမ်းနိုင်ခြင်းရှိခဲ့ရဲ့လား စသည်ဖြင့် စဉ်းစားဆင်ခြင်၍၊ အကယ်၍ နှစ်ဟောင်းအတွင်း လိုအပ်ချက်များ ဖြည့်ဆည်းရမည်။ မကောင်းမှုလုပ်ခဲ့ပါက နောင်တရစရာများ ရှိခဲ့ပါက ကိုယ့်ကိုယ်ကိုယ်မညှာ တမ်းပြင်ဆင်ရမည်ဖြစ်ပါသည်။

နှစ်ဟောင်းအတွင်း ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့သူအချင်းချင်း မေတ္တာတရားနှင့် ဖြတ်သန်းခဲ့သည်။ အချင်းချင်း ခန္တီတရားဖြင့် သည်းခံနိုင်ခဲ့သည်ဟု စဉ်းစားဆင်ခြင်နိုင်ခဲ့ပါက ဤကောင်းမှုများကို နှစ်သစ်တွင် ပို၍လုပ်ဆောင်နိုင်ရန် ကြိုးစားရမည်။ ဤနေရာမှာ ဘုရားရှင် ကိုယ်တော်တိုင်ဆုံးမလေ့ရှိသော ဂါထာလေးဖြင့် နှစ်သစ်ဓမ္မလက်ဆောင်ကို ပေးချင်ပါသည်။

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿူပ သမ္ပဒါ။
သစိတ္တပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

သဗ္ဗပါပဿ အကရဏံ– မကောင်းမှု အားလုံးကို မပြုလုပ်ခြင်း။

ကုသလဿ ဥပသမ္ပဒါ– ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်း။

သစိတ္တပရိယောဒပနံ– မိမိစိတ်ကို ဖြူစင်အောင် သန့်ရှင်းစေခြင်းတို့ ဖြစ်သည်။ ဒီနေ့မှစ၍ နှစ်သစ်အတွက် လက်တွေ့ကျင့်သုံးနိုင်ရန် –

၁။ မကောင်းမှုမှ ရှောင်ကြဉ်ရာတွင် ယခုဖြစ်ပျက်နေသည့် လိမ်လည်ခြင်း၊ တစ်ဦးနှင့်တစ်ဦး မုန်းတီးခြင်း၊ လောဘဒေါသများ နည်းပါးအောင် ကျင့်ကြံ၍ နှစ်သစ်ကို ဖြတ်သန်းနိုင်ကြရန် ကြိုးစားကြရပေမည်။

၂။ ကောင်းမှုတိုးပွားစေခြင်းအတွက် ဒါန–လှူဒါန်းခြင်း၊ သီလ–ကိုယ်နှင့်နှုတ် စည်းကမ်းထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဘာဝနာ– မိမိစိတ်ကို သိမ်မွေ့အောင် အလေ့အထလုပ်ခြင်းတို့ဖြင့် ဖြတ်သန်းကြရန်ဖြစ်သည်။ အထူးသဖြင့် နှစ်ကူးအခါသမယတွင် မဖြစ်မနေ ပွားများစေချင်သည့်တရားမှာ မေတ္တာဘာဝနာဖြစ်သည်။ မေတ္တာဘာဝနာတစ်ခုကို ပွားများဖြစ်သည်နှင့် ကျန်သည့် ဗြဟ္မဝိဟာရ တရားများလည်း အလိုလိုကိစ္စပြီးမြဲဖြစ်သည်။

၃။ စိတ်ကိုဖြူစင်စေခြင်း၊ သန့်ရှင်းစေခြင်းအတွက် စိတ်ကောင်းစိတ်မြတ်များ မွေးမြူရေးပင် ဖြစ်သည်။ မေတ္တာစသော ဗြဟ္မဝိဟာရတရားနှင့် ဖြတ်သန်းလေသောစိတ်သည် ဖြူစင်နေမည် ဖြစ်သည်။

သို့ဖြစ်ရာ ယခုနှစ်သစ်နေ့မှစ၍ အသစ်စတင်သည့် အချိန်အခါကို အခွင့်အရေးတစ်ရပ်သဖွယ် အသုံးပြု၍ မကောင်းမှုလျော့နည်းအောင်၊ ကောင်းမှုတိုးပွားအောင်၊ စိတ်ကိုသန့်ရှင်းအောင် လေ့ကျင့်နိုင်ကြပါစေ။ နောက်ဆုံးအနေဖြင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ၊ လိုအင်ဆန္ဒပြည့်ဝကြပါစေ၊ တရားထူး တရားမြတ်များ ပြည့်စုံအောင် ကျင့်ကြံနိုင်ကြပါစေ။

**မြန်မာနိုင်ငံတော်သူ၊ နိုင်ငံတော်သား အားလုံး –**
**မင်္ဂလိကာ သုခါ ဟောန္တု၊**
**လဒ္ဓဇယာ ပမောဒိကာ ဟောန္တု။**



## ကျုံပျော်မြို့၌ ဗဟိုမဏ္ဍပ်ပိတ်ပွဲနှင့် သင်္ကြန်ယိမ်းအကပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ကျုံပျော် ဧပြီ ၁၆**


ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်၏ ၁၃၈၇ ခုနှစ် မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ပိတ်ပွဲနှင့် သင်္ကြန်ယိမ်းအကပြိုင်ပွဲ ဆုပေးပွဲကို ကျုံပျော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ရှိ ဗဟိုမဏ္ဍပ်၌ ယနေ့ညနေပိုင်းက ကျင်းပသည်။

ဦးစွာ ပထမဆုရ မြို့မ(၁)ယိမ်းအဖွဲ့၊ ဒုတိယဆုရ အသုတ်မြို့(၁)ယိမ်းအဖွဲ့ ၊ တတိယဆုရ ပညာရေးယိမ်းအဖွဲ့နှင့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များအား ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ယိမ်းအကများ၊ စတိတ်ရှိုး တေးဂီတတို့ဖြင့် ဆက်လက်ဖျော်ဖြေကာ သင်္ကြန်ပွဲတော်အား တပျော်တပါး ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေကျင်နိကာယသာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ နှစ်ဦးနှုတ်ခွန်းဆက် သံဝေဂကထာ



**အတ္တဒဏ္ဍာ ဘယံ ဇာတံ၊ ဇနံ ပဿထ မေဓဂံ**
**အတ္တဒဏ္ဍာ= အတ္တကမ္မ၊ အတ္တနော ဒုစ္စရိတကမ္မ။ မိမိဒဏ်ဟူသည် မိမိ၏ကံဖြစ်သည်။**

ရောဟိနီမြစ်၏ တစ်ဖက်စီ၌ နေကြကုန်သော သာကီယနှင့် ကောလိယ မင်းတို့ရေလုစစ်ပွဲ ဆင်နွှဲကြသည့်အခါ ဘုရားကြွလာ၍ ဟောတော်မူပါသည်။

ကိုယ်ပြုတဲ့ ကိုယ့်အမှုတွေကြောင့် ဘေးဒုက္ခတွေဖြစ်တာတဲ့။ ဆွေမျိုးသားချင်း၊ လူသား အချင်းချင်း ဆန့်ကျင်သောအယူဝါဒ၊ အယူအဆတွေကြောင့် အချင်းချင်း ဆန့်ကျင်ဘက်တွေဖြစ်နေကြပြီး အချင်းချင်းသတ်ဖြတ် နှိပ်စက်နေကြသည်ကို ရှုကြကုန်လော၊ ဒီနေ့ လူသားတွေဟာ အိုင်ထဲက ရေနည်းငါးတွေလို ဖြစ်နေကြပြီး။ ရေအိုင်ကြီးတစ်ခုမှာ ရေအပြည့်၊ ငါးအပြည့် နေကြစဉ်က ငါးတွေထိတ်လန့် တုန်လှုပ်ခြင်းမဖြစ် ချမ်းသာစွာကူးခတ်သွားလာနေကြသည်။ ရေနည်းလာလေ ကျဉ်းမြောင်း ကျပ်တည်းလာလေဖြစ်ပြီး တိုးဝှေ့နေကြကာ ထွက်ပေါက်ရှာနေကြပြီ၊ ငါးတွေအားလုံး တုန်လှုပ်နေကြပြီး ထွက်ပေါက်မတွေ့ ဖြစ်နေကြသည်ကို ငါဘုရား သံဝေဂယူသည်။ သင်တို့ (သာကီဝင်နှင့် ကောလိဝင်) ဆွေမျိုးသားရင်းများလည်း သံဝေဂယူကြဟု မြတ်စွာဘုရား မိန့်တော်မူပါသည်။

**သံဝေဂံ ကိတ္တယိဿာမိ၊ ယထာ သံဝိဇိတံ မယာ။**

ငါဘုရားသည် ဘုရားမဖြစ်ခင်ကပင် အချင်းချင်း ဆန့်ကျင်ဘက်တွေဖြစ်၊ အချင်းချင်း ဖောက်ပြန်စွာကျင့်၊ အချင်းချင်းနှိပ်စက်နေကြသည်တို့ကို သံဝေဂယူခဲ့ပြီ။

သံဝေဂယူကြကုန်လော..

**သီတဂူစန်းလပမာ ချမ်းမြသာယာရှိပါစေ။**

# ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (အောင်ဆန်းဆရာတော်)၏ နှစ်သစ်ကူးဆုတောင်းလွှာ

ယနေ့ ၁၃၈၇ ခုနှစ်ကနေ ၁၃၈၈ ခုနှစ်ဆို နှစ်သစ်ကို ပြောင်းရွှေ့သွားတဲ့၊ နှစ်ကူးသွားတဲ့ နှစ်သစ်မင်္ဂလာအချိန်အခါဖြစ်ပါတယ်။ နှစ်သစ်မင်္ဂလာအချိန်အခါ ကောင်းသောနက္ခတ်၊ ကောင်းသောမင်္ဂလာ၊ ကောင်းသောအချိန်ဖြစ်ကြပါစေ။

ကောင်းသောနက္ခတ်၊ ကောင်းသောမင်္ဂလာ၊ ကောင်းသောအချိန်ကိုယူပြီးတော့ ၁၃၈၈ ခုနှစ် နှစ်သစ်မင်္ဂလာအချိန်အခါမှစ၍ သက်တမ်းတွေ ရှည်လျားပြီး အားလုံးသော မြန်မာနိုင်ငံအတွင်းရှိ ဆရာတော်၊ သံဃာတော်များ၊ ခုနစ်ရက်သားသမီးများ၊ နိုင်ငံတော်သမ္မတကြီးနဲ့ အစိုးရ၏ တာဝန်ကိုဆောင်ရွက်နေကြသော အစိုးရမင်းများနဲ့တကွ တိုင်းသူပြည်သားအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံကြပါစေ၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ ဟီရိဩတ္တပ၊ သူတော်ကောင်းတရားနဲ့ အစဉ်ကိန်းဝပ်ပြီး ကောင်းကျိုးချမ်းသာ ခံစားစံစားရရှိနိုင်ကြပါစေ။

မြန်မာနိုင်ငံတော်ကြီးက ထေရဝါဒ ငါးနိုင်ငံတွင် ပါဝင်တဲ့တစ်နိုင်ငံဖြစ်ပြီး မြတ်စွာဘုရားရဲ့ အဆုံးအမဖြစ်တဲ့ သူတော်ကောင်းတရားခုနစ်ပါး အမြဲတမ်းကိန်းဝပ်ကြပါစေ၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ ဟီရိဩတ္တပ သူတော်ကောင်းတရား ခုနစ်ပါး သဒ္ဓါအားလုံးသော သတ္တဝါတွေကောင်းတာလုပ်ရင် ကောင်းတာဖြစ်တယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တယ်ဆိုတဲ့ မိမိရဲ့ကံ၏အကျိုးကို အားလုံးယုံကြည်နိုင်ကြပါစေ။

ကံ၊ ကံ၏အကျိုးဆိုတာက လူမျိုးနဲ့၊ ဘာသာနဲ့ မဆိုင်ပါဘူး၊ သတ္တဝါ ၊ သတ္တဝါတိုင်းမှာ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်တယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တယ်၊ တစ်နေ့တာမှာ လူရယ်လုံးဝဖြစ်ပြီးတော့ သေသွားတဲ့ တစ်ဘဝအတွင်း နေ့စဉ် နေ့တိုင်းလှုပ်ရှားနေတာက မနက်မိုးလင်းပြီဆိုကတည်းက စိတ်ကနေကြံစည်တဲ့ မနောကံတွေ၊ နှုတ်ကနေပြောဆိုတဲ့ ဝစီကံတွေ၊ ကိုယ်ကိုယ်တိုင်ပြုလုပ်ကြတဲ့ ကာယကံတွေ၊ အဲဒီကံသုံးကံနဲ့ပဲ တစ်နေ့တစ်နေ့၊ တစ်လတစ်လ ၊ တစ်နှစ်တစ်နှစ် အသက်တွေဘဝဆုံးတဲ့အထိ လှုပ်ရှားလာခဲ့ကြတယ်။ အဲဒီမှာ အရှုံးနဲ့အမြတ်ကိုပြန်တွက်ကြတယ်၊ မိမိမှာပိုင်ဆိုင်နေတဲ့ မနက်အိပ်ရာထချိန်ကစပြီး ဖြစ်ပေါ်လာတဲ့မနောကံမှာ ကောင်းတဲ့မနောကံရှိတယ်၊ မကောင်းတဲ့မနောကံရှိတယ်၊ မကောင်းတဲ့ မနောကံများရင် တစ်နေ့တာအတွက် ဘဝမှာ အရှုံးထွက်တာပဲ၊ ကောင်းတဲ့မနောကံတွေများရင်



တစ်နေ့တာအတွက် အမြတ်ထွက်တာပဲ။ ထို့အတူပဲ ကံကောင်းကြလို့ နှုတ်ကောင်း၊ ပါးစပ်ကောင်းလေးတွေရကြတယ်။ သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင် ဘေးဆိုတဲ့စကားအရ မနက်မိုးလင်းကနေ ညအိပ်ရာဝင်ချိန်ကာလအထိ ကောင်းတဲ့ဝစီကံ၊ မကောင်းတဲ့ ဝစီကံတွေ ဘယ်လောက်သုံးမိသလဲဆိုတာ မိမိကိုယ့်ကို နေ့စဉ်နေ့တိုင်း သုံးသပ်ကြည့်မိမယ်ဆိုရင် မကောင်းတဲ့ဝစီကံတွေဟာ ကိုယ့်မှာ စည်းမဲ့ကမ်းမဲ့ မလိုတဲ့နေရာသုံးမိမယ်ဆိုရင် တစ်နေ့တာအတွက် အရှုံးထွက်တယ်၊ ကံကောင်းထောက်မလို့ လူ့ဘဝ၊ လူ့လောက ရောက်လာပြီးတော့ သွားနိုင်၊ လာနိုင်၊ စားနိုင်၊ သောက်နိုင်တဲ့ ရရှိနေတဲ့နှုတ်ကိုကောင်းတဲ့ ကာယကံ၊ ကောင်းတဲ့ဝစီကံဆိုတဲ့ မှန်မှန်ကန်ကန် ပြောဆိုခြင်း၊ မုသားမပြောခြင်း၊ ကုန်းတိုက်မပြောခြင်း၊ ကြမ်းတမ်းတဲ့စကားတွေ မပြောဘဲ ကောင်းသောစကားကိုသာ ပြောဆိုမယ်ဆိုရင် ဒီနေ့ တစ်နေ့တာအတွက် လူ့ဘဝမှာ ငါတို့ကံကောင်းလို့၊ အမေမွေးလို့၊ ကံပစ်ချလိုက်လို့ ပါးစပ်ကောင်း၊ နှုတ်ကောင်းလေးတွေရတဲ့အခါ ဒါကနေ ဒီတစ်နေ့တာအတွက် အမြတ်ထွက်သွားတာပဲ။ မသုံးတတ်လို့ကတော့ ဖြစ်ရင် ကံကောင်းလို့၊ အမေမွေးလိုက်လို့ ကောင်းကောင်းမွန်မွန်ရလာတဲ့ အခိုက်၊ မပြောတတ်ရင် အပါယ်ကိုရောက်နိုင်တယ်။ နောက် ကာယကံ၊ အတိတ်ကပြုလုပ်ခဲ့တဲ့ ကောင်းမှုကံစေတနာကြောင့် ဆံ့အ၊ နားမကြားမဖြစ်ဘဲ ခြေအကောင်း၊ လက်အကောင်း၊ မျက်စိအကောင်း၊ နားအကောင်း၊ အကုန်လုံးကောင်းမွန်တယ် ဖြစ်တာက ကံအကောင်းတစ်မျိုး၊ ကောင်းတဲ့ကံရလာတဲ့အချိန်မှာ ကာယကံမှုတွေကို မနက်မိုးလင်းကနေ မိုးချုပ်အထိ ကာယကံမှုတွေနဲ့ မိမိတို့နေ့စဉ်နေ့တိုင်း မဆင်မခြင်ပြုလုပ်နေမယ်ဆိုရင် တစ်နေ့တာအတွက် မိမိဘဝမှာ ဆိုးကျိုးတွေရလိမ့်မယ်။ တန်ဖိုးရှိတဲ့ဘဝကြီးကို ဆိုးကျိုးတွေမဖြစ်ဘဲနဲ့ အမြဲတမ်း ကာယကံမှုကလည်း ခြေတွေ၊ လက်တွေလှုပ်နိုင်သမျှ ကိုယ်မှုတစ်ပါး ကိုယ်ကအစပြုတဲ့ အားလုံးသတ္တဝါတွေ ကာယကံကြောင့် အားလုံးအစစအရာရာ အဆင်ပြေပါစေ၊ အမေမွေးတဲ့လက်က နိဗ္ဗာန်ထိအောင်ပို့နိုင်တာ ဒီလက်၊ ဒီခြေပါပဲ။ အပါယ်ထိတောင် ဆင်းတာလည်း ဒီလက်၊ ဒီခြေပါပဲ။ ဒါတွေ အကောင်းဆုံးဖြစ်အောင် ယနေ့နှစ်သစ်ကူးတဲ့အချိန်ကစပြီး တစ်သက်တာမှာ ကောင်းတဲ့ကာယကံ ဆောင်ရွက်နိုင်ကြပါစေ၊ ဆောင်လည်း ဆောင်ရွက်ကြပါ။ ဆောင်ရွက်မှသာလျှင် တန်ဖိုးရှိတဲ့ လူ့ဘဝ၊ လူ့လောကကြီးက မိမိဘဝအတွက် အမြတ်ထွက်မှာပါ။

သဒ္ဓါဆိုတဲ့ တရားနဲ့ မိမိကံ၏ကံအကျိုးကို ယုံကြည်စွာဖြင့် ကောင်းတဲ့စကားတွေ၊ ကောင်းတဲ့ စိတ်တွေမွေးနိုင်ကြပါစေ၊ ကောင်းတဲ့အပြောတွေ ပြောနိုင်ကြပါစေ၊ ကောင်းတဲ့ဝစီကံတွေနဲ့ အချိန်သုံးပြီး ကုန်ဆုံးကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။ ထို့အတူပဲ သတ္တဝါတိုင်း၊ သတ္တဝါတိုင်း အားလုံးမကောင်းတဲ့စိတ်တွေ မမွေးကြပါနဲ့၊ မကောင်းတဲ့အပြောတွေ မပြောမိအောင်ရှောင်ကြဉ်ကြပါစေ၊ မကောင်းတဲ့ကာယကံတွေ မပြုမိကြပါစေနဲ့ တိုက်တွန်းနှိုးဆော်ပါတယ်၊ သဒ္ဓါဆိုတဲ့ကံ၊ ကံ၏ အကျိုးကိုယုံကြည်စွာဖြင့် အားလုံးကျင့်သုံးနိုင်ကြပါစေလို့ ဆန္ဒပြုဆုတောင်းမေတ္တာပို့သပါတယ်။

သီလတွေဆောက်တည်ကြပါ။ သီလဆောက်တည်ကြတဲ့အခါ သတ္တဝါ၊ သတ္တဝါတိုင်းရဲ့ လူ့ဘဝ တစ်ခုလုံးရဲ့တန်ကြေးကိုကြည့်ရင် သီလပါပဲ၊ ငါးပါး သီလထဲမှာ တစ်ခုကျိုးပေါက်နေရင် လူ့ဘဝတန်ဖိုးမရှိတော့ဘူး၊ ငါးပါးသီလကိုတတ်နိုင်သလောက် ကြိုးစားပြီးထိန်းသိမ်းသွားမယ်ဆိုရင် ယခုဘဝ အတိတ်ကံ မည်မျှမကောင်းပါစေ၊ သီလရဲ့ အကျိုးတရားကြောင့် သံသရာမှာ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်ချမ်းသာတိုင်အောင် ကောင်းကျိုးချမ်းသာရရှိမယ်လို့ ယုံကြည်တဲ့သီလတရားတွေ စောင့်ရှောက်ထိန်းသိမ်းနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

မည်သည့်ဘာသာဝင်ဖြစ်ဖြစ် ဘာသာရေးနဲ့ ပတ်သက်ပြီးတော့ ဗဟုသုတပြည့်ပြည့်စုံစုံရှိကြပါစေ၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်တယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တယ်ဆိုတဲ့ အသိတရားတွေရှိပြီးတော့ အားလုံးကျင့်သုံးနိုင်ကြပါစေ။

ကောင်းတာ၊ မကောင်းတာတွေကို နားလည်ဆုံးဖြတ်နိုင်စွမ်းရှိတဲ့ အသိပညာတွေရှိသွားမယ်ဆိုရင် မကောင်းတာတွေမှာရှောင်ပြီး ကောင်းတာတွေလုပ်သွားမယ်ဆိုရင် လောကြီးတစ်ခုလုံး ကောင်းကျိုးချမ်းသာတွေရရှိကြပါတယ်။ သတ္တဝါတိုင်းမည်သူမှ မကောင်းတာကို မလိုချင်ကြပါဘူး၊ ကောင်းတာတွေကို ကြားချင်၊ မြင်ချင်ကြတာပါ၊ ကောင်းတဲ့အရာတွေကို နှစ်သက်သလို မိမိတို့ကိုယ်တိုင်လည်း အစစအရာရာ နှစ်ကုန်ကနေစပြီး နှစ်သစ်ကူးသွားတဲ့ အချိန်မှာ ရာသက်ပန်ကောင်းတဲ့ အနေအထား ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။

မြန်မာနိုင်ငံနှင့်တကွ တစ်ကမ္ဘာလုံးရှိ အားလုံးသောလူသားတွေ ကျန်းမာချမ်းသာ အသက်ရှည်ပါစေ။

လူသားတွေအကျိုးပြုတဲ့ ရာသီဥတုလည်း မှန်ပါစေ။

တိုင်းပြည်တိုင်းမှာ အုပ်ချုပ်နေတဲ့ မင်းကောင်းမင်းမြတ်များ၊ တိုင်းပြည်ကို ငြိမ်းချမ်းအောင်အုပ်ချုပ်နိုင်သလို ယနေ့ မြန်မာနိုင်ငံနှင့်တကွ တစ်ကမ္ဘာလုံးရှိ မင်းအစိုးရအပေါင်းတို့ တိုင်းပြည်ကိုအေးချမ်းသာယာအောင် အုပ်ချုပ်နိုင်ကြပါစေ၊ တိုင်းသူပြည်သားများကိုလည်း ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ပြီး အစစအရာရာ ဆောင်ရွက်နိုင်ကြပါစေ။

တိုင်းသူပြည်သားများကလည်း မင်းနဲ့ပြည်သူအတူ လက်တွဲပြီးတော့ ပြန်အလှန် ကျေးဇူးတရားသိပြီးတော့ ပြည်သူများကလည်း တိုင်းပြည်အုပ်ချုပ်တဲ့အစိုးရအပေါ်မှာ မိဘသဖွယ် အားကိုးပြီး တိုင်းပြည်အုပ်ချုပ်ကြတဲ့ မင်းအစိုးရများကလည်း တိုင်းသူပြည်သားတွေအပေါ် ရင်မှာမွေးသော သားသမီးကဲ့သို့ စောင့်ရှောက်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။

မင်းနဲ့ပြည်သူ၊ ပြည်သူနဲ့မင်း အပြန်အလှန် မေတ္တာတရား၊ မုဒိတာတရား၊ ကရုဏာတရားတွေ ပွားများဖို့ဆိုရင် ယနေ့ဘုန်းကြီးတို့ တန်ဖိုးရှိတဲ့ လူ့ဘဝလေးက တစ်ဘဝ၊ တစ်ခဏ အသက်ရှည်စွာနေရပါစေ၊ တန်ဖိုးရှိတဲ့ လူ့ဘဝကြီးဖြစ်ပြီး ဤပြုရတဲ့ စေတနာ၊ မေတ္တာ၊ သဒ္ဓါတရား၊ ကောင်းမှုတွေကြောင့် ဒီဘဝမှာလည်း အေးချမ်းသာယာ၍ နောင်သံသရာမှာလည်း ရောဂါခပ်သိမ်းကင်းငြိမ်းပြီးတော့ အပါယ်လေးပါးက လွတ်ပြီး ကောင်းကျိုးချမ်းသာ ခံစားစံစားနိုင်ကြပါစေ။ ။

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၏ ၁၃၈၈ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့အတွက် နှစ်သစ်ကူး ဩဝါဒကထာ



အားလုံးမင်္ဂလာပါ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံသူနိုင်ငံသားတွေအားလုံး ဘေးအန္တရာယ်တွေကင်းစင်ပြီး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာ၊ လိုရာဆန္ဒ ပြည့်ကြပါစေ။

သင်္ကန္တ- သင်္ကြန်ကာလကို လွန်မြောက်ပြီး နှစ်ဆန်းတစ်ရက်နေ့ ရောက်လာတဲ့အခါ သင်္ကြန် ဆိုတာ ပြောင်းလဲ၊ ပြောင်းလဲနေတာ သင်္ကြန်ပဲ။ အချိန်ကာလက ပြောင်းလဲနေတယ်။ ဒီနေ့ ပြောလို တာက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုတာလည်း တိုင်းဒေသကြီး၊ ပြည်နယ်တွေ စုပေါင်းထားတယ်၊ ခရိုင်တွေစုပေါင်းထားတယ်၊ မြို့နယ်တွေ စုပေါင်းထား တယ်၊ ရပ်ရွာတွေစုပေါင်းထားတယ်၊ မိသားစုတွေ စုပေါင်းထားတယ်။ မိသားစုထဲမှာ လူငယ်၊ လူရွယ်၊ လူလတ်၊ လူကြီးဆိုတဲ့ အရွယ်မျိုးစုံ စုပေါင်းထားကြ တယ်။ တစ်နေ့ တစ်ရက်အနေနဲ့ကတော့ အချိန် ကုန်ပြီး သင်္ကန္တ ပြောင်းလဲနေတာဟာ သင်္ကြန်အခါ ပါပဲ။

သင်္ကြန်အခါ လွန်မြောက်တဲ့အချိန်မှာ အသိ တရားလေးတစ်ခုက ဖြစ်စေပါတယ်။ လူငယ်ဘဝက နေပြီး လူရွယ်ဘဝကို ကူးပြောင်းတာ၊ လူရွယ်ဘဝမှ လည်း လူလတ်ဘဝကို ကူးပြောင်းတာ၊ လူလတ် ဘဝကနေ လူကြီးဘဝကို ကူးပြောင်းတာ။ ဒါက သဘာဝ အမှန်တရားပါပဲ။ လူငယ်ဆိုတာ အတတ် ပညာ၊ အသိပညာတွေ နုနယ်ငယ်သေးတော့ တတ်သထက် တတ်အောင်၊ သိသထက် သိအောင် သင်ယူရမယ်ဆိုတဲ့ဆန္ဒ တန်ခိုးဣဒ္ဓိပါဒ်နဲ့ ကြိုးစား ကြတယ်။ လူရွယ်ဖြစ်လာတဲ့အခါကျတော့ ကိုယ့်ရည်မှန်းချက်၊ ကိုယ့်ရည်ရွယ်ချက်ကို ဝီရိယ ဣဒ္ဓိပါဒ်နဲ့ အကောင်အထည်ဖော်ရတယ်။

လူရွယ်ကနေ လူလတ်ဖြစ်လာတဲ့အခါကျတော့ မိသားစုတစ်ခုမှာ အဖွဲ့အစည်းမှာ၊ နိုင်ငံမှာ၊ လစ်လပ် နေတဲ့ နေရာရှိခဲ့ရင် အဲဒီနေရာကို ကိုယ်ကဝင်ပြီး တာဝန်ယူနိုင်ရမယ်။ လူငယ်တုန်းက သင်ယူလေ့လာ ခဲ့တာတွေ၊ လူရွယ်မှာ ရည်ရွယ်ချက် အကောင်အထည် ဖော်တာတွေ၊ အဲ့သလို အတွေ့အကြုံတွေ ရင့်ကျက် လာတဲ့အခါမှာ လူလတ်ဘဝကျတော့ လိုအပ်နေတဲ့ ကွက်လပ်ကို ဖြည့်နိုင်ရမယ်။ ဒါက အသိဉာဏ်ပညာ ရင့်ကျက်လာတာ။ လူငယ်ကနေပြောင်း လူရွယ်ဖြစ်၊ လူရွယ်ကနေပြောင်း လူလတ်ဖြစ်၊ လူလတ်ကနေ ပြောင်းပြီးတော့ လူကြီးဖြစ်လာတဲ့အခါကျတော့ စိတ်ဓာတ်တွေက ကြီးမားမြင့်မြတ်လာတယ်။

အဲဒီတော့ ကိုယ်တတ်ထားသမျှ သိထားသမျှ တွေ ပညာရပ်တွေ အကုန်လုံးကို ကိုယ့်မိသားစု၊ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်မြို့၊ ကိုယ့်နိုင်ငံကို နောက်မျိုးဆက်သစ်တွေအတွက် လက်ဆင့်ကမ်း သင်ပေးရမှာက လူကြီးတွေလုပ်နိုင်တဲ့ ကြီးကျယ် မြင့်မြတ်တဲ့ အလုပ်ကြီးပဲ။ ဒါကြောင့်မို့ သင်္ကြန်ကို လွန်မြောက်လို့ အခုလိုနှစ်ဆန်းတစ်ရက် အခါသမယ မှာ လူငယ်၊ လူရွယ်၊ လူလတ်၊ လူကြီး အသီးသီးတွေ အနေနဲ့ မိမိတို့က ဘယ်အရွယ်မှာ ရောက်နေနေ၊ အဲဒီအရွယ်အားလျော်စွာ ရှိတဲ့တာဝန် ထမ်းဆောင် ရမယ့်ဝတ္တရားလေးမျိုးလုံးကို ဣဒ္ဓိပါဒ်တန်ခိုးလေးပါး နဲ့ တာဝန်ကျေပွန်စွာ ဆောင်ရွက်မယ်ဆိုရင် အိမ်တိုင်း အိမ်တိုင်း ကြီးပွားတိုးတက်ပါတယ်၊ အဖွဲ့အစည်း တိုင်း ကြီးပွားတိုးတက်ပါတယ်၊ တစ်ဆင့်နဲ့ တစ်ဆင့် တစ်နိုင်ငံလုံးလည်း ကြီးပွားတိုးတက်ပါတယ်။

ယနေ့ မြန်မာ့နှစ်ဆန်းတစ်ရက် ၁၃၈၈ ခုနှစ် နှစ်ကူးအစမှစ၍ အိမ်တိုင်း၊ လူတိုင်း၊ မြို့တိုင်း၊ တိုင်းပြည်ကြီး တစ်ခုလုံး ကြီးပွားတိုးတက်အောင်မြင် အောင် ဆုတောင်းဆန္ဒပြုရင်းနဲ့ အေးချမ်းဖို့ မေတ္တာ ပေးလိုက်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်ကြီး အေးချမ်းသာယာ ကြီးပွားတိုးတက် အောင်မြင်ကြပါစေ။

❂

# လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ဦးစီးပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တ နိမလ၏ ၂၀၂၆ ခုနှစ် နှစ်သစ်မင်္ဂလာဆုတောင်းလွှာ



မောဟမီးတွေငြိမ်းပြီး မေတ္တာပွား၍ စိတ်၏ချမ်းသာ ခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေဟု အထူးမေတ္တာပို့ ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

၁၃၈၇ ခုနှစ်ကုန်ဆုံး၍ ၁၃၈၈ ခုနှစ်သို့ကူးပြောင်း သည့် နှစ်သစ်ကူးနှစ်ဦးမင်္ဂလာအခါသမယ၌ ရဟန်း ရှင်လူ၊ နိုင်ငံသူနိုင်ငံသားအားလုံး မြတ်ဗုဒ္ဓ၏ ဆုံးမ ဩဝါဒကို လိုက်နာကျင့်သုံးသူများ ဖြစ်ကြပါစေလို့ အထူးဆုမွန် ပတ္ထနာပြုအပ်ပါသည်။

မနောပုဗ္ဗင်္ဂမာဓမ္မာ မနောသေဋ္ဌာမနောမယာ
မနသာစေပသန္နေန – ဘာသတိဝါကရောတိဝါ
တတောနံသုခမန္ဝေတိ – ဆာယာဝအနုပါယိနီ
ဓမ္မပဒ ပါဠိတော်

ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို စီမံအားထုတ် ပြုလုပ်သောအရာ၌ စိတ်သာလျှင် ပြဋ္ဌာန်း၏။ စိတ်သာ လျှင် မြတ်၏။ စိတ်သာလျှင် ပဓာနဖြစ်၏။ ကြည်ညို မြတ်နိုးသောစိတ်ဖြင့် ပြုအပ်သော ကောင်းမှုကုသိုလ် ကံသည် လူ့ပြည်သို့လည်းကောင်း၊ နတ်ပြည်သို့ လည်းကောင်း ကျင်လည်ပြောင်းရွှေ့ရသော ပုဂ္ဂိုလ် တို့၏နောက်သို့ အရိပ်တမျှပမာဏကဲ့သို့ မိမိကိုယ်ကို မစွန့်မူ၍ ထက်ကြပ်မကွာ ချမ်းသာသည်၊ အစဉ်တစိုက် လိုက်၏ဟု မြတ်ဗုဒ္ဓဘုရားရှင်သည် ဆုံးမတော်မူခဲ့၏။ ထိုမြတ်ဗုဒ္ဓဘုရားရှင်၏ ဆုံးမဩဝါဒတို့ကို လိုက်နာ ကျင့်သုံးကြသော ရဟန်းရှင်လူ၊ ပြည်သူပြည်သား နိုင်ငံသူနိုင်ငံသားများဖြစ်ကြ၍ ပြည်လုံးချမ်းသာ အေးမြစွာဖြင့် ငြိမ်းချမ်းပန်းကို ပန်ဆင်နိုင်ကြပါစေ။

မနောပုဗ္ဗင်္ဂမာဓမ္မာ မနောသေဋ္ဌာမနောမယာ
မနသာစေပဒုဋ္ဌေန – ဘာသတိဝါကရောတိဝါ
တတောနံဒုက္ခမန္ဝေတိ – စက္ကံဝ ဝဟတောပဒံ
ဓမ္မပဒ ပါဠိတော်

ရဟန်းတို့ မကောင်းမှုကံမည်သည်ကား ဝန်ကို ရွက်ဆောင်သော နွားလား၏ နင်းတိုင်း နင်းတိုင်း သော ခြေရာကို လှည်းဘီးစက်သည် ထက်ကြပ်မကွာ နင်းကာသာလျှင်လိုက်ဘိသကဲ့သို့ ထိုမကောင်းကံကို ပြုအပ်သောသူအား ဆင်းရဲသည် အစဉ်မပြတ် ထက်ကြပ်မကွာ လိုက်သည်သာတည်းဟု မြတ်ဗုဒ္ဓ ဘုရားရှင်၏ ဆုံးမဩဝါဒကို နာခံမှတ်သား၍ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထားပြီး မကောင်းမှုမှ အထူးရှောင်ကြဉ်ကြ သော ရဟန်းရှင်လူ၊ ပြည်သူပြည်သား၊ နိုင်ငံသူ နိုင်ငံသားများဖြစ်ကြ၍ ပြည်လုံးတစ်ခွင် သောက စင်၍ ငြိမ်းချမ်းခြင်းနှင့် ပြည့်စုံကြပါစေဟု နှစ်သစ် ကာလအခါသမယတွင် လောဘမီး၊ ဒေါသမီး၊

# မဟာသင်္ကြန်အတက်နေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်္ကြန်ချစ်သူပြည်သူများဖြင့် မြန်မာ့ရိုးရာအတာသင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အတက်နေ့ဖြစ်သည့် ယနေ့ တွင် တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ် များ၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ရိုးရာအစဉ် အလာများနှင့်အညီ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ယိမ်းအကအဖွဲ့များ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ သင်္ကြန်ချစ်သူ ပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပဆင်နွှဲလျက်ရှိကြသည်။

**ကြည့်ရှုအားပေး**

နှစ်သစ်ကူးအခါသမယဖြစ်သော ယနေ့ မဟာ သင်္ကြန်အတက်နေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များ နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ အတာရေသဘင်ပွဲများကို ဆက်လက်ဆင်နွှဲကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူး များနှင့် တာဝန်ရှိသူများက သွားရောက်၍ အတာ သင်္ကြန် ယိမ်းအကအဖွဲ့များ၏ ယှဉ်ပြိုင်ဖျော်ဖြေမှုများ နှင့် တေးသံရှင်များ၏ တေးသီချင်းများဖြင့် သီဆို ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့် ငွေများ ပေးအပ်ကြသည်။



ထို့ပြင် အတာရေသဘင်မဏ္ဍပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စတုဒိသာအကျွေး အမွေးများဖြင့် ဧည့်ခံကျွေးမွေးမှုများကို ကြည့်ရှု အားပေးကြပြီး သင်္ကြန်ချစ်သူများနှင့်အတူ အတာ ရေသဘင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

**ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ**

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ ကျင်းပသည့် မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်များ၌ လည်း ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက မြန်မာ့ရိုးရာ အတာသင်္ကြန်အတက် နေ့ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် ရေသဘင်ဆင်နွှဲကြသူများအား စတုဒိသာ အကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ပျော်ရွှင်စွာ ရေပက်ကစားခြင်းတို့ဖြင့် အတာရေသဘင်ပွဲတော် ကို ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့ရိုးရာမဟာသင်္ကြန် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစု ရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနားကျင်းပ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ခဲ့





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် တာဝန်ရှိသူများ မြန်မာ့ရိုးရာမဟာသင်္ကြန် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစု ရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနားတွင် တက်ရောက်အားပေးစဉ်။

**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ရေကစားမဏ္ဍပ်ပိတ်ပွဲ အခမ်းအနားကို ယနေ့ မဟာသင်္ကြန်အတက်နေ့ ညနေပိုင်းတွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်သည်။

အဆိုပါ ပိတ်ပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ၊ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံအခြေစိုက်နိုင်ငံခြား စစ်သံမှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ယိမ်းအဖွဲ့များ တက်ရောက်ကြပြီး ရေကစားမဏ္ဍပ်၌ အနုပညာရှင်များနှင့် တေးသံရှင်များ၊ ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ အနုပညာရှင်များနှင့် ယိမ်းအကအဖွဲ့ များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပိတ်ပွဲအခမ်းအနားကျင်းပရာ အနုပညာရှင်များ၊ တေးသံရှင်များနှင့် ယိမ်းအဖွဲ့များက **“မန်းတောင်ရိပ်ခို”** သီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေကြရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးတို့သည် ပိတ်ပွဲအခမ်းအနားကို တက်ရောက်လာကြသူများနှင့်အတူ ယိမ်းအဖွဲ့များအား အတာရေများဖြင့် အေးချမ်းပျော်ရွှင်စွာ ပက်ဖျန်းပေးကြပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစု ရေကစားမဏ္ဍပ်အား အောင်မြင်စွာ ပိတ်သိမ်းခဲ့သည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူတို့သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများလိုက်ပါ၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်းရှိ မန်ကျည်းရိပ် ရေကစားမဏ္ဍပ်နှင့် စိန်ပန်းရေကစားမဏ္ဍပ်များသို့ သွားရောက်ကာ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့်အတူ အတာရေသဘင်ပွဲကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပြီး အနုပညာရှင်များ၊ တေးသံရှင်များ၊ မိသားစုယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့သည် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အတက်နေ့ဖြစ်သည်နှင့်အညီ နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ နေပြည်တော် မြို့တော်ဝန်ရေကစားမဏ္ဍပ်၊ နေပြည်တော်လမ်းလျှောက် သင်္ကြန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ ဇေယျာသီရိ ရေကစားမဏ္ဍပ်၊ စိန်ပန်းရေကစားမဏ္ဍပ်၊ မန်ကျည်းရိပ် ရေကစားမဏ္ဍပ် အပါအဝင် အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကစားမဏ္ဍပ်များတွင်လည်း ရေပက်ခံသူများ၊ ရေပက်ကစားသူများဖြင့် ပျော်ရွှင်စည်ကားစွာ ရေသဘင်ပွဲတော်ကို အောင်မြင်စွာ ဆင်နွှဲကြပြီး မိသားစုသင်္ကြန် ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေမှုများနှင့်အတူ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်္ကြန်ချစ်သူ ပြည်သူများက အတာရေသဘင်ပွဲတော်အား အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပိတ်ပွဲအခမ်းအနားကို တက်ရောက်လာကြသူများနှင့်အတူ ယိမ်းအဖွဲ့များအား အတာရေများဖြင့် အေးချမ်းပျော်ရွှင်စွာ ပက်ဖျန်းပေးစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ပိတ်ပွဲအခမ်းအနားကို တက်ရောက်လာကြသူများနှင့်အတူ ယိမ်းအဖွဲ့များအား အတာရေများဖြင့် အေးချမ်းပျော်ရွှင်စွာ ပက်ဖျန်းပေးစဉ်။

# ၂၀၂၆ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်မှ ၁၃၈၈ ခုနှစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်ပွဲတော် အတက်နေ့ကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရုံးအမှတ် (၃၈) ပြည်ထဲရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၌ ဆက်လက်ပါဝင်ဆင်နွှဲကြသည်။

ပြည်ထဲရေးဝန်ကြီးဌာနမိသားစု ရေကစားမဏ္ဍပ်သို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူနှင့်ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ် စိုးလှိုင်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ တပ်ဖွဲ့ဝင်နှင့်ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ယိမ်းအကအဖွဲ့များ စုံလင်စွာတက်ရောက်ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ အတာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ညနေပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန မိသားစု၏ မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ပြည်ထဲရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နှုတ်ဆက်အမှာစကား ပြောကြားကာ ပြည်ထဲရေးဝန်ကြီးဌာနမိသားစု၏ မြန်မာ့ရိုးရာမဟာသင်္ကြန်




ပွဲတော်ကို ပိတ်သိမ်းကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနမိသားစု သင်္ကြန်ယိမ်းအဖွဲ့များက “မန်းတောင်ရိပ်ခို” တေးသီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး ဦးဆောင်သောအဖွဲ့က သပြေခက်ဖြင့် အတာရေပက်ဖျန်းပေးကြပြီး ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ အကြံပေးပုဂ္ဂိုလ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေး




**နေပြည်တော် ဧပြီ ၁၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ဧပြီ ၁၅ ရက် နံနက်ပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Anton Kobyakov အား သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအနေဖြင့် အစိုးရသစ်တစ်ရပ်ဖွဲ့စည်းပြီး နိုင်ငံတော်၏ စာမျက်နှာသစ်ဖွင့်လှစ်သည့်အချိန်တွင် မြန်မာနိုင်ငံ၏ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရုရှားနိုင်ငံ၏ အကြံဉာဏ်၊ နည်းပညာအကူအညီအထောက်အပံ့များရယူ ဆောင်ရွက်သွားလိုသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရေနံနှင့် ရေနံထွက်ပစ္စည်းများ တင်ပို့နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍအပြင် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Sergei Tsivilev နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့အကျပ်အတည်းအခက်အခဲများဖြစ်ပေါ်နေချိန်တွင် ရုရှားနိုင်ငံသည် သိသာစွာထိခိုက်မှုမရှိဘဲ ပုံမှန်အနေအထားဖြင့် ရပ်တည်လျက်ရှိသည့်အတွက် ရုရှားနိုင်ငံ၏ စွမ်းအင်ဖူလုံရေးနှင့် လုံခြုံရေးအစီအမံများကို များစွာအားကျ အတုယူရပါကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍလုံခြုံရေးနှင့် ဖူလုံရေးတို့အတွက် ရုရှားနိုင်ငံနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်နှင့် စွမ်းအင် စီမံကိန်းများကို တွန်းအားပေးဆောင်ရွက်သွားလိုကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် စွမ်းအင်ကုန်သွယ်မှုအတွက် အရှေ့တောင်အာရှနိုင်ငံများဘက်သို့ တိုးမြှင့်ဆောင်ရွက်လာချိန်တွင် မြန်မာနိုင်ငံ၏ တည်နေရာအနေအထားသည် Energy Hub အဖြစ် အသုံးပြုဆောင်ရွက်သွားရန် အထူးသင့်လျော်ကောင်းမွန်ကြောင်း၊ သဘာဝဓာတ်ငွေ့ရည် (LNG) မြန်မာနိုင်ငံသို့ ပို့ဆောင်၍ မြန်မာနိုင်ငံမှတစ်ဆင့် ပိုက်လိုင်းများကို အသုံးပြု၍ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ ဆက်လက်တင်ပို့နိုင်ရေး ဆောင်ရွက်သွားလိုကြောင်း၊ မြန်မာနိုင်ငံ၏ ကမ်းလွန်လုပ်ကွက်များတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးဆောင်ရွက်ရန် အထူးသင့်လျော်ကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းတွင် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံနှင့် ရေနံချက်စက်ရုံစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကိစ္စရပ်များကို လျင်မြန်စွာ ဆောင်ရွက်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ရုရှားနိုင်ငံ စွမ်းအင်ဝန်ကြီးက မြန်မာ-ရုရှား-တရုတ် သုံးနိုင်ငံပူးပေါင်း၍ စွမ်းအင်ကဏ္ဍတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန်အတွက် ဦးဆောင်ကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် Energy Hub အနေဖြင့် ဆောင်ရွက်ရန်အတွက် အနေအထားများ ပြည့်စုံကောင်းမွန်သဖြင့် ဆောင်ရွက်သွားလိုပါကြောင်း၊ ရုရှားစွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ(MoU)အမြန်ဆုံးရေးထိုးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများနှင့် တွေ့ဆုံနိုင်ရန် စီစဉ်ပေးထားကြောင်း ဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban KARA-OOL အား သွားရောက် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လက်ခံတွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားလိုသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် လိုအပ်သည့် ရေနံစိမ်းနှင့် ရေနံထွက်ပစ္စည်းများအား ရုရှားနိုင်ငံမှ ရေရှည်သဘောတူညီချက်ဖြင့် ဝယ်ယူနိုင်ရေးအတွက် ခိုင်မာသည့် ထောက်ပံ့ရေးလမ်းကြောင်းတစ်ခု တည်ဆောက်သွားလိုသည့် ကိစ္စရပ်များ၊ အရင်းအနှီးကြီးမားသည့် စီမံကိန်းများအတွက် ရုရှားနိုင်ငံမှ အထူးသက်သာသော အတိုးနှုန်းထားဖြင့် ချေးငွေများ ရယူဆောင်ရွက်နိုင်ပါက စီမံကိန်းလုပ်ငန်းများအား ပိုမိုမြန်ဆန်စွာ ဆောင်ရွက်သွားနိုင်မည့်အခြေအနေကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒူးမားလွှတ်တော်ဥက္ကဋ္ဌက မိမိတို့အနေဖြင့် စာချုပ်စာတမ်းများပြုလုပ်ရာတွင် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ရေနံနှင့် ရေနံထွက်ပစ္စည်းများ တင်ပို့ရောင်းချနိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ(MoU) ရေးထိုးနိုင်ခြင်းသည် အလွန်ကောင်းမွန်သည့် ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ဝမ်းသာဂုဏ်ယူမိကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ဆောင်ရွက်ရန် သက်ဆိုင်ရာအဖွဲ့အစည်းကို မှာကြားထားပြီးဖြစ်ကြောင်း၊ အဆွေတော်၏ ဆွေးနွေးမှုများကို နိုင်ငံတော်အကြီးအကဲများထံ တင်ပြပေးမည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့်လည်း အမြန်ဆုံးတွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ရုရှား-မြန်မာ-တရုတ်သုံးနိုင်ငံ စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးသည် အလွန်အရေးကြီးသဖြင့် မိမိတို့ဘက်ကလည်း ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံပြည်သူများ အေးချမ်းသာယာရေးအတွက် မိမိတို့ ရုရှားနိုင်ငံအနေဖြင့် လိုအပ်သည့်အကူအညီများ ပေးအပ်ရန် အသင့်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

သတင်းစဉ်

# ၂၀၂၆ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီး အတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ | ၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ | ဆာလဖာ ဒိုင် အောက် ဆိုဒ် | နိုက်ထရို ဂျင် ဒိုင် အောက် ဆိုဒ် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုဒ် |
| ၁ | ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ တာဝန်ရှိသူများ၏ မြန်မာ့နှစ်သစ်ကူး ဆုတောင်းစကားသံများ

**ဦးဝဏ္ဏ(ဗုဒ္ဓဘာသာ)**
**ဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို)**

မြန်မာနိုင်ငံသူ နိုင်ငံသား အားလုံးမင်္ဂလာပါခင်ဗျား။

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်ကုန်ဆုံးပြီး ၁၃၈၈ ခုနှစ်ကို ကူးပြောင်းရောက်ရှိလာတဲ့မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်ကူး မင်္ဂလာအခါသမယနေ့ ဖြစ်ပါတယ်။ ယနေ့မြန်မာနှစ်ဆန်းတစ်ရက်နေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသူနိုင်ငံသားများ၊ တိုင်းရင်းသားများနှင့် ကမ္ဘာသူ ကမ္ဘာသားများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများဖြင့် ပြည့်စုံကြလျက် အေးချမ်းသာယာပြီး ပြီးပြည့်စုံသော ကောင်းကျိုး လိုအင်ဆန္ဒများရရှိခံစားပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သပါတယ်ခင်ဗျာ။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးက နိုင်ငံအကျိုးပြုလုပ်ငန်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အခါအားလျော်စွာ ဒေသမရွေး ဆောင်ရွက်ပေးလျက် ရှိနေပါတယ်။ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးမှသည် ငြိမ်းချမ်းရေးဆီသို့၊ ငြိမ်းချမ်းရေးမှသည် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဆိုသည့် ဆောင်ပုဒ်အတိုင်း ကျွန်တော်တို့အပါအဝင် နိုင်ငံသားတိုင်းဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမိမြေပေါ်တွင် မွေးဖွားကြီးပြင်းလာကြသော ဘာသာမတူ၊ လူမျိုးမတူ၊ မတူကွဲပြားသည့်မြန်မာနိုင်ငံသားများ ဖြစ်ကြသည့်အလျောက် တစ်ဦး၏ဘာသာတရားကို တစ်ဦးက လေးစားကြပြီး အပြန်အလှန်ရိုင်းပင်း ကူညီကြလျက် ပြည်ထောင်စု စိတ်ဓာတ်ကို အခြေခံကာ ချစ်ကြည်ရင်းနှီးစွာ ဒီမိုကရေစီ အစိုးရသစ်၏ ဦးဆောင်မှုအောက်တွင် နိုင်ငံအကျိုး၊ပြည်သူ့အကျိုးကို ဝိုင်းဝန်းသယ်ပိုးကြပါစို့လို့ တိုက်တွန်းရင်း မြန်မာနိုင်ငံကြီး အေးချမ်းသာယာပါစေကြောင်း ထပ်လောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျာ။


ဦးဝဏ္ဏ


ဦးကျော်ဇင်လတ်


ဦးဗိုလ်ဗိုလ်မောင်


ဒေါက်တာတူးတူး

**ဦးကျော်ဇင်လတ်(ဟိန္ဒူဘာသာ)**
**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ။

၁၃၈၇ ခုနှစ်ကုန်ဆုံးပြီး ၁၃၈၈ ခုနှစ် နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူနိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး ဘေးဘယာ ဝေးကွာ၍ ကျန်းမာချမ်းသာပြီး အေးချမ်း သာယာပါစေကြောင်း ဟိန္ဒူဘာသာဝင်များ ကိုယ်စား ကျွန်တော် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးတွင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြပြီး ဘာသာမတူ၊ လူမျိုးမတူ၊ ကိုးကွယ်ရာ မတူပေမယ့်လည်း ညီအစ်ကို မောင်နှမစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်ကို အခြေခံလျက် တစ်ဦးနှင့်တစ်ဦး မေတ္တာတရားရှေ့ထားပြီး ချစ်ချစ်ခင်ခင် အေးချမ်းစွာနေထိုင်လာတဲ့ မြန်မာနိုင်ငံတော်ကြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့ကြီး အနေဖြင့် နိုင်ငံတော်အတွက် လိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျွန်တော်တို့ ဟိန္ဒူဘာသာဝင်များကလည်း ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

အခုလို နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူး အခါသမယမှာ မကောင်းမှု အညစ်အကြေးများအားလုံး ဆေးကြောသန့်စင်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတွင် မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ဝိုင်းဝန်းကူညီသယ်ပိုးထမ်းဆောင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ အားလုံး နှစ်သစ်မှာ လိုအင်ဆန္ဒပြည့်ဝကြပါစေ။

**ဦးဗိုလ်ဗိုလ်မောင်**
**(အစ္စလာမ်ဘာသာ)**
**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် တန်ခူးလကတော့ ကျွန်တော်တို့ မြန်မာ နိုင်ငံတော်ကြီးအတွက် အင်မတန် တန်ဖိုးကြီးမား ဂုဏ်ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံလှသည့် နှစ်သစ်မင်္ဂလာ အချိန်အခါပဲဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့မှ အစ္စလာမ်ဘာသာ ဒုတိယဥက္ကဋ္ဌ အနေဖြင့် မဟာသင်္ကြန်နှစ်သစ်ကူးအခါသမယတွင် ဆုမွန်ကောင်းတောင်းခွင့်ရရှိခြင်းကို အထူး ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

လုပ်ရပ်တိုင်းသည် ပြုလုပ်သူ၏ စိတ်ထားပေါ်မှာပဲ မူတည်တာဖြစ်သည့်အတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးဆိုသည်မှာ အင်မတန် ယဉ်ကျေးသိမ်မွေ့ပြီး ချစ်စရာကောင်းပါတယ်။

အစ္စလာမ်ဘာသာ အရလည်း လူသားတို့သည် မေတ္တာတရား၊ သည်းခံမှု၊ ခွင့်လွှတ်နားလည်ခြင်းနှင့်ညီညွတ်ရေးတို့ကို အခြေခံ၍ အချင်းချင်း ကူညီထောက်ပံ့ကာ နေထိုင်ကြရန် သင်ကြားထားပါတယ်။

ကုရ်အာန် ကျမ်းတော်တွင်လည်း အလ္လာဟ်အရှင်မြတ်သည် တရားမျှတမှု၊ ကောင်းမှုကုသိုလ်နှင့် ဆွေမျိုးမိတ်ဆွေများအား ကူညီထောက်ပံ့ခြင်းတို့ကို လုပ်ဆောင်ရန် သတ်မှတ်ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံတော်ကြီး ဆန်ရေစပါးများပေါများပြီး သယံဇာတများ ပေါကြွယ်ဝပါစေ။ နိုင်ငံတော်ကြီး ကမ္ဘာမှာ နေလိုလလိုတောက်ပ၊ နိုင်ငံသူနိုင်ငံသားများ အားလုံး အေးချမ်းပျော်ရွှင်ပြီး စီးပွားလာဘ်လာဘများ ဖွံ့ဖြိုးတိုးတက်၍ အောင်မြင်မှုများစွာ ရရှိခံစားနိုင်ကြပါစေ၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာပါစေ၊ အမှန်တကယ် ကိုယ်ချင်းစာတရားများ ရှိကြပြီး ကိုယ်ကျင့်တရားများ ကောင်းမွန်၍ အကုသိုလ်များမှ ရှောင်နိုင်ကြပါစေ။

**ဒေါက်တာတူးတူး**
**(ခရစ်ယာန်ဘာသာ)**
**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

ယနေ့ဟာ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ကုန်ဆုံးပြီး ၁၃၈၈ ခုနှစ်ကို ရောက်ရှိလာတဲ့ မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်ကူး အခါသမယနေ့ ဖြစ်ပါတယ်။

မြန်မာလူမျိုးတို့ရဲ့ နှစ်ဟောင်းကြွေပျောက် နှစ်သစ်ရောက်သည့် အခါသမယမှာ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၊ နိုင်ငံသူနိုင်ငံသားများ၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး မင်္ဂလာနှစ်သစ်ဖြစ်ပါစေလို့ ခရစ်ယာန်ဘာသာဝင်များကိုယ်စား ကျွန်တော် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

အမိမြန်မာ နိုင်ငံတော်ကြီးရဲ့ အလံတော်အောက်မှာ တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံသူနိုင်ငံသားအတွင်း အမုန်းစကား၊ အမုန်းတရားများ ပယ်ပျောက်၍ ငြိမ်းချမ်းပျော်ရွှင်စွာ အတူယှဉ်တွဲနေထိုင်ကြပြီး နိုင်ငံတော်အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းပါဝင်ကြပါစို့လို့ တိုက်တွန်း နှိုးဆော်လိုက်ပါတယ်။

ထို့အတူ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့ကြီး အနေနဲ့ အမိမြန်မာနိုင်ငံတော်အတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး အန္တရာယ်အပေါင်းမှ ကင်းဝေးပြီး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ မိသားစုအကျိုး၊ နိုင်ငံအကျိုး၊ ဘာသာ၊ သာသနာအကျိုးကို ရွက်သယ်ပိုးနိုင်ကြပါစေ၊ ကိုးကွယ်ရာ ဘာသာကြီးလေးရပ်၏ တူညီသော သစ္စာတရား၊ မေတ္တာတရားများဖြင့် ကြိုဆိုကြပါလို့ နှစ်သစ်ကူးဆုတောင်း မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။

# စီးပွားရေးလုပ်ငန်းရှင်အသင်းများမှ တာဝန်ရှိသူများ၏ နှစ်သစ်မင်္ဂလာ ဆုတောင်းစကားသံများ

**ဦးကံညွန့်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ်)**

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာနှစ်သစ်ကူးအခါသမယမှာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသူနိုင်ငံသားများနှင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးကို မင်္ဂလာနှစ်သစ်ဖြစ်ပါစေလို့ ဦးစွာမေတ္တာပို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်ခင်ဗျာ။

ပြည်သူ့ကိုယ်စား ကျွန်တော်တို့ အခုမြန်မာနိုင်ငံတစ်ဝန်းလုံး မဲပေးခဲ့ကြလို့ ကျွန်တော်တို့တိုင်းပြည်မှာ ပြည်သူ့အကျိုးသယ်ပိုးကြမည့် လွှတ်တော်အသီးသီးလည်းပေါ်ပေါက်လို့ လာခဲ့ပါပြီ။ ပြည်ထောင်စုလွှတ်တော်က ရွေးချယ်ပေးလိုက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ ဒီမိုကရေစီ အစိုးရအဖွဲ့ကြီးလည်းပေါ်ပေါက်လို့ လာခဲ့တဲ့အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းသာအားရပျော်ရွှင်ရပြီး ယခုပြည်သူက ရွေးချယ်လိုက်သော ပြည်သူ့အစိုးရအဖွဲ့နှင့်ပူးပေါင်း၍ ကျွန်တော်တို့ MSME အသေးစား၊ အလတ်စားလုပ်ငန်းများ ပိုမိုဖြစ်ထွန်းကာ ပြည်တွင်းထုတ်ကုန်များကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရမည့် အချိန်အခါကောင်းလည်း ဖြစ်သည့်အတွက် အားလုံးဝမ်းသာကြောင်း ပြောကြားလိုပါတယ်။

ယခုလက်ရှိတစ်ကမ္ဘာလုံးကြုံတွေ့နေရသော စက်သုံးဆီပြဿနာကိုလည်း မကြာမီအချိန်အတွင်း နိုင်ငံတော်သမ္မတကြီးနဲ့ အစိုးရအဖွဲ့က ဖြေရှင်းနိုင်ရန် ကြိုးစားနေချိန်မှာ ကျွန်တော်တို့ တိုင်းသူပြည်သားများကလည်း နားလည်ပေးပြီး ပူးပေါင်းဆောင်ရွက်ကြပါလို့ အထူးပြောကြားလိုပြီး မြန်မာနိုင်ငံငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက် လာပါလိမ့်မယ်လို့၊ တစ်နိုင်ငံလုံး ယခုနှစ်သစ်မှစ၍ အေးချမ်းသာယာကြပါစေလို့ မေတ္တာရှေ့ထား ဆုမွန်ကောင်းတောင်းပေးလိုက်ရပါတယ်။


ဦးကံညွန့်


ဦးနန္ဒကျော်


ဦးမျိုးမြင့်


ဦးမောင်မောင်ဆန်း

**ဦးနန္ဒကျော်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း)**

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။

ယခုသက်တမ်းအတွက် လွှတ်တော်အသီးသီး၊ အစိုးရဌာနအသီးသီးတို့တွင် ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ်ကြီးများနှင့် ခေါင်းဆောင်များအတွက်

စာမျက်နှာ ၁၃ သို့ ☆

# ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်မှ ထင်ရှားကျော်ကြားသော အနုပညာရှင်များ၏ နှစ်သစ်ဆုတောင်းစကားသံများ


ဦးကြည်စိုးထွန်း


ဦးလွင်မြင့်


ဦးအောင်တင်ဝင်း


ဦးအောင်လွင်


ပန်းချီစိုးမိုး


ဒေါ်နွဲ့နွဲ့စန်း

**အလင်္ကာကျော်စွာစည်သူ အကယ်ဒမီ ကြည်စိုးထွန်း (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)**

ရွက်ဟောင်းများကြွေ၍ ရွက်သစ်များဝေပြီး နှစ်ဟောင်းကုန်လို့ နှစ်သစ်သို့ ရောက်ခဲ့ပါပြီ။ အဟောင်းအသစ်အဖြစ်အပျက် နိယာမအတိုင်း နှစ်သစ်ကူးချိန်ကို ရောက်လာတဲ့အခါ အမုန်းစကားများပပျောက်ပြီး ချစ်ခြင်းမေတ္တာတရားများထွန်းကားကြပါစေ။

အပြဲအကွဲများ ပပျောက်ပြီး စည်းလုံးညီညွတ်ခြင်းများ ထွန်းကားကြပါစေ၊ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံသားအပေါင်း လက်တွဲဆောင်ရွက်နိုင်ကြပါစေ။

နှစ်ပေါင်း(၁၀၆) နှစ်တိုင်အောင် ညီညီညွတ်ညွတ်၊ ပျော်ပျော်ရွှင်ရွှင်နဲ့ ရုပ်ရှင်ချစ်ပြည်သူများကို ဖျော်ဖြေပညာပေးနိုင်ခဲ့တဲ့ မြန်မာ့ရုပ်ရှင်လောကကြီး အစွန့်ရှည်ကြာပါစေကြောင်း မြန်မာ့နှစ်သစ်အခါသမယမှာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

**ဦးလွင်မြင့် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး)**

နှစ်ဟောင်းကုန်လို့ နှစ်သစ်အခါ ပြန်ဆုံကြတဲ့ မင်္ဂလာရှိတဲ့ နှစ်သစ်မှာ အေးချမ်းတဲ့အတာရေနဲ့အတူ ကမ္ဘာပေါ်မှာရှိတဲ့ လူသားအားလုံး၊ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးအပူကင်းလို့ အေးချမ်းသာယာကြပါစေ။ လောဘ၊ ဒေါသ၊ မာန်မာနတွေနဲ့ အမုန်းတရားတွေကင်းစင်ပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမဆုတောင်းမေတ္တာပို့သပါတယ်။

မင်္ဂလာရှိတဲ့ နှစ်သစ်အချိန်အခါမှာ ကမ္ဘာသူကမ္ဘာသားအားလုံးနဲ့အတူ နိုင်ငံသူ နိုင်ငံသားအားလုံး အနုပညာရှင်လောကသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပြီး နိုင်ငံတော်အတွက် အားသစ်၊ မာန်သစ်ဖြင့် အားလုံးပါဝင်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်။ တိုင်းရင်းသားညီအစ်ကိုအားလုံး နိုင်ငံတော်၊ ပြည်သူနှင့်အတူ ချစ်ခြင်းမေတ္တာများပြည့်ဝပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များမှာလည်း ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်နိုင်ကြပါစေ။ ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက် ဆွေမျိုးသားရင်းများဖြစ်ကြတဲ့ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ စာပေ စတဲ့ ပညာရှင်များအားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး မိမိတို့၏ အနုပညာစွမ်းအားဖြင့် နိုင်ငံနှင့် အများပြည်သူအတွက် လက်တွဲဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါတယ်။

**အလင်္ကာကျော်စွာ ဦးအောင်တင်ဝင်း (နာယက၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို))**

မြန်မာ့နှစ်သစ်ကူးအခါသမယ မင်္ဂလာအချိန်အခါမှာ ပြည်သူပြည်သားအပေါင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်း ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ လန်းဖြာကြပါစေ၊ ဝမ်းသာကြပါစေလို့ မေတ္တာများပို့သပါတယ်။ ကျွန်တော်တို့ အနုပညာရှင်များကလည်း ပြည်သူကိုချစ်ပြီး ပြည်သူကလည်း အနုပညာရှင်များကို ချစ်ခင်မြတ်နိုးတဲ့အတွက် မေတ္တာအသွားအပြန် အထားမှန်ကြပြီး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေကြောင်း နှစ်သစ်မေတ္တာပို့သအပ်ပါတယ်။

**အကယ်ဒမီ ဦးအောင်လွင် (ရုပ်ရှင်သရုပ်ဆောင်)**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်ကို ကူးပြောင်းတဲ့ မြန်မာ့နှစ်သစ်အခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းနဲ့ ကမ္ဘာသူ ကမ္ဘာသားအပေါင်း ရင်ဆိုင်နေရတဲ့ အခက်အခဲများ ကင်းလွတ်ကြပါစေ။ စားဝတ်နေရေး အဆင်ပြေကြပါစေ။ နှစ်သစ်မင်္ဂလာမှာ ပျော်ရွှင်ချမ်းမြေ့ကြပါစေ။

ရုပ်ရှင်လောကသားတွေထဲမှာ အသက်ကြီးတဲ့ အနုပညာရှင်များဟာ အခက်အခဲများရှိကြပါတယ်။ ဒါကြောင့် ရုပ်ရှင်အစည်းအရုံးက တတ်အားသရွေ့ ဆန်၊ ဆီ၊ ဆား လှူဒါန်းနေတာကြောင့် နှစ်ဆန်းမှာ လှူဒါန်းဖို့ ရည်ရွယ်ထားပါတယ်။ ရုပ်ရှင်လောကသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းပြီး ပြည့်စုံကြပါစေ၊ ကမ္ဘာသူ ကမ္ဘာသားအပေါင်းနှင့် မြန်မာပြည်သူအပေါင်း နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုမွန်ကောင်းပို့သပါတယ်။

**အလင်္ကာကျော်စွာ အကယ်ဒမီ ပန်းချီစိုးမိုး (ရုပ်ရှင် ဒါရိုက်တာ)**

မြန်မာ့နှစ်သစ်ကူးနှင့်အတူ အေးမြသော အတာရေပက်ဖျန်းရင်း စိတ်သစ်ကိုယ်သစ်ဖြင့် ကျန်းမာ၊ ချမ်းသာ၊ ဝမ်းသာစရာအပေါင်းနှင့် ပြည့်စုံပြီး ကောင်းမွန်သော လိုအင်ဆန္ဒမှန်သမျှ ပြည့်ဝပါစေ၊ ဘေးဒုက္ခအပေါင်းမှ ကင်းဝေးပြီး သာသနာ၊ ဘာသာနှင့် နိုင်ငံ၏ကောင်းကျိုးများကို ဆောင်ရွက်နိုင်ကြပါစေကြောင်း ပဏာမဆုမွန်ကောင်း တောင်းအပ်ပါတယ်။ အများဆန္ဒနှင့်အညီ မြန်မာတစ်နိုင်ငံလုံး ရွေးကောက်ပွဲကြီး အောင်မြင်အေးချမ်းစွာ ပြီးစီးခဲ့ပြီးတော့ လွှတ်တော်အဆင့်ဆင့်၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတအပါအဝင် အစဉ်နုပျိုနေသော တပ်မတော်ကြီးနှင့် ဝန်ကြီးအဖွဲ့များ၊ အုပ်ချုပ်မှုအဆင့်ဆင့်တို့ကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတကာအကြီးအကဲများ၏ သမ္မတကြီးအပေါ် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ နေ့စဉ်ပေးပို့မှုအပေါ် ဝမ်းသာပီတိဖြစ်မိပါတယ်။ တိုင်းရင်းသားမိဘညီအစ်ကိုအပေါင်းနှင့် ပြည်သူများ တောင့်တမျှော်မှန်းခဲ့သည့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဖြောင့်တန်းစွာ ချီတက်နိုင်ရန် တရားသတိ၊ ပညာအသိအမြင်၊ ဖြူစင်သော ဆန္ဒများဖြင့် အထောက်အပံ့ပြုစေပြီး အဖျက်ကိုရှောင်၊ အပြုကိုဆောင်ပြီး ခေတ်မီတိုးတက်သော နိုင်ငံသစ်ဆီသို့ ချီတက်ကြပါစို့ဟု စေတနာမေတ္တာများစွာဖြင့် ဆန္ဒပြုပါတယ်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြကုန်သော တိုင်းရင်းသားအပေါင်းနှင့် နိုင်ငံသားအပေါင်း ကောင်းမွန်သော လိုအင်ဆန္ဒများ ပြည့်ဝကြပါစေ၊ ကမ္ဘာသူ ကမ္ဘာသားအပေါင်း ငြိမ်းချမ်းကြပါစေကြောင်း နှစ်သစ်ဆုတောင်း ပို့သအပ်ပါတယ်။

**အကယ်ဒမီ ဒေါ်နွဲ့နွဲ့စန်း (ရုပ်ရှင်သရုပ်ဆောင်)**

ဒီအချိန်မှာ ကမ္ဘာကြီး တောင့်တနေမှာက အေးချမ်းသာယာမှုပါပဲ၊ ဒါကြောင့် ကပ်ကြီးသုံးပါးမှ ကင်းလွတ်ကြပါစေ။ မြန်မာ့နှစ်သစ် အခါသမယမှစပြီး မြန်မာပြည်ကြီး အေးချမ်းပြီလို့ ယူဆပါတယ်။ ပြည်သူပြည်သားများနဲ့ ရုပ်ရှင်လောကသားအပေါင်း အကျပ်အတည်းအပေါင်းမှ လွတ်ကင်းချမ်းသာပြီး စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ကြပါစေ။ ကမ္ဘာသူကမ္ဘာသား၊ မြန်မာပြည်သူ ပြည်သားအပေါင်း ကျန်းမာခြင်း၊ ချမ်းသာခြင်းနဲ့ ပြီးပြည့်စုံပြီး နှစ်သစ်မင်္ဂလာမှာ လူသစ်၊ စိတ်သစ်နဲ့ နိုင်ငံအကျိုး၊ လူမျိုးအကျိုးကို ထမ်းပိုးဆောင်ရွက်နိုင်ကြပါစေလို့ နှစ်သစ်ဆုမွန်စကားပါးအပ်ပါတယ်။

**သတင်း-သစ္စာ(MNA)**
**ဓာတ်ပုံ-ဖွဲ့မာန်**

---

☆ စာမျက်နှာ ၁၂ မှ

ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အမိမြန်မာနိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်လာစေဖို့ အစွမ်းကုန် ကြိုးစားအားထုတ်ပေးမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့အသင်းအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ကျရာတာဝန်ပံ့ပိုးနိုင်ရန် အသင့်ရှိပါတယ်။ အရှိတရားများ၏အားနည်းချက်ကို လက်ခံပြင်ဆင်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်သော ဘုံအကျိုးစီးပွားဆီ ချစ်ခင်စည်းလုံးစွာ ဖြတ်သန်းနိုင်သော အမိမြန်မာနိုင်ငံတော်ကြီး ဖြစ်တည်လာပါစေ။ မြေနှင့်သယံဇာတအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာအရင်းအမြစ်တို့ကို အားသာချက်ဖြစ်အောင် စုပေါင်းဖော်ထုတ်ပြီး ထည်ဝါသော အနာဂတ်ဆီရောက်ရှိပါစေ။ မြန်မာပြည်သူ ပြည်သားအားလုံး ဘေးကင်းအောင်မြင် ပျော်ရွှင်သော မင်္ဂလာနှစ်သစ်ဖြစ်ကြပါစေ။

**ဦးမျိုးမြင့်(ဥက္ကဋ္ဌ၊ MKT Construction Company Ltd.)**

မြန်မာ့နှစ်သစ်ကူး အခါသမယမှစ၍ မြန်မာပြည်သူပြည်သားများ၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး အေးချမ်းမှု၊ ငြိမ်းအေးမှု၊ ပျော်ရွှင်မှုများရရှိပါစေ။ မေတ္တာတရားများပွားများနိုင်ပါစေ။ ဗြဟ္မစိုရ်တရားများ ထွန်းကားနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်ခင်ဗျား။

**ဦးမောင်မောင်ဆန်း (ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း)**

မင်္ဂလာရှိတဲ့ ၁၃၇၈ ခုနှစ် နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသား အားလုံးသော ခုနစ်ရက်သားသမီး သူတော်ကောင်းအပေါင်းတို့ စိတ်သစ်၊ လူသစ်ဖြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။ စီးပွားဥစ္စာ ရတနာတွေလည်း တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးတက်ကြီးပွားနိုင်ကြပါစေ။ လိုအင်ဆန္ဒများနဲ့လည်း ပြည့်ဝကြပါစေ။ ရောဂါဘယများလည်း ကင်းဝေးကြပါစေ။ မြန်မာနိုင်ငံကြီး အေးချမ်းသာယာပါစေကြောင်း၊ ငြိမ်းချမ်းပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

**သတင်းအဖွဲ့**

---

## ဆိပ်ဖြူမြို့နယ်၌ နှစ်သစ်ကူးသင်္ကြန်အတက်နေ့နံနက်ပိုင်း ဘုရားစေတီများတွင် ဆွမ်း၊ အတာပန်းကပ်လှူခြင်းနှင့် စတုဒိသာအလှူပြုခြင်းတို့ဖြင့် စည်ကား



**ဆိပ်ဖြူ ဧပြီ ၁၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ယနေ့ သင်္ကြန်အတက်နေ့နံနက်ပိုင်းတွင် ဘုရားစေတီများ၌ ဆွမ်း၊ အတာပန်းကပ်လှူခြင်းနှင့် စတုဒိသာအလှူပြုခြင်းတို့ဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မြန်မာတို့၏နှစ်ကူးအတာသင်္ကြန်ပွဲတော် သင်္ကြန်အတက်နေ့တွင် ဘုရာစေတီများရှိ ဂြိုဟ်ပြေနာမ်ပြေဘုရာများတွင် ဆွမ်း၊ ရေချမ်း၊ ဆီမီးနှင့်အတာပန်းများကို သင်္ကြန်အတက်နေ့တွင်ကျရောက်သည့် နေ့နာမ်ကြာသပတေးသား/သမီးများ အတာသင့်သည့်အတွက် (ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး) အဆင်ပြေစေရန်ကပ်လှူပူဇော်ကြခြင်း၊ ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသီလဆောက်တည်သူများ၊ ရပ်ကွက်အတွင်း ဘုရားစေတီများနှင့် လမ်းမကြီးများတွင် စုပေါင်းစတုဒိသာ ထမင်းနှင့်ဟင်း၊ အချိုရည်အအေးများ၊ မုန့်မျိုးစုံတို့ကို ကုသိုလ်ပြုကျွေးမွေးဆောင်ရွက်လျက်ရှိသည်။ သင်္ကြန်ရေကစားသူများအနေဖြင့် ယောချောင်းအတွင်း အေးချမ်းပျော်ရွှင်စွာ ရေလာရောက်ကစားလျက်ရှိရာ သင်္ကြန်အတက်နေ့တွင် ပိုမိုစည်ကားကြောင်း သိရသည်။

**ကိုဖွဲ့(အညာမြေ)**

# EV သက်တမ်းရှည်စေဖို့ နည်းလမ်းတကျ သုံးစွဲစို့

**□— အောင်ဇေယျာဟိန်း —□**

ယနေ့ ကမ္ဘာ့မြို့ကြီးများကို Cyber City၊ Smart City နှင့် AI City များအဖြစ် နည်းပညာအဆင့်မြင့်တင်တည်ထောင်လာမှုများ၊ ကမ္ဘာကြီးပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကို လျှော့ချတိုက်ဖျက်နိုင်ရေး၊ ၂၀၅၀ ပြည့်နှစ် ကာဗွန်ကင်းစင်ရေး၊ ကမ္ဘာ့ပန်းတိုင်အရ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍတို့၌ ရုပ်ကြွင်းလောင်စာများအား မဟာဗျူဟာမြောက်လျှော့ချသုံးစွဲလာမှုများ၊ တစ်ဖန် ကမ္ဘာ့စွမ်းအင် အကျပ်အတည်းနှင့် နှစ်သက်တမ်းကန့်သတ်ချက်ရှိသော ရုပ်ကြွင်းလောင်စာများ လျော့နည်းရှားပါးလာမှုတို့ကြောင့် အစိမ်းရောင်စွမ်းအင်သုံး လျှပ်စစ်ကား(EV)သုံးစွဲမှုများ သိသာစွာ ရေပန်းစားလာပါ၏။ ကမ္ဘာ့ EV နည်းပညာဖွံ့ဖြိုးမှုအရွေ့များ အံ့မခန်းမြန်ဆန်လာကာ ဈေးကွက်ယှဉ်ပြိုင်မှုစစ်ပွဲများ ပြင်းထန်လာပြီး EV ရောင်းချရမှု ရာခိုင်နှုန်းများ သိသာစွာမြင့်တက်လာပါသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအတိုင်း အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီက ၂၀၅၀ ပြည့်နှစ် လမ်းပြမြေပုံနှင့် မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းကော်မတီ ငါးခုတို့က ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်တွင် EV ကဏ္ဍဖွံ့ဖြိုးတိုးတက်လာပြီး မြို့ကြီးများ၌ ပြည်သူများ၏ EV သုံးစွဲမှုများ တစ်ရှိန်ထိုး မြင့်တက်လာသည်ကို ထင်ရှားစွာ တွေ့မြင်လာရပါသည်။

သို့ဖြစ်ရာ ပြည်သူတို့ EV သုံးစွဲမှုမှ အကျိုးကျေးဇူးများရရှိနိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာ သက်တမ်းရှည်ကြာ သုံးစွဲနိုင်စေရေးတို့အတွက် EV နည်းပညာများ၊ နည်းလမ်းတကျ သုံးစွဲမှုများနှင့် အလေ့အကျင့်ကောင်းများကို ပြည်သူများအကြား ပြန့်ပွားသွားအောင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးရန် လိုအပ်လာရာ ဤဆောင်းပါးဖြင့် တင်ပြရခြင်းဖြစ်ပါ၏။

### EV ရဲ့ အသက်ဟာ ဘက်ထရီပါ

**အမှန်စင်စစ်တွင် EV ၏ အသက်တမျှ အရေးအကြီးဆုံး အစိတ်အပိုင်းမှာ လူသား၏ နှလုံးနှင့် တန်းတူတင်စားနိုင်သည့် ဘက်ထရီပင်ဖြစ်၏။ လူသားတစ်ဦးအတွက် နှလုံး၏ ကျန်းမာရေးသည် အသက်ရှင်သန်မှုအတွက် အရေးအကြီးဆုံးဖြစ်ပါသည်။ နှလုံးရောဂါရှိနေသူတစ်ဦး၏ ကျန်းမာရေး စောင့်ရှောက်မှုစရိတ် မြင့်မားသလို သွားလာ၊ နေထိုင်မှုများတွင် ကြောင့်ကြစိုးရိမ်မှုများ ရှိနိုင်ပါ၏။ အလားတူ EV ဘက်ထရီ၏ ကျန်းမာရေးသည် ကား၏ သက်တမ်းနှင့် စွမ်းဆောင်ရည်၊ မကြောင့်မကြ သွားနိုင်သော ခရီးမိုင်နှင့် ရေရှည်ကုန်ကျစရိတ်များအပေါ် တိုက်ရိုက်သက်ရောက်မှုရှိနေပါသည်။**

EV ဘက်ထရီကို လီသီယမ်ဖြင့် အဓိကဖွဲ့စည်းတည်ဆောက်ထားရာ အကြိမ်ကြိမ်အားသွင်း-အားပြန်ထုတ်ခြင်းများက အတွင်းရှိ ကုန်ကြမ်းပစ္စည်းများကို ပြောင်းလဲစေပြီး အချို့သော လီသီယမ်တို့သည် အသုံးပြုနေစဉ် လွတ်လပ်စွာ မရွေ့လျားနိုင်တော့ဘဲ ရပ်တန့်ပိတ်ဆို့သွားကြ၏။


၎င်းပိတ်ဆို့လီသီယမ်များက ဘက်ထရီကျန်းမာရေးကို ထိခိုက်၍ စွမ်းရည်ကျဆင်းသွားစေပြီး ခရီးမိုင်သွားနိုင်စွမ်းကို လျော့နည်းစေပါ၏။ EV ဘက်ထရီကျန်းမာရေးအခြေအနေ (State of Health-SOH)ကို ရာခိုင်နှုန်းဖြင့် ဖော်ပြလေ့ရှိပါသည်။ သာဓကအားဖြင့် EV ဘက်ထရီစွမ်းအင်နှုန်းသည် ၆၀ ကီလိုဝပ်နာရီ (kWh) ရှိပြီး ကျန်းမာရေး (SOH) အခြေအနေ ၆၆ ရာခိုင်နှုန်းဟု ဖော်ပြလျှင် ၄၀ ကီလိုဝပ်နာရီအထိသာ အားသွင်းသုံးစွဲနိုင်ပါမည်။ ဘက်ထရီစွမ်းရည်ကျဆင်းရာက နောက်ဆုံးတွင် စွမ်းရည်မဲ့ပြီး မော်တာနှင့် လျှပ်စစ်စနစ်များ အလုပ်မလုပ်နိုင်တော့လျှင် EV ကို ဆုံးရှုံးသွားပါမည်။ လူတွင် ကျန်းမာရေးထိခိုက်စေသော အလေ့အကျင့်များက နှလုံးရောဂါဖြစ်စေနိုင်သလို EV တွင် မသင့်လျော်သည့် သုံးစွဲမှုအလေ့အကျင့်များက ဘက်ထရီကို ဆိုးရွားစွာ ထိခိုက်စေနိုင်၏။

**မောင်းနှင်ချိန်၊ ရပ်နားချိန်နှင့် အားသွင်းချိန်တို့၌ EV ကို နည်းစနစ်တကျ သုံးစွဲရန်လိုအပ်၏။ အမှန်တကယ်တွင် ယင်းနည်းစနစ်များအတိုင်း ဆောင်ရွက်ရသည်မှာ အပန်းမကြီးလှ။ ခက်ခက်ခဲခဲ ဆောင်ရွက်ရန် မလိုအပ်သော်လည်း အလေ့အကျင့်ကောင်းများဖြစ်သည်အထိ အလေးထားလျက် ဆောင်ရွက်သွားရန်သာ လိုအပ်ပါသည်။** ၎င်းတို့ကို မသိ၍ဖြစ်စေ၊ သိသော်လည်း အလေးမထား ပေါ့ပေါ့ဆဆ သုံးစွဲမိ၍ဖြစ်စေ ဘက်ထရီသက်တမ်းတိုခြင်းနှင့် နောက်ဆက်တွဲဆိုးကျိုးများကို လက်ယပ်၍ ဖိတ်ခေါ်သလိုဖြစ်နေပါမည်။

EV သက်တမ်းရှည်စေရေးအတွက် ဘက်ထရီသက်တမ်းကို မြန်မြန်ဆန်ဆန် ကျဆင်းစေသည့် အချက်များဖြစ်သော ကားပြိုင်ပွဲမောင်းသလို အရှိန်ပြင်းထန်စွာ မောင်းနှင်ကာ စွမ်းအင်ချွေတာမှုမရှိခြင်း၊ ပေါ့ပေါ့ဆဆမောင်းခြင်း၊ မဆင်ခြင်ဘဲ အားသွင်းမှုနှင့် ရပ်နားမှုများ၊ ဘက်ထရီကို လွန်ကဲစွာ ပူစေခြင်းနှင့် အေးစေခြင်းတို့ကို ရှောင်ရှားရပါမည်။

### EV ဘက်ထရီ သံသရာ

EV လီသီယမ် - အိုင်းယွန်းဘက်ထရီများကို ယေဘုယျအားဖြင့် သက်တမ်း ရှစ်နှစ်မှ ၁၅ နှစ်အထိ (မောင်းနိုင်မှုခရီး ကီလိုမီတာတစ်သိန်းမှ နှစ်သိန်းခန့်အထိ) သုံးနိုင်အောင် အာမခံထုတ်လုပ်ထားပြီး ဘက်ထရီ၏ ပထမသက်တမ်းပင်ဖြစ်၏။ ၎င်းကို ကျော်လွန်ပြီးနောက် ဘက်ထရီစွမ်းရည် ၇၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းခန့်သာ ကျန်ရှိလျှင် ဘက်ထရီ၏ ဒုတိယသက်တမ်းအဖြစ် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်သုံးနှင့် နေအိမ်သုံး ဘက်ထရီစနစ်များတွင် ဆက်လက်သုံးနိုင်၏။ သို့ဖြစ်ရာ ယင်းစွမ်းရည်ကျဘက်ထရီကို ပြန်လည်အသုံးပြုလိုသည့် လုပ်ငန်းအဖွဲ့အစည်းထံ ပြန်လည်ရောင်းချပြီး EV အသစ်တစ်စီး ဝယ်ယူရန် ကုန်ကျစရိတ်ကို လျှော့ချပေးနိုင်ပါမည်။ ယင်းသို့ ဒုတိယသက်တမ်းအဖြစ် ၁၀ နှစ်ခန့် အသုံးပြုပြီး ဘက်ထရီစွမ်းရည် ၄၀ ရာခိုင်နှုန်းအောက်သို့ ထပ်မံကျဆင်းသွားပါက ၎င်းကို မစွန့်ပစ်ရပေ။ တတိယသက်တမ်းအဖြစ် အဖိုးတန်ဓာတ်သတ္တုများ (လီသီယမ်၊ ကိုဗော့၊ ဂရပ်ဖိုက်၊ နီကယ် စသည်) ပြန်လည်ထုတ်ယူအသုံးချခြင်း (Recycling) ဖြင့် ဘက်ထရီနှင့် အခြားကုန်ထုတ်လုပ်ငန်းများ၌ အသုံးပြုနိုင်ရာ သဘာဝမှ အဖိုးတန်ဓာတ်သတ္တုများ ထုတ်လုပ်ရေးလိုအပ်ချက်ကိုပါ တစ်ပါတည်း လျှော့ချပေးနိုင်သဖြင့် သဘာဝသယံဇာတရင်းမြစ်များကိုလည်း ထိန်းသိမ်းစေနိုင်ပါမည်။




ပုံ ၁၊ EV ဘက်ထရီ သံသရာလည်ပုံ။

သက်တမ်းအလိုက် EV ဘက်ထရီကို အသုံးချနိုင်ပုံနှင့် ဘက်ထရီသံသရာလည်ပုံကို ပုံ (၁)တွင် တင်ပြထားပါသည်။ **EV ဘက်ထရီရှိ အဖိုးတန်သတ္တုပစ္စည်းများ၏ ၉၀ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိ Re-cycle လုပ်ငန်းစဉ်များဖြင့် ပြန်လည်ထုတ်ယူရရှိနိုင်ရာ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးဆိုင်ရာ စီးပွားရေးဂေဟစက်ဝန်း(Circular Economy) ဖွံ့ဖြိုးရန် အထောက်အကူပြုပေးနိုင်ပါ၏။ သို့ဖြစ်ရာ EV ဘက်ထရီများကို သက်တမ်းမတိုင်မီ ပျက်စီးခြင်းမဖြစ်အောင် တန်ဖိုးထားလျက် နည်းစနစ်တကျ သုံးစွဲကာ သက်တမ်းကြာရှည်အောင် အလေးထား ဆောင်ရွက်ရန် လိုအပ်လှပေသည်။**

**၁။ EV ကို စနစ်တကျမောင်းခြင်း**

**၁။ (က) ညင်သာစွာ အရှိန်လျှော့မောင်းခြင်း**

EV မောင်းသည့် အရှိန်သည် တစ်နာရီ မိုင် ၅၀ နှုန်းထက်ကျော်လျှင် ကိုယ်ထည်အလေးချိန်ကို ဆွဲရန်ထက် လေထုလွှာအတွင်းရှိ လေခုခံမှုကို ဖောက်ထွက်ရန်အတွက် စွမ်းအင်ကို ပိုမိုအသုံးပြုရ၏။ **EV ၏ အရှိန်ကို ပြင်းထန်စွာ မြှင့်တင်လေ ဘက်ထရီစွမ်းအင်ကို ပိုမိုသုံးစွဲရလေဖြစ်၍ ပိုမိုမြန်ဆန်စွာအားကုန်ပြီး သွားနိုင်သည့် ခရီးမိုင် လျော့နည်းသွားပါမည်။ သို့ဖြစ်ရာ အရေးမကြီးလျှင် ပုံမှန်နှုန်းဖြင့် ညင်သာစွာ အရှိန်လျှော့မောင်းပါက ဘက်ထရီသက်တမ်း ပိုမိုကြာရှည်ခံသည့် အကျိုးကျေးဇူးကို ရရှိစေပါမည်။ သို့ဖြစ်ရာ ညင်သာသော အရှိန်လျှော့မောင်းမှုပုံစံကို ကျင့်သုံးပါ။** သာဓကအားဖြင့် အရှိန်သတ်မှတ်ချက် ၇၅ မိုင်နှုန်းတွင် ခရီးမိုင် ပိုမိုသွားနိုင်စေရန် ၆၅ မိုင်နှုန်းဖြင့်သာ မောင်းပါ။

ထိုသို့ ပြုလုပ်ရန် အလိုအလျောက် အရှိန်ထိန်းချုပ်စနစ် (Cruise Control) ကို အသုံးပြုလျှင် ယာဉ်မောင်းက EV ကို ထိန်းချုပ်မှုမလိုဘဲ အန္တရာယ်ကင်းရှင်းအောင် သတ်မှတ်အရှိန်အတိုင်း ထိန်းမောင်းပေးပါမည်။

**စာမျက်နှာ ၁၅ သို့ ☆**

**❛ မောင်းနှင်ချိန်၊ ရပ်နားချိန်နှင့် အားသွင်းချိန်တို့၌ EV ကို နည်းစနစ်တကျ သုံးစွဲရန်လိုအပ်၏။ အမှန်တကယ်တွင် ယင်းနည်းစနစ်များအတိုင်း ဆောင်ရွက်ရသည်မှာ အပန်းမကြီးလှ။ ခက်ခက်ခဲခဲ ဆောင်ရွက်ရန်မလိုအပ်သော်လည်း အလေ့အကျင့်ကောင်းများဖြစ်သည်အထိ အလေးထားလျက် ဆောင်ရွက်သွားရန်သာ လိုအပ်ပါသည်။ ၎င်းတို့ကို မသိ၍ဖြစ်စေ၊ သိသော်လည်း အလေးမထား ပေါ့ပေါ့ဆဆ သုံးစွဲမိ၍ဖြစ်စေ ဘက်ထရီသက်တမ်းတိုခြင်းနှင့် နောက်ဆက်တွဲဆိုးကျိုးများကို လက်ယပ်၍ ဖိတ်ခေါ်သလိုဖြစ် ❜**

☆ စာမျက်နှာ ၁၄ မှ

အဆိုပါစနစ်အတွက် ခလုတ်မှာ စတီယာရင်တွင် ပါလေ့ရှိပြီး မောင်းနှင်စဉ် ယာဉ်မောင်းရှေ့ဒိုင်ခွက်ပေါ်တွင်လည်း ပုံ (၂)တွင် ဖော်ပြပါအတိုင်း တွေ့မြင်နိုင်ပါသည်။

EV အတော်များများတွင် ပုံ (၃) တွင် ဖော်ပြပါအတိုင်း လိုက်လျောညီထွေ အရှိန်ထိန်းချုပ်စနစ် (Adaptive Cruise Control-ACC) ပါဝင်ပြီး ၎င်းသည် မောင်းနှင်မှုလမ်းညွှန်စနစ်၊ ယာဉ်ကြောပိတ်ဆို့မှုအခြေအနေနှင့် ရေဒါ၊ ကင်မရာ၊ အာရုံခံ ကိရိယာများမှ အချက်အလက်များအရ မည်သို့မောင်းသင့်သည်ကို ကြိုတင်သတ်မှတ်ပေးပြီး အန္တရာယ်ကင်းမည့် အကွာအဝေးအလိုက် အရှိန်နှင့် အကွာအဝေးတို့ကို ထိန်းချုပ်ပေးခြင်း၊ ဘရိတ်အုပ်ခြင်းတို့ကို အလိုအလျောက် လုပ်ဆောင်ပေး၏။ ရှေ့တွင် တောင်ဆင်းလမ်းရှိနေပါက ၎င်းစနစ်က လီဗာကို လျှော့ချပေးပြီး ကမ္ဘာ့မြေဆွဲအားဖြင့် ယခင်အရှိန်ကို ဆက်လက်ထိန်းထားပေးခြင်း၊ ရှေ့တွင် အခြားယာဉ်ရှိလျှင် အရှိန်လျှော့ချပေးခြင်း၊ ယာဉ်ကြောအခြေအနေအရ အဝေးပြေးလမ်းမှ တိုးဂိတ်ထွက်ပေါက်မရောက်မီ အရှိန်ကို စတင်လျှော့ချပေးခြင်းတို့ကို အလိုအလျောက် လုပ်ဆောင်ပေး၏။




ပုံ ၂၊ အလိုအလျောက်အရှိန်ထိန်းချုပ်စနစ်ကို တွေ့မြင်ရစဉ်။




ပုံ ၃၊ လိုက်လျောညီထွေအရှိန်ထိန်းချုပ်စနစ်ကို တွေ့မြင်ရစဉ်။

အဆိုပါ လိုက်လျောညီထွေ အရှိန်ထိန်းချုပ်စနစ် (ACC)ထက် ပိုမိုအဆင့်မြင့်သော အသိဉာဏ်ရှိ အရှိန်ထိန်းချုပ်စနစ် (Intelligent Cruise Control-ICC)လည်းရှိ၏။ ယင်းသည် အဆင့်-၂ ရှိ တစ်စိတ်တစ်ပိုင်း မောင်းသူမဲ့စနစ်ဖြစ်၍ လိုက်လျောညီထွေ အမြန်နှုန်းထိန်းချုပ်မှု၊ မောင်းသူ၏ စတီယာရင်လှုပ်ရှားမှု၊ လမ်းအနိမ့်အမြင့်နှင့် မြေပုံတို့ကို ပေါင်းစပ်ပြီး သက်မှတ်အရှိန်နှုန်းအမျိုးမျိုးကို အလိုအလျောက်ထိန်းချုပ်ပေးနိုင်ရာ ခရီးဝေးများအတွက် သုံးစွဲရန် အထူးသင့်တော်ပါသည်။

**၁။ (ခ) ဘရိတ်အုပ်ရင်း အားပြန်သွင်းခြင်း**

**EV ရှိ ပင်ကိုစွမ်းဆောင်နိုင်မှုမှာ ဘရိတ်အုပ်ရင်း အားပြန်သွင်းခြင်း(Regenerative Braking) ဖြစ်၏။ EV မောင်းဖို့ အားသွင်းပေးရသော်လည်း ဘရိတ်အုပ်လျှင် အလိုအလျောက် အားပြန်သွင်းမှုက ထူးကဲသည့် အားသာချက်ဖြစ်၏။** ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို မော်တာက ရွေ့လျားစွမ်းအင်သို့ ပြောင်းလဲပေး၍ EV မောင်းနိုင်၏။ ဘရိတ်အုပ်လျှင် မော်တာက လျှပ်ထုတ်စက်အဖြစ် ပြောင်းပြန်လုပ်ဆောင်၍ ရွေ့လျားစွမ်းအင်ကို လျှပ်စစ်စွမ်းအင်သို့ ပြန်လည်ပြောင်းလဲပေးရာ ဘက်ထရီကို အားပြန်သွင်းရင်း ယာဉ်ရပ်တန့်စေ၏။ ဤသို့ အသွားနှစ်ဖက်ခေးလို မော်တာက လုပ်ဆောင်ပေး၍ လောင်စာဆီသုံးကားဆိုလျှင် အလဟဿဖြစ်မည့် စွမ်းအင် ၂၂ ရာခိုင်နှုန်းမှ ၆၅ ရာခိုင်နှုန်းအထိ EV သုံးစွဲမှုမှ အကျိုးကျေးဇူးအဖြစ် ပြန်လည်ရရှိစေနိုင်၏။

အချို့ EV များတွင် မြို့တွင်းမောင်းရန် ခြေနင်းတစ်ခုတည်းမောင်းနှင်မှုစနစ် (One Pedal သို့မဟုတ် e-pedal Driving) ပါဝင်ပြီး အရှိန်တင်ခြင်းနှင့် ဘရိတ်အုပ်ခြင်းအတွက် လီဗာတစ်ခုတည်းကိုသာ သုံး၍ ယာဉ်မောင်းက လီဗာကိုလွှတ်လိုက်သောအခါ မော်တာများသည် လျှပ်ထုတ်စက်အဖြစ် ပြောင်းပြန်အလုပ်လုပ်ပြီး ကားကို ပုံမှန်အတိုင်း ရပ်တန့်စေ၏။ **၎င်းစနစ်ကို အလွန်အကျွံသုံးလျှင် ဘေးအန္တရာယ်ကင်းရှင်းမှုနည်းပါးစေကြောင်း၊ အသုံးပြုဖန်များလာပါက အလေ့အထဆိုးအဖြစ် အရေးပေါ်အခြေအနေတွင် ဘရိတ်ခြေနင်းကို နင်းရန် နှောင့်နှေးလာကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ တရုတ်နိုင်ငံတွင် ၂၀၂၇ ခုနှစ်မှစ၍ ၎င်းစနစ်ကို ပြဋ္ဌာန်းချက်အမှတ် GB 21670-2025 ဖြင့် မသုံးရန် တားမြစ်ထားပါသည်။**

**၁။ (ဂ) အရှိန်ဖြင့် လွှတ်မောင်းခြင်း**

အကယ်၍သင့် EV တွင်ဘရိတ်အုပ်ရင်းအားသွင်းခြင်းစနစ် ချွတ်ယွင်းနေလျှင် (သို့မဟုတ်) မထိရောက်လျှင် ဘက်ထရီစွမ်းအင်ချွေတာရေးအတွက် အရှိန်ဖြင့် လွှတ်မောင်းခြင်းကို သုံးနိုင်၏။ **၎င်းသည် ဘရိတ်နင်းရမည့်အမှတ်သို့ မရောက်မီ အဝေးကတည်းက လီဗာကို လွှတ်လိုက်ပြီး ကား၏ လိမ့်ထွက်သွားသော အရှိန်ဖြင့် ဆက်သွားစေသည့်စနစ်ကို ဆိုလိုသည်။** ၎င်းသည် မြို့တွင်းဝန်းကျင်၌ ယာဉ်ကြောပိတ်ဆို့မှုရှိရာ မောင်းရန် လက်တွေ့မကျသော်လည်း အဝေးပြေးလမ်းများတွင်သုံးလျှင် ရွေ့လျားစွမ်းအင်မှ လျှပ်စစ်စွမ်းအင်သို့ ပြောင်းလဲရာတွင် စွမ်းအင်ဆုံးရှုံးမှုမရှိရာ ဘရိတ်အုပ်ရင်း အားသွင်းခြင်းစနစ်ထက် ပိုမိုထိရောက်ပါသည်။

**အမှန်စင်စစ်တွင် ဘရိတ်အုပ်ရင်း အားသွင်းခြင်းနှင့် အရှိန်ဖြင့် လွှတ်မောင်းခြင်းစနစ်နှစ်မျိုးကို ယာဉ်ကြောအခြေအနေအလိုက် တွဲဖက်သုံးနိုင်လျှင် ပိုမိုကောင်းမွန်ပါသည်။** ခရီးဝေးသွားလျှင် ဘရိတ်အုပ်ရင်း အားသွင်းခြင်းစနစ်ကို ပိတ်ထားပါ (သို့မဟုတ်) အနိမ့်ဆုံးအဆင့်တွင် ထားပါ။ မကြာခဏ ရပ်တန့်ရသော မြို့တွင်းယာဉ်ကြောများတွင်မူ ဘရိတ်အုပ်ရင်း အားသွင်းခြင်းကို အမြင့်ဆုံးအဆင့်သို့ ပြောင်းလဲအသုံးပြုပါ။ ၎င်းတွဲဖက်မှုက ခရီးမိုင်အများဆုံးသို့ ရောက်ရှိစေ၏။

**၁။ (ဃ) Eco Mode ကို အသုံးပြုခြင်း**

EV အသစ်များအားလုံးတွင် မောင်းနှင်မှုနှင့် လမ်းအခြေအနေတို့အပေါ်မူတည်၍ စွမ်းရည်ကို ညှိယူပေးသည့် မောင်းနှင်မှုရွေးချယ်ရန် Mode များ ပါဝင်သည့်အနက် တစ်ခုမှာ Eco Mode ဖြစ်ပြီး အားသွင်းရန် အခက်အခဲရှိလျှင် အကောင်းဆုံးရွေးချယ်မှုဖြစ်သည်။

အချို့ EV တွင် မောင်းနှင်မှုပုံစံပြောင်းရန် စတီယာရင်ဘီးပေါ်၌ ခလုတ်ရှိ၏။ EV မော်ဒယ်သစ်များတွင် ယာဉ်မောင်းရှေ့ရှိ မောင်းနှင်ထိန်းချုပ်မှု အခြေအနေပြ ဒစ်ဂျစ်တယ်မျက်နှာပြင်ပေါ်တွင် ရွေးချယ်ရသည်။ Eco Mode ကို ဖွင့်ထားပါက စွမ်းအင်ချွေတာရန်အတွက် အမြင့်ဆုံးစွမ်းဆောင်ရည်ကို ကန့်သတ်ခြင်း၊ လေအေးပေးစနစ် ရွေးချယ်မှုများကို ပြောင်းလဲခြင်း၊ လီဗာတုံ့ပြန်မှုကို ညင်သာစေခြင်း (သို့မဟုတ်) ရုတ်တရက် အရှိန်မြှင့်တင်မှုများအား ကန့်သတ်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ သာဓကအနေဖြင့် ပုံ (၄)တွင် EV တစ်စီး၏ မောင်းနှင်ထိန်းချုပ်မှုအခြေအနေပြ ဒစ်ဂျစ်တယ်မျက်နှာပြင်ပေါ်ရှိ Eco Mode ကို တွေ့မြင်ရပါမည်။

> **❋ EV တွင် လောင်စာဆီသုံးကားတာယာများကို သုံးစွဲရန်မသင့်လျော်ပါ။ EV တာယာဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် အရည်အသွေးပြည့်မီသောတာယာများကိုသာ သုံးစွဲသင့်၏**
>
> **❋ EV တာယာတွင် ပုံသဏ္ဍာန်ပြောင်းလဲမှုကို အနည်းဆုံးဖြစ်အောင် ဖန်တီးထားကာ လှိမ့်ပတ်ခုခံမှုအား လျှော့ချပေးပြီး စွမ်းအင်ချွေတာမှုကို ရရှိစေ၏။ ထို့ပြင် မြန်နှုန်းမြင့်မောင်းစဉ် တာယာက ယာဉ်၏အလေးချိန် ဗဟိုချက်ကို ဟန်ချက်ညီညီ ထိန်းထားနိုင်ရန် အထူးပြုလုပ်ထား**




ပုံ ၄၊ ဒစ်ဂျစ်တယ်မျက်နှာပြင်ပေါ်ရှိ Eco Mode ကို တွေ့ရစဉ်။

**၁။ (c) EV တာယာကို မှန်ကန်စွာ သုံးစွဲခြင်း**

တာယာများသည် လမ်းနှင့် တိုက်ရိုက်ထိတွေ့နေသောကြောင့် ရုလဒ်အနေဖြင့် မောင်းနှင်စဉ် ပွတ်တိုက်မှုဒဏ်ကိုခံရသဖြင့် မည်သည့်ယာဉ်အတွက်မဆို အလွန်အရေးကြီးသော အစိတ်အပိုင်းဖြစ်၏။ **EV တွင် လောင်စာဆီသုံးကားတာယာများကို သုံးစွဲရန်မသင့်လျော်ပါ။ EV တာယာဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် အရည်အသွေးပြည့်မီသောတာယာများကိုသာ သုံးစွဲသင့်၏။**

EV ကားများ၏ အရှိန်မြှင့်တင်မှုသည် အလွန်မြန်ဆန်လှသဖြင့် တာယာနှင့် လမ်းမျက်နှာပြင်ကြားတွင် တည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်မှု ပိုမိုများပြားလာနိုင်ရာ ထိုတည်ငြိမ်လျှပ်စစ်များကို မြေပြင်သို့ လုံခြုံစွာစီးဆင်းသွားစေရန် လျှပ်ကူးပစ္စည်း အထူးအလွှာများ ထည့်သွင်းထားပါသည်။ ယင်းအပြင် EV တာယာတွင် ပုံသဏ္ဍာန်ပြောင်းလဲမှုကို အနည်းဆုံးဖြစ်အောင် ဖန်တီးထားကာ လှိမ့်ပတ်ခုခံမှုအား လျှော့ချပေးပြီး စွမ်းအင်ချွေတာမှုကို ရရှိစေ၏။ ထို့ပြင် မြန်နှုန်းမြင့်မောင်းစဉ် တာယာက ယာဉ်၏ အလေးချိန် ဗဟိုချက်ကို ဟန်ချက်ညီညီ ထိန်းထားနိုင်ရန် အထူးပြုလုပ်ထားပါသည်။

EV ၌ အင်ဂျင်သံဆူညံမှုမရှိရာ တာယာများမှ ဆူညံသံကို လျှော့ချရန် တာယာအတွင်းပိုင်း၌ ကပ်ထားသော အသံလုံဖော့နည်းပညာသုံး အမြှုပ်လွှာများက တာယာအတွင်း လေတုန်ခါမှုကြောင့် ထွက်ပေါ်သော အသံများကို စုပ်ယူပေး၏။

ထိုမျှမက ဘက်ထရီကြောင့် လောင်စာဆီသုံးကားထက် EV အလေးချိန်သည် ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းခန့်အထိ ပိုမိုလေးလံ၏။ သို့ဖြစ်ရာ EV တာယာသည် အဆိုပါအလေးချိန်နှင့် ရုတ်တရက်ထွက်သောအရှိန်တို့ကို ခံနိုင်ရည်ရှိရန်နှင့် အကောင်းဆုံးသွားနိုင်မည့် ခရီးမိုင်အတွက် လေခွင်းအားစနစ် ကောင်းမွန်ရန်လည်း လိုအပ်ပါသည်။

**ယင်းအပြင် EV တာယာ လေပေါင်မမှန်ကန်ပါက စွမ်းအင်သုံးစွဲမှုကို သိသာစွာမြင့်တက်စေရာ သတ်မှတ်နှုန်းအတိုင်း ရှိ-မရှိ အလေးထားစစ်ဆေးပါ။ ယေဘုယျအားဖြင့် တစ်လက်မပတ်လည်အတွင်းရှိ လေပေါင်နှုန်း (PSI-pound per square inch) သည် ၃၈ မှ ၄၂ ရှိလျှင် ကောင်းမွန်၏။ ၎င်းနှုန်းကို ယာဉ်မောင်းဘက်ခြမ်း တံခါးပေါင်အတွင်းတွင် တွေ့ရှိနိုင်၏။ EV မော်ဒယ်သစ်များတွင် တာယာလေပေါင်ကို ဒိုင်ခွက်ပေါ်တွင်ပင် ပြသပေးရာ စစ်ဆေးရန် ပိုမိုလွယ်ကူစေပါသည်။**

အားလုံးကိုခြုံငုံလျက် **EV တာယာများ၌ အသံစုပ်** ရေမြှုပ်၊ ဝန်လေးခံရော်ဘာဒြပ်ပေါင်းသား၊ အကွေ့များတွင် ကားကို ယိမ်းထိုးမှုလျှော့ချပေးပြီး ခိုင်ခံ့မှုရှိသော တာယာဘေးသားနံရံ၊ ခံနိုင်ရည်အားကောင်းသော သံမဏိကြိုးများ၊ စွမ်းအင်ချွေတာရန် ပွတ်တိုက်မှုနှင့် လှိမ့်ပတ်ခုခံမှုအားတို့ နည်းပါးစေရေးအပြင် မိုးရွာလမ်းများ၌ ရေဖယ်ရှားမှုနှုန်းနှင့် လမ်းကပ်အား ပိုမိုကောင်းမွန်စေပြီး လမ်းချော်မှုမဖြစ်စေသည့် တာယာပန်းပုံစံဖြင့် ပြည့်စုံရပါမည်။

စာမျက်နှာ ၁၆ သို့ ☆





# နေပြည်တော်မြို့တော်ဝန်ရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်တို့၌ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ စစ်သံမှူးများနှင့် မိသားစုဝင်များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ



မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Bounphieng CHANTHAVONG



မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim



မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sagundo Martin Calvo



မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia

**နေပြည်တော် မေ ၁၆**

၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန် နှစ်သစ်ကူးပွဲတော်ကို နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယနေ့ကျရောက်သည့် သင်္ကြန်အတက်နေ့တွင် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ စစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ မိသားစုဝင်များ၊ ပါဝင်သောအဖွဲ့သည် နေပြည်တော်မြို့တော်ဝန်ရေကစားမဏ္ဍပ်နှင့် နေပြည်တော် လမ်းလျှောက်သင်္ကြန်တို့၌ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

နံနက်ပိုင်းတွင် နိုင်ငံခြားသံရုံးများမှ ပါဝင်သောအဖွဲ့သည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ ရောက်ရှိကြသည်။

ထို့နောက် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ စစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ မိသားစုဝင်များ ပါဝင်သောအဖွဲ့သည် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲရန် နေပြည်တော် မြို့တော်ဝန်ရေကစားမဏ္ဍပ်သို့ ရောက်ရှိကြရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးနိုင်မင်းကျော်၊ ဦးကိုကိုကျော်၊ ၎င်းတို့၏ ဇနီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ သံတမန်များနှင့်အဖွဲ့သည် ဝန်ကြီးဌာန ယိမ်းအဖွဲ့များနှင့် နိုင်ငံကျော်အနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြပြီး မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ နှစ်ဟောင်းမှ အညစ်အကြေးများ ကင်းစင်ပြီး နှစ်သစ်ကို အေးချမ်းစွာ ကြိုဆိုနိုင်ရန် အလို့ငှာ သပြေခက်ဖြင့် အတာရေပက်ဖျန်းပေးကြသည်။

ထို့အတူ နိုင်ငံကျော်အဆိုတော်များနှင့် ယိမ်းအကအလှမယ်တို့က သီဆိုဖျော်ဖြေကြရာ သင်္ကြန်ပွဲဆင်နွှဲသူပြည်သူများက မြူးကြွသည့် တေးသီချင်းသံစဉ်စည်းချက်များနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ဆက်လက်၍ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များနှင့်အဖွဲ့သည် နေပြည်တော် ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည့် နေပြည်တော် လမ်းလျှောက်သင်္ကြန် မြန်မာ့သနပ်ခါးမဏ္ဍပ်တွင် မြန်မာ့သနပ်ခါးကို အမှတ်တရ လိမ်းခြယ်ကြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ နေပြည်တော် လမ်းလျှောက်သင်္ကြန် ဗဟိုမဏ္ဍပ်နှင့် ဥဏ္ဏသိဒ္ဓိမိသားစု မဟာသင်္ကြန် ရေကစားမဏ္ဍပ်တို့၌ ယိမ်းအဖွဲ့များ၊ နိုင်ငံကျော်အနုပညာရှင်များ၊ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ပျော်ရွှင်စွာ စုပေါင်းပါဝင်ဆင်နွှဲကြသည်။

ယင်းနောက် လမ်းလျှောက်သင်္ကြန်ဧရိယာအတွင်းရှိ ဝန်ကြီးဌာန ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ချစ်သူ ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ စုပေါင်းပါဝင်ဆင်နွှဲကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၌ နေပြည်တော် မဟာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ အတူတကွ ပါဝင်ဆင်နွှဲခဲ့ကြပြီး ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

နေပြည်တော်တွင် ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Bounphieng CHANTHAVONG က "မြန်မာနိုင်ငံကိုရောက်တာ တစ်နှစ်ကျော်ပဲ ရှိပါသေးတယ်။ မြန်မာ့နှစ်သစ်ကူး မဟာအတာသင်္ကြန်ကို တက်ရောက်တဲ့အခါ အလွန်ပျော်ရွှင်ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ဒီလိုအချိန်မှာပဲ ကျင်းပပါတယ်။ မြန်မာ့နှစ်သစ်ကူးအတာသင်္ကြန်မှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ မြန်မာနိုင်ငံသားအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေလို့ ဆုတောင်းပေးချင်ပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim က "မြန်မာ့နှစ်သစ်ကူး မဟာအတာသင်္ကြန်ကို လာရောက် လည်ပတ်ခွင့်ရတဲ့အတွက် အင်မတန် ဝမ်းမြောက်မိပါတယ်။ မြန်မာနဲ့ ပါကစ္စတန် နှစ်နိုင်ငံ ယဉ်ကျေးမှုအရရော နှစ်နိုင်ငံ ဆက်ဆံရေးအရရော အလွန်ကောင်းမွန်တဲ့ ဆက်ဆံရေးတွေရှိပါတယ်။ အတာသင်္ကြန်ဆင်နွှဲတဲ့အချိန်မှာ ရေလောင်းပြီး တစ်ယောက်နဲ့ တစ်ယောက် နှုတ်ဆက်တယ်ဆိုတာ သန့်စင်ခြင်းကို သရုပ်ဖော်ပါတယ်။ အဲဒီအတွက် မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် အလွန်ဝမ်းသာမိပါတယ်။ သူငယ်ချင်းမိတ်ဆွေများကိုလည်း ဒီသင်္ကြန်မှာ ကျွန်တော်တို့နဲ့အတူတူ ပျော်ရွှင်ဖို့ ဖိတ်ခေါ်ပါတယ်။ ပါကစ္စတန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားများနှစ်သစ်မှာ ပျော်ရွှင်ပါစေလို့ ဆုတောင်းပေးပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Sagundo Martin Calvo က "ကျွန်တော့်အတွက် ပထမဆုံး မြန်မာသင်္ကြန်ကို လာရောက် လည်ပတ်ဖူးတာ ဖြစ်ပါတယ်။ ဒီသင်္ကြန်ကို လာရောက်လည်ပတ်ရတာ အင်မတန်ပျော်စရာကောင်းပါတယ်။ နှစ်သစ်မှာ မြန်မာပြည်သူတွေ ဝမ်းမြောက်ကြပါစေ၊ ပျော်ရွှင်ကြပါစေလို့ ဆုတောင်းပေးပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia က "မြန်မာနိုင်ငံပြည်သူအားလုံး နှစ်သစ်မှာ ပျော်ရွှင်ပါစေလို့ ဆုတောင်းပေးချင်ပါတယ်။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းပေးပါတယ်။ ဒီလိုသင်္ကြန်မဏ္ဍပ်တွေမှာ လည်ပတ်ရတာ ပျော်စရာသိပ်ကောင်းပါတယ်။ မြန်မာနိုင်ငံသင်္ကြန်ကို ဒုတိယအကြိမ်မြောက် လာရောက်လည်ပတ်ခြင်း ဖြစ်ပါတယ်။ အခုလို ပြည်သူတွေနဲ့အတူ ဆင်နွှဲခွင့်ရတဲ့အတွက် အင်မတန်ပျော်ရွှင်ရပါတယ်" ဟု ပြောကြားခဲ့သည်။ **သန့်ဂျိုင်း(သတင်းစဉ်)**

**ဓာတ်ပုံ – ဦးထိန်**



## ချောင်းဆုံမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု လမ်းလျှောက်မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကျင်းပ

**ချောင်းဆုံ မေ ၁၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု လမ်းလျှောက်မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို မေ ၁၆ ရက် ညနေပိုင်းက ချောင်းဆုံ အနောက်ရပ်ကွက် မဟာကန်တော်ကြီးအရှေ့လမ်းရှိ လမ်းလျှောက်သင်္ကြန်ပွဲတော် ဖျော်ဖြေရေးမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက အမှာစကားပြောကြားကာ သင်္ကြန်ယိမ်းအဖွဲ့များက ယိမ်းအကများဖြင့် ဖျော်ဖြေခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သင်္ကြန်ယိမ်းအဖွဲ့များနှင့် တေးဂီတဖျော်ဖြေရေးအဖွဲ့တို့အား ဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

❖

# ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



**ပုသိမ် ဧပြီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ပုသိမ်မြို့ကမ်းနားလမ်း ရှုခင်းသာရင်ပြင်ရှိ ဇာတိမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဖျော်ဖြေရေးနှင့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၊ ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဆုရရှိသည့်ယိမ်းအဖွဲ့များကို ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ဖျော်ဖြေရေးအဖွဲ့များ၊ ဒိုင်များ၊ လူမှုရေးနှင့် သဘာဝဘေးတို့တွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော ပစ်တိုင်းထောင်လူမှုကူညီရေးအသင်းကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ယိမ်းအဖွဲ့နှင့် သင်္ကြန်မယ်များ၏ တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်သစ်ဆုမွန်ကောင်းတောင်း၍ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ပိတ်သိမ်းကြောင်း ကြေညာသည်။

ယင်းနောက် ယိမ်းအဖွဲ့များက "မန်းတောင်ရိပ်ခို"သီချင်းဖြင့် စုပေါင်းဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က အခမ်းအနားသို့ တက်ရောက်လာသောဧည့်သည်များ၊ ယိမ်းအဖွဲ့များနှင့် ပြည်သူများကို အတာရေများ ပက်ဖျန်းပေးသည်။

နံနက်ပိုင်းကလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ ကမ်းနားလမ်းရှုခင်းသာရင်ပြင်ရှိ ဇာတိမဏ္ဍပ်သို့သွားရောက်၍ ယိမ်းအဖွဲ့များ၏ယှဉ်ပြိုင်နေမှု၊ ဖျော်ဖြေရေးအဖွဲ့များ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး ဌာနဆိုင်ရာများနှင့် ပြည်သူများကို ချစ်ကြည်ရင်းနှီးစွာအတာရေစင်များ ပက်ဖျန်းခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ထားဝယ်မြို့၌ သင်္ကြန်ပွဲတော်ကာလအတွင်း လာရောက်လည်ပတ်ကြသောပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ



**ထားဝယ် ဧပြီ ၁၆**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ထားဝယ်မြို့ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်အနီးမြို့တော်ခန်းမ(၂)ရှေ့ ဇာတိမဏ္ဍပ်နှင့် ဌာနဆိုင်ရာမဏ္ဍပ်များ၌ လမ်းလျှောက်သင်္ကြန်အပါအဝင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလအတွင်း လာရောက်လည်ပတ်ကြသော ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဇာတိမဏ္ဍပ်အပါအဝင် ဌာနဆိုင်ရာမဏ္ဍပ်များ၌ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ဆောင်သည့် တေးသီချင်းများ၊ ယိမ်းအကများ၊ စတိတ်ရှိုးကဏ္ဍများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးနှင့် တိုင်းဒေသကြီးဝန်ကြီးများက ယမန်နေ့ညနေပိုင်းတွင် လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းရင်းသားရေးရာဝန်ကြီးဌာန၏စီမံမှုဖြင့် ကျင်းပနေသည့် ကမ်းနားလမ်းတစ်လျှောက် လမ်းလျှောက်သင်္ကြန်အား ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲကာ ဧည့်သည်တော်များနှင့် ယိမ်းအကအဖွဲ့များအား သပြေခက်ဖြင့်အတာရေဖျန်းပက်ပေးကာ ယိမ်းအကလှပျိုဖြူများနှင့် သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ကပြသီဆိုဖျော်ဖြေနေမှုများ၊ နိုင်ငံကျော်တေးသံရှင်များ၏သီဆိုဖျော်ဖြေနေမှုများ၊ လူငယ်များ၏ ထားဝယ်ဓလေ့ သံချပ်ဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မဟာသင်္ကြန်ပွဲတော် အတက်နေ့၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဏ္ဍပ်များနှင့် လမ်းလျှောက်သင်္ကြန်တွင် သင်္ကြန်ချစ်သူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ



**ရန်ကုန် ဧပြီ ၁၆**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အတက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မဏ္ဍပ်များနှင့် လမ်းလျှောက်သင်္ကြန်တွင် သင်္ကြန်ချစ်သူ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ပြည်လမ်း ပြည်သူ့ရင်ပြင်ရှိ လမ်းလျှောက် သင်္ကြန်တွင် သင်္ကြန်ချစ်သူ ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲကြသည်။

**ပါဝင်ဆင်နွှဲ**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များသည် Royal-Apex မဏ္ဍပ်၌ မြို့ရွှေမန်းသား ဖိုးချစ်နှင့်အဖွဲ့၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးတို့မှ အနုပညာရှင်များက မြူးကြွသည့် အဆို၊ အကများ၊ သင်္ကြန်သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်နေမှုကို လည်းကောင်း၊ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ မြန်မာနိုင်ငံဂီတအစည်းအရုံးမှ နိုင်ငံကျော်တေးသံရှင်များ၏ သီဆိုဖျော်ဖြေနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ မဟာဗန္ဓုလပန်းခြံရှိ လမ်းလျှောက် သင်္ကြန်နှင့် ကျောက်တံတားမြို့နယ်ရှိ လမ်းလျှောက် သင်္ကြန်တို့တွင် သင်္ကြန်ချစ်သူ ပြည်သူများအတူ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ယနေ့ မဟာသင်္ကြန်အတက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရေကစားမဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်ပွဲတော်များတွင် နံနက်ပိုင်းမှ ညနေပိုင်းအထိ သင်္ကြန်ချစ်သူ ပြည်သူများဖြင့် အထူးစည်ကားလျက် ရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်၊ ရပ်ကွက်များ၌လည်း အုန်းလက်မဏ္ဍပ်များဖြင့် သင်္ကြန်ချစ်သူများ ပျော်ရွှင်စွာ ရေပက်ကစားကြကြောင်း သိရသည်။

**သတင်း-ဓာတ်ပုံ နေဇော်**

# နောင်ချိုမြို့နယ်၌ သင်္ကြန်အကြတ်နေ့ လာရောက်ကြည့်ရှုသူပရိသတ်များဖြင့် စည်ကားလျက်ရှိ

**နောင်ချို ဧပြီ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်တွင် ၁၃၈၇ ခုနှစ် မဟာသင်္ကြန် အကြတ်နေ့တွင် ဇာတိမဏ္ဍပ်၌ ကပြဖျော်ဖြေသူများ၊ လာရောက်ကြည့်ရှုသူပရိသတ်များဖြင့် အထူးစည်ကားလျက်ရှိသည်။

နောင်ချိုမြို့နယ်အနေဖြင့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့မှ ဧပြီ ၁၆ ရက် အတက်နေ့အထိ စွယ်တော်ရိပ်ကားဝင်းအတွင်း ဇာတိမဏ္ဍပ်တွင် ကပြဖျော်ဖြေပေးလျက်ရှိသည်။ မြန်မာ့ရိုးရာအတာသင်္ကြန်အကြတ်နေ့ ဇာတိမဏ္ဍပ်တွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ရဲဇော်ဝင်းနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးပြီး ကပြဖျော်ဖြေခဲ့ကြသော ယိမ်းအဖွဲ့များအား ဆုတော်ငွေများ ချီးမြှင့်သည်။

ထို့နောက် ဌာနဆိုင်ရာယိမ်းအဖွဲ့၊ မြို့ပေါ်ရပ်ကွက်များမှ ယိမ်းအဖွဲ့ ၁၅ ဖွဲ့ဖြင့် မြန်မာသံစဉ်၊ ခေတ်ပေါ်တေးဂီတများဖြင့် ကပြဖျော်ခဲ့ကြကြောင်းနှင့် ဧည့်ပရိသတ်များအား ဌာနဆိုင်ရာများမှ စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံပေးလျက်ရှိကြောင်း မြို့နယ်မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီထံမှသိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

# နေပြည်တော်၌ သင်္ကြန်အတက်နေ့တွင် ရေကစားအပန်းဖြေသူများ ယခင်ရက်များထက် ကြက်ပျံမကျစည်ကားများပြား



**နေပြည်တော် ဧပြီ ၁၆**

နေပြည်တော် ဒေသခံများသာမက အနယ်နယ်အရပ်ရပ်မှ ပြည်သူများ သင်္ကြန်အကြိုနေ့မှ စတင်၍ စည်ကားသိုက်မြိုက်စွာဖြင့် တိုးမပေါက်အောင် ပါဝင်ဆင်နွှဲကြသည့် နေပြည်တော် လမ်းလျှောက် သင်္ကြန်ပွဲတော်ကြီး၏ ယနေ့ ကျရောက်သည့်သင်္ကြန်အတက်နေ့တွင်လည်း နေပြည်တော်ရင်ပြင်အပြည့် သင်္ကြန်ချစ်သူများဖြင့် အထူးစည်ကားခဲ့ပြီး ညီရင်းအစ်ကို မောင်ရင်းနှမသဖွယ် စည်းလုံး ညီညွတ်စွာဖြင့် လမ်းလျှောက်သင်္ကြန်ကို အတူတကွ ဆင်နွှဲကြသည်။

နံနက်ပိုင်းမှ စတင်၍ နေပြည်တော်တစ်ခွင်မြို့လုံးအနှံ့ သင်္ကြန်တေးသံသာများ ပျံ့လွင့်လျက်ရှိပြီး ပြည်သူများ၏ မျက်နှာထက်တွင် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်အတွက် ဂုဏ်ယူမှုအပြည့်ဖြင့် ယနေ့ သင်္ကြန်အတက်နေ့အထိ အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့မှု သွင်ပြင်များကို မြင်တွေ့ကြရကာ ၎င်းတို့အားလုံး၏ ခြေလှမ်းများသည်လည်း နေပြည်တော်ရင်ပြင်၌ ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့် လမ်းလျှောက် သင်္ကြန်ပွဲတော်ကြီးဆီသို့ အတူတကွ ဦးတည်လျက်ရှိနေကြသည်ကို တွေ့မြင်ရသည်။

ထိုသို့ ဂုဏ်ယူပျော်ရွှင်မှုအပြည့်ဖြင့် အရောက်လှမ်းလာကြသည့် သင်္ကြန်ချစ်သူ ပြည်သူများကိုလည်း နေပြည်တော် လမ်းလျှောက် သင်္ကြန်ဧရိယာ တစ်လျှောက် တည်ဆောက်ထားသည့် ဝန်ကြီးဌာနအလိုက် မဏ္ဍပ်များမှ ဝန်ထမ်းများက ရင်းနှီးဖော်ရွေစွာဖြင့် အတူပျော်ရွှင်စွာ အတာရေသဘင်ပွဲ ဆင်နွှဲကြကာ အသင့်စီစဉ်ထားသည့် စတုဒိသာ အကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံမှုကြောင့် ပြည်သူများ၏ စိတ်နှလုံးကို အေးငြိမ်းမှုရရှိစေခဲ့သည်။

ယနေ့သည် သင်္ကြန်၏ နောက်ဆုံးရက်ဖြစ်သည့်အတွက် နေပြည်တော် လမ်းလျှောက် သင်္ကြန်ဧရိယာတစ်လျှောက်တွင် နိုင်ငံ့ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသည့် ပြည်သူများသည် ယခင်ရက်များထက် ပိုမိုများပြားစွာ လာရောက်ဆင်နွှဲကြပြီး တာဝန်ရှိသူများကလည်း ပြည်သူများ ဘေးဘယာကင်းစွာ ဆင်နွှဲနိုင်ရေးအတွက် လိုအပ်သည့် အစီအမံများကိုလည်း စနစ်တကျ ဆောင်ရွက်ထားသည်ကို တွေ့မြင်ရသည်။

**ကြည့်ရှုအားပေး**

ထို့ပြင် ဝန်ကြီးဌာနများအလိုက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို ထင်ဟပ်စေပြီး ခေတ်မီဒီဇိုင်းများဖြင့် ပေါင်းစပ်တည်ဆောက်ထားသည့် ဝန်ကြီးဌာနမဏ္ဍပ်များရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများက ပြည်သူလူထုနှင့် တစ်သားတည်း ပူးပေါင်းကာ အတာရေကို ချစ်ကြည်ရင်းနှီးစွာ ပက်ဖျန်းကစားခဲ့ကြသည့်အပြင် သင်္ကြန်ချစ်သူ ပြည်သူများကလည်း ဝန်ကြီးဌာနကိုယ်စားပြု သင်္ကြန်ယိမ်းအဖွဲ့များ၏ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုများကို တစ်ခဲနက်ကြည့်ရှုအားပေးခဲ့ကြသည့် မြင်ကွင်းသည်လည်း နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူတို့အကြား အပြန်အလှန် ယုံကြည်လေးစားမှုကို ပိုမိုခိုင်မာစေခဲ့သည့် ပြယုဂ်တစ်ခုအဖြစ် မြင်တွေ့ခဲ့ရသည်။

မြန်မာတို့၏အမြင့်မားဆုံးသော စေတနာသဒ္ဓါတရားကို ပေါ်လွင်စေသည့် နေ့စဉ် မဏ္ဍပ်များအလိုက် စတုဒိသာကျွေးမွေးဧည့်ခံသည့် အစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ပြင်ဆင်ဆောင်ရွက်ထားရှိပြီး မြန်မာ့ရိုးရာ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ မုန့်လုံးရေပေါ်၊ သာကူ အစရှိသည့် ရိုးရာအစားအစာများကို အလှမဟုတ်ဘဲ အဝသုံးဆောင်နိုင်ရန် စီစဉ်ထားရှိရာလာရောက်ရေကစားကြသူ ပြည်သူလူထုတစ်ရပ်လုံး အမောပြေခဲ့ကြပြီး ပျော်ရွှင်ချမ်းမြေ့စွာ သုံးဆောင်နေကြသည်ကိုတွေ့မြင်ရသည့်အပြင် သန့်ရှင်းလတ်ဆတ်သော အစားအစာများကို သက်သာသောဈေးနှုန်းဖြင့် ဆိုင်ခန်းများက ရောင်းချပေးလျက်ရှိရာ ဝယ်ယူစားသုံးကြသည့် ပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

ယခုနှစ်တွင် ထူးခြားသည့် တင်ဆက်မှုအနေဖြင့် သင်္ကြန်ပွဲတော်ဆင်နွှဲရင်း မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုပါ ပိုမိုသိရှိနားလည် မြတ်နိုးလာစေရန် ရည်ရွယ်၍ ပြည်သူများ ရေကစား၍ အမောပြေနိုင်စေရန် မြန်မာ့ရိုးရာ လက်ဖက်သုပ်၊ အကြော်စုံ၊ ပဲကြီးလှော်တို့နှင့်အတူ ရေနွေးကြမ်းကို သုံးဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်ထားမှုကြောင့် မြန်မာတို့၏ နွေးထွေးသော ဧည့်ဝတ်ပြုမှုဓလေ့ လက်ဖက်ယဉ်ကျေးမှု မြင်ကွင်းသည်လည်း မြန်မာဆန်သော ကျေးလက်ဒေသ၏ အငွေ့အသက်များကို ပြန်လည်အသက်ဝင်လာစေခဲ့သည်။

ယင်းအပြင် မြန်မာအမျိုးသမီးများ၏ အလှတရားနှင့် အမှတ်သညာဖြစ်သော သနပ်ခါးသင်္ကြန်မဏ္ဍပ်ကိုလည်း သီးသန့်ထည့်သွင်းထားရှိကာ မြန်မာ့ရိုးရာ သနပ်ခါးသွေးခြင်း၊ လိမ်းခြယ်ခြင်း ဓလေ့များကိုပါ တစ်ပါတည်း လေ့လာခံစားနိုင်စေရန် စီစဉ်ထားရှိရာ လာရောက် လည်ပတ်သည့် ကလေးငယ်များနှင့် လူငယ်လူရွယ်များက သနပ်ခါးများကို ကိုယ်တိုင်သွေး၍ လိမ်းခြယ်ကြသည်ကို တွေ့မြင်ရသည်။

သင်္ကြန်ချစ်သူ ပြည်သူများ နေ့စဉ် စိတ်အေးချမ်းသာစွာဖြင့် သင်္ကြန်ပွဲတော်ကြီးကို ပါဝင်ဆင်နွှဲနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက လုံခြုံရေး၊ကျန်းမာရေးစောင့်ရှောက်မှုနှင့် သယ်ယူပို့ဆောင်ရေး အစရှိသည့် ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အထူးအလေးအနက်ထား၍ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ပေးခဲ့ကြပြီး မဏ္ဍပ်များ၌ ရေကစားသူပြည်သူများ အဆင်ပြေချောမွေ့စေရေးနှင့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် အနီးကပ်ကြီးကြပ်စီစဉ်ဆောင်ရွက်ပေးကြသည်။

ယမန်နှစ်က မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့သော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှု၊ ကြံ့ကြံ့ခံနိုင်မှုတို့ကြောင့် ယခုနှစ်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ပုံမှန်အခြေအနေသို့ အပြည့်အဝ ပြန်လည်ရောက်ရှိခဲ့ပြီး နိုင်ငံတော်အစိုးရသစ်၏ ဦးဆောင်မှုအောက်တွင် ယခင်နှစ်များထက်ပိုမိုခမ်းနားထည်ဝါသော မဟာအတာသင်္ကြန် ပွဲတော်ကြီးကို ဂုဏ်ယူဝင့်ကြွားစွာ ပြန်လည်ဆင်နွှဲနိုင်ခဲ့ခြင်းနှင့်အတူ ပြည်သူများအနေဖြင့်လည်း မြန်မာနှစ်သစ်အခါသမယမှစ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ လက်တွဲဆောင်ရွက်ကြရမည်ဆိုသည့် စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်များလည်း ရရှိခဲ့ကြကာ အနှစ်သာရပြည့်ဝသော သမိုင်းဝင်အတာရေသဘင်ပွဲတော်ကြီးအဖြစ် အထူးစည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

**သန့်ဂျိုင်း**

**ဓာတ်ပုံ – ကိုကြီးထိန်**

## မြဝတီမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်အတက်နေ့တွင် ပျော်ရွှင်စွာရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိ



**မြဝတီ ဧပြီ ၁၆**

ကရင်ပြည်နယ် မြဝတီမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အတက်နေ့တွင် မြဝတီမြို့ ဘုရင့်နောင်လမ်းမကြီးနှင့် မြို့တွင်း မိန်းလမ်းမများတွင် သင်္ကြန်ရေ ကစားသူများဖြင့် ပျော်ရွှင်စွာ အထူးစည်ကားလျက်ရှိသည်။

မြဝတီမြို့ လမ်းလျှောက် သင်္ကြန်မဏ္ဍပ်၌ ဌာနဆိုင်ရာများမှ ယိမ်းအဖွဲ့များ၊ အခြေခံပညာကျောင်းများမှ ယိမ်းအဖွဲ့များ၊ ရပ်ကွက်များမှ ယိမ်းအဖွဲ့များနှင့် မြဝတီမြို့ရှိ စင်တင်တေးဂီတအဖွဲ့များက ရေကစားသူ ပြည်သူများအား အကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး လမ်းလျှောက်သင်္ကြန်မဏ္ဍပ်၌ ရပ်ကွက်များမှ သင်္ကြန်ထမင်း၊ မုန့်လက်ဆောင်း၊ မုန့်လုံးရေပေါ် အစရှိသည့် မြန်မာ့ရိုးရာ အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြပြီး ပြည်သူများ ပျော်ရွှင်စွာ လာရောက် ရေကစားလျက်ရှိသည်။

အလားတူ ဘုရင့်နောင်လမ်းမကြီးတစ်လျှောက်နှင့် မြို့တွင်းမိန်းလမ်းမများရှိ မဏ္ဍပ်ငယ်များတွင် ရေပက်ခံသူများ၊ ရေလောင်းသူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိပြီး မိသားစုအလိုက်၊ သူငယ်ချင်း အပေါင်းအသင်းအဖွဲ့အလိုက်၊ ယာဉ်များ၊ ဆိုင်ကယ်များဖြင့် ပျော်ရွှင်စွာ ရေကစားလျက်ရှိရာ ယာဉ်အန္တရာယ် မဖြစ်ပေါ်စေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မိတ္ထီလာမြို့နယ်၌ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန် ပိတ်ပွဲကျင်းပ

**မိတ္ထီလာ ဧပြီ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက နန်းတော်ကုန်းရပ်ကွက် ဆည်မြောင်းရှင်းလင်းဆောင်အနီး မိတ္ထီလာမြောက်ကန်ပေါင် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက နှစ်သစ်ကူး နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ယင်းနောက် မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြနန္ဒာတေးသီချင်းဖြင့် သီဆိုခဲ့ပြီး ယိမ်းအဖွဲ့များက ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

**နေပြည်တော် ဧပြီ ၁၆**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မုံရွာမြို့ လမ်းလျှောက်သင်္ကြန်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ




**မုံရွာ ဧပြီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးနှင့်ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့သင်္ကြန်အတက်နေ့ မွန်းလွဲပိုင်းတွင် မုံရွာမြို့ ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ ကန်သာယာကန်အနီး လမ်းလျှောက်သင်္ကြန်ပိတ်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ယိမ်းအကအဖွဲ့ ၁၈ ဖွဲ့မှ တာဝန်ရှိသူများထံ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍ အမှာစကားပြောကြားသည်။

**သီဆိုဖျော်ဖြေ**

ထို့နောက် ယိမ်းအဖွဲ့လှပျိုဖြူများ၊ သင်္ကြန်ချစ်သူများနှင့် ဧည့်ပရိသတ်များက "မန်းတောင်ရိပ်ခို" တေးသီချင်းဖြင့် စုပေါင်းသီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

နံနက်ပိုင်းကလည်း မုံရွာမြို့ ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ ကန်သာယာကန်အနီး လမ်းလျှောက်သင်္ကြန်ပြုလုပ်လျက်ရှိသည့် ရွှေသလ္လာနှစ်သစ်မဏ္ဍပ်၊ ရွှေပိတောက်ပျိုမေမဏ္ဍပ်၊ လျှပ်စစ်/စွမ်းအင်/လမ်းပန်းဆက်သွယ်ရေးမဏ္ဍပ်၊ ချင်းတွင်းပိတောက်မဏ္ဍပ်နှင့် ဗဟိုမဏ္ဍပ်များသို့ သွားရောက်၍ ယိမ်းလှပျိုဖြူများနှင့် နိုင်ငံကျော်အဆိုတော်များ၏ သီဆိုကပြဖျော်ဖြေမှု၊ ပြည်သူများပါဝင်ဆင်နွှဲနေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး မုံရွာမြို့ MSME ဒေသထွက်ကုန် မြန်မာ့ရိုးရာလက်ဖက်အပါအဝင် စားသောက်ဖွယ်ရာများ ခင်းကျင်းပြသထားရှိမှုနှင့် မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်နေမှုနှင့် လမ်းလျှောက်သင်္ကြန် ပါဝင်ဆင်နွှဲကြသူများအား စတုဒိသာကျွေးမွေးနေမှုကို ကြည့်ရှုအားပေးကြသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာ့ရိုးရာမဟာသင်္ကြန်အတက်နေ့ ဘားအံမြို့ပေါ်နှင့် ရပ်ကွက်၊ ကျေးရွာများတွင် ရေကစားကြသူများဖြင့် အထူးစည်ကား

**ဘားအံ ဧပြီ ၁၆**

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အတက်နေ့တွင် ဘားအံမြို့ပေါ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် ရေကစားကြသူများ၊ ရေပက်ခံထွက်ကြသူများ၊ စတုဒိသာ တည်ခင်းဧည့်ခံကျွေးမွေးကြသူများဖြင့် အထူးစည်ကားလျက်ရှိရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ မဟာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဘားအံမြို့ သီရိကွင်းရှိ ဗဟိုမဏ္ဍပ်၌ သင်္ကြန်ယိမ်းအကအဖွဲ့များနှင့် နိုင်ငံကျော်တေးသံရှင်များ၏ ကပြသီဆိုဖျော်ဖြေနေမှုတို့ကို ကြည့်ရှုအားပေးပြီး ယိမ်းအဖွဲ့များနှင့် တေးသံရှင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ဗဟိုမဏ္ဍပ်ရှိ စတုဒိသာမဏ္ဍပ်တွင် စတုဒိသာ တည်ခင်း ဧည့်ခံကျွေးမွေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ဖူးငုံပွင့်သစ် အမှတ်(၁) ရေကစားမဏ္ဍပ်၊ နယ်မြေခံ တပ်မဌာနချုပ်မိသားစု ရေကစားမဏ္ဍပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ကရင်ပြည်နယ် ဝန်ထမ်းမိသားစုများ ရေကစားမဏ္ဍပ်၊ ပိတောက်ထိပ်ထား အမှတ် (၅) ဖျော်ဖြေရေးမဏ္ဍပ်၊ ဖူးပွင့်ဆင်ယင်လှာကမြင် မြန်မာ့ရိုးရာ မဟာသင်္ကြန်မဏ္ဍပ်၊ ကရင်ပြည်နယ် စည်ပင်သာယာရေး မဏ္ဍပ်၊ ပိတောက်ဖူးငုံရွှေနောင်လုံ ရေကစားမဏ္ဍပ်၊ ကော့ကသောင် ခရီးစဉ်ဒေသ၊ ပိတောက်လက်ဆောင် လှာကဒေါင် ရေကစားမဏ္ဍပ်နှင့် ပိတောက်မြတ်နိုး အမှတ်(၉) ရေကစားမဏ္ဍပ်တို့၌ သင်္ကြန်ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ချင်းပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနား ကျင်းပ

**ဟားခါး ဧပြီ ၁၆**

၁၃၈၇ ခုနှစ် ချင်းပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အတက်နေ့ လမ်းလျှောက်သင်္ကြန်ကို ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ စည်ကားသိုက်မြိုက်စွာကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်၎င်းတို့၏ဇနီးများ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယိမ်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာ့ရိုးရာလက်ဖက်ပွဲနှင့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့သရုပ်ဖော်မှုများ၊ ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ပိတောက်ပျိုမေ၊ ယိမ်းလှပျို၊ ပိတောက်နတ်သမီး၊ ရွှေဖူးဝါ၊ ယမင်းရွှေစင်၊ သင်္ကြန်ပန်းကလေးများ၊ မိညိုမြနှင့် ရွှေငုဝါမေယိမ်းအကအဖွဲ့များ၏ကပြဖျော်ဖြေမှု နှင့် တစ်ကိုယ်တော်သီဆိုကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးကြသည်။

ညနေပိုင်းတွင် ၁၃၈၇ ခုနှစ် ချင်းပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး၊ လူမှုရေးရာဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**





# မကွေးမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မကွေး ဧပြီ ၁၆**

မကွေးတိုင်းဒေသကြီးအတွင်း မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပရာ ယနေ့ညနေပိုင်းတွင် မကွေးမြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်၌ မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ယိမ်းအကပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ နယ်မြေခံတပ်နယ်မှတာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြို့မိမြို့ဖများ၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ မကွေးပညာရေးဒီဂရီကောလိပ်ကျောင်းသားများက ဒဂုံမောင်သီချင်းဖြင့် ကပြဖျော်ဖြေကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန် ရေသဘင်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ယိမ်းအဖွဲ့ ၁၉ ဖွဲ့အနက် ဆုရရှိသောအဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်သစ်ဆုတောင်းမင်္ဂလာစကား ပြောကြားပြီး ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ရေသဘင်ပွဲတော် ပိတ်သိမ်းကြောင်း ကြေညာသည်။

ယင်းနောက် ပြိုင်ပွဲဝင်ယိမ်းအကမယ်လေးများက "လမ်းလျှောက်သင်္ကြန်" သီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကကြီးမှူး၍ စတုဒိသာ ကျွေးမွေးလှူဒါန်း

ရန်ကုန် ဧပြီ ၁၆

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် ဇနီးတို့သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ၎င်းတို့၏ ဇနီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်(အနောက်ဘက်မုခ်) ယာဉ်ရပ်နားဝင်း၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲသို့ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အလုပ်အမှုဆောင် ကော်မတီဝင်များနှင့် အလှူရှင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာ ပြည်သူများအား အာဟာရဒါနများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များက ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယမန်နေ့ ညနေပိုင်းကလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်(အကြတ်နေ့)တွင် သင်္ကြန်ချစ်သူ ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်ခရိုင်မဏ္ဍပ်၊ အင်းစိန်ခရိုင်မဏ္ဍပ်နှင့် မရမ်းကုန်းခရိုင်မဏ္ဍပ်တို့၌ ယိမ်းအဖွဲ့များ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် နိုင်ငံကျော် တေးသံရှင်များက အကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ယိမ်းအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် သင်္ကြန်အတက်နေ့ မဟာသင်္ကြန်ပွဲတော် ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲ

တောင်ကြီး ဧပြီ ၁၆

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများသည် ယနေ့သင်္ကြန်အတက်နေ့ နံနက်ပိုင်းက တောင်ကြီးမြို့ ပြည်နယ်လွှတ်တော် အနီးရှိ ဗဟိုမဏ္ဍပ်၌ တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်ယိမ်းအကအဖွဲ့များ၊ နိုင်ငံကျော် အဆိုရှင်များ၊ ဒေသခံအဆိုရှင်များ ဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် လမ်းလျှောက်သင်္ကြန်တွင် ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲကြပြီး စတုဒိသာမဏ္ဍပ်၌ ထမနဲထိုးနေမှု၊ ကျွေးမွေးဧည့်ခံနေမှု၊ ကော်ဖီသင်္ကြန်၊ လက်ဖက်သင်္ကြန်၊ သနပ်ခါးသင်္ကြန်နှင့် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမဏ္ဍပ်တို့၌ ဒေသခံအဆိုတော်များ၏ ဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကြသည်။

ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်သည့် တောင်ကြီးမြို့၌ မြန်မာ့ရိုးရာအတာသင်္ကြန် အတက်နေ့ဖြစ်သည်နှင့်အညီ မြို့တွင်းလမ်း၊ အရှေ့၊ အနောက် မြို့ပတ်လမ်းများတွင် ပြည်သူများ သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီး စိုက်ပျိုးရေးရုံးရှေ့ရှိ ရွှေပိတောက်မဏ္ဍပ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမဏ္ဍပ်၊ ကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်မဏ္ဍပ်၊ ချယ်ရီမေမဏ္ဍပ်တို့တွင် ခေတ်ပေါ်တေးဂီတအဖွဲ့များဖြင့်တွဲဖက်၍ နိုင်ငံကျော်အဆိုရှင်များ၊ ဒေသခံအဆိုရှင်များက ဖျော်ဖြေတင်ဆက်ကြရာ အထူးစည်ကားခဲ့ကြောင်း သိရသည်။

**မောင်မာင်သန်း(တောင်ကြီး)**



## ပြည်မြို့ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်၌ မဟာသင်္ကြန်(အတက်နေ့)တွင် ရေကစားသူများ ပိုမို စည်ကားများပြား

ပြည် ဧပြီ ၁၆

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်(အတက်နေ့) နံနက်ပိုင်းတွင် ပြည်မြို့ ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်၌ ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။

ရေကစားသူများအား ဗဟိုမဏ္ဍပ်၌ သင်္ကြန်ဓလေ့ရိုးရာ အစားအစာများ ကျွေးမွေးဧည့်ခံကြပြီး တေးသံရှင်များ၏ တေးသီချင်းသီဆိုဖျော်ဖြေမှုများနှင့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများအပါအဝင် သနပ်ခါးမဏ္ဍပ်၊ လက်ဖက်မဏ္ဍပ်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပဆင်နွှဲလျက်ရှိကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**





## ဘိုကလေးမြို့နယ်၌ မဟာသင်္ကြန်အတက်နေ့တွင် ရေကစားသူများဖြင့် စည်ကားလျက်ရှိ

ဘိုကလေး ဧပြီ ၁၆

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အတက်နေ့ နံနက်ပိုင်း၌ မြို့နယ်လုံးဆိုင်ရာ မိသားစုရေကစားမဏ္ဍပ်အပါအဝင် မြို့နယ်အတွင်းရှိ နေရာအနှံ့အပြားတွင် ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဘိုကလေးမြို့နယ်တွင် ရေကစားကြသူများက မြို့နယ်အတွင်း နေရာအနှံ့အပြား၌ ရေပက်ခံလှည့်လည်ခြင်း၊ စတုဒိသာမဏ္ဍပ်များ၊ သနပ်ခါးသင်္ကြန်မဏ္ဍပ်များတွင် ပါဝင်ရေကစားကြပြီး ဘုရား၊ စေတီ၊ ကျောင်းကန်များတွင်လည်း ဥပုသ်သီလဆောက်တည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## ပြင်ဦးလွင်မြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ် ပိတ်ပွဲကျင်းပ

ပြင်ဦးလွင် ဧပြီ ၁၆

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ခရစ်နှစ် ၂၀၂၆ ခုနှစ် ပြင်ဦးလွင်ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ ဦးဆောင်ကျင်းပသော မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်(ဗဟိုမဏ္ဍပ်) ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ရပ်ကွက်ကြီး(၆) အမျိုးသားကန်တော်ကြီးဥယျာဉ်အနီး၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက နှစ်သစ်ကူးအကြို အမှာစကားပြောကြားပြီး ယိမ်းအကအဖွဲ့များက တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်ပြီး ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးနှင့် ဧည့်သည်တော်များက ယိမ်းအကအဖွဲ့များနှင့် တက်ရောက်လာသူများအား အမွေးနံ့သာအတာရေဖြင့်အပြန်အလှန်ပက်ဖျန်းခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့သွားရောက်၍ ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

**စစ်တွေ ဧပြီ ၁၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်ဇနီး၊ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ စန်းရွှေ၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများသည် သင်္ကြန်အကြတ်နေ့ ယမန်နေ့နံနက်ပိုင်းက စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော်ကြီးများအား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့သည် စစ်တွေမြို့ ဧညဝတီရပ်ကွက် ဓမ္မာရာမကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော်အား ဖူးမြော်ပြီး ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ ဆရာတော်အား ဆွမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့သည် စစ်တွေမြို့ ရွာကြီးမြောက်ရပ်ကွက် ပညာလင်္ကာရကျောင်းတိုက်သို့ သွားရောက်၍ကျောင်းတိုက်ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂိန္ဒအား ဖူးမြော်ကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က ဆရာတော်ကြီးအား ဆွမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



အလားတူ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများက စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော်ကြီးများအား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများသည် ဗဟိုမဏ္ဍပ်သို့သွားရောက်၍ သင်္ကြန်ယိမ်းအကအဖွဲ့များ၊ ရခိုင်အဆိုတော်များ၊ တေးသံရှင်များ၏ ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကာ ရခိုင်ရိုးရာရေကစားမဏ္ဍပ်၌ ရခိုင်ရိုးရာအစဉ်အလာနှင့်အညီ လောင်းလှေများဖြင့် ရေကစားနေမှုကို ကြည့်ရှုအားပေးကြပြီး ယိမ်းအကအဖွဲ့များနှင့်အတူ ပါဝင်ရေကစားကြသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လမ်းမကြီးရှိ မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်တို့သို့သွားရောက်ကာ ပြည်သူများနှင့်အတူ သင်္ကြန်ပွဲတော်ကို ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြသည်။

စစ်တွေမြို့၌ သင်္ကြန်အကြတ်နေ့တွင် ရေကစားကြသူများ ရေပက်ခံထွက်ကြသူများနှင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပဲခူးမြို့မြန်မာ့ရိုးရာအတာသင်္ကြန်အတက်နေ့ အထူးစည်ကား

**ပဲခူး ဧပြီ ၁၆**

ပဲခူးမြို့ ဗဟိုမဏ္ဍပ်၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်အတက်နေ့ကို နံနက်ပိုင်းမှစတင်၍ ကျင်းပရာ မိသားစုအလိုက်၊ သူငယ်ချင်းမိတ်ဆွေအစုအဖွဲ့များအလိုက် ပျော်ရွှင်စွာ ရေသဘင်ပွဲဆင်နွှဲကြပြီး သင်္ကြန်ချစ်သူများနှင့် အထူးစည်ကားခဲ့သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ သင်္ကြန်ချစ်သူ ပြည်သူများနှင့်အတူ အတာရေသဘင်ပွဲ ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဗဟိုမဏ္ဍပ်၌ DJ၊ Music Brand များနှင့် တွဲဖက်၍ နာမည်ကျော်သရုပ်ဆောင် တေးသံရှင်များ၏ ဖျော်ဖြေမှု၊ ယိမ်းအဖွဲ့များ၏ မြန်မာ့ရိုးရာ သင်္ကြန်ယိမ်းအကအလှများဖြင့် တင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ညပိုင်းတွင် ဌာနဆိုင်ရာယိမ်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုယိမ်းအဖွဲ့များက သတ်မှတ်စည်းကမ်းချက်များအတိုင်း ပြိုင်ပွဲဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြို့နယ် ၂၈ မြို့နယ်ရှိ ဗဟိုမဏ္ဍပ်များ၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ရပ်ကွက်၊ ကျေးရွာများ၌ မဏ္ဍပ်ငယ်များဖြင့် ပျော်ရွှင်စွာ ရေပက်ကစားခြင်း၊ လမ်းများအလိုက် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဘုရားစေတီနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်သီလဆောက်တည်ကြသူများ၊ ကုသိုလ်အလှူဒါနပြုလုပ်ကြသူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မွန်ပြည်နယ်ဝန်ကြီးချုပ် မဟာသင်္ကြန်အကြတ်နေ့တွင် ဗဟိုမဏ္ဍပ်၌ မဟာသင်္ကြန်ပွဲ ဆင်ယင်ကျင်းပနေမှု ကြည့်ရှုအားပေး



**မော်လမြိုင် ဧပြီ ၁၆**

မွန်ပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာနှင့် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပလျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများသည် ယမန်နေ့ညနေပိုင်းက မော်လမြိုင်မြို့ မွန် ပြည်နယ်မဟာသင်္ကြန် ဗဟိုမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေကစားနေမှု၊ သင်္ကြန်ယိမ်းအဖွဲ့များနှင့် တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုကပြယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက် လမ်းလျှောက်သင်္ကြန်၌ လာရောက်ရေကစားသူများအား မြန်မာ့ရိုးရာ သနပ်ခါးမဏ္ဍပ်မှ သနပ်ခါးလိမ်းပေးခြင်း၊ လက်ဖက်မဏ္ဍပ်မှ ရိုးရာလက်ဖက်သုပ်များနှင့် ထမနဲမဏ္ဍပ်မှ ကျွေးမွေးဧည့်ခံခြင်းတို့ဖြင့် လမ်းလျှောက်သင်္ကြန်အား တစ်မူထူးခြားစွာ ကျင်းပဆင်နွှဲလျက်ရှိပြီး မဟာသင်္ကြန်(အကြတ်နေ့)တွင် မော်လမြိုင်မြို့ ဗဟိုမဏ္ဍပ်နှင့်လမ်းလျှောက်သင်္ကြန်၌ ရေကစားသူများဖြင့် အထူးစည်ကား များပြားလျက်ရှိရာ ရေကစားသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအပါအဝင် ဘေးအန္တရာယ်ကင်းရှင်းပြီး အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် တာဝန်ရှိသူများကလည်း လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိသည်။

**ပေးအပ်**

ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများသည် သထုံမြို့နယ် ဗဟိုမဏ္ဍပ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် သင်္ကြန်အတက်နေ့ အေးချမ်းပျော်ရွှင်စွာနှင့် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပနေမှု၊ သင်္ကြန်ယိမ်းအဖွဲ့များနှင့် တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုကပြယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသည့်ဧည့်သည်တော်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ပြီး ဒေသခံပြည်သူများနှင့်အတူ အေးချမ်းပျော်ရွှင်စွာ သင်္ကြန်ပွဲတော်အား ပါဝင်ဆင်နွှဲ၍ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# အိမ်မဲမြို့၌ မဟာသင်္ကြန်အတက်နေ့တွင် ပြည်သူများ အေးချမ်းစွာ ရေကစားလျက်ရှိ

**အိမ်မဲ ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူး မဟာသင်္ကြန်အတက်နေ့နံနက်ပိုင်းတွင် အိမ်မဲမြို့ ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်၌ ရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အိမ်မဲမြို့ ဗဟိုမဏ္ဍပ်တွင် ကရင်ဒုံးယိမ်းအကများ၊ ယိမ်းအဖွဲ့များက သင်္ကြန်သီချင်းများဖြင့် ကပြဖျော်ဖြေပြီး လမ်းလျှောက်သင်္ကြန်မဏ္ဍပ်တွင်လည်း စတုဒိသာများ ကျွေးမွေးလျက်ရှိသည်။

အဆိုပါ ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် ပြည်သူများအေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိသည်။

နှစ်ဆန်း(၁)ရက်နေ့တွင်လည်း ဇီဝိတဒါနငါးလွှတ်ပွဲ၊ သက်ကြီးဘိုးဘွားပူဇော်ပွဲနှင့် အိမ်မဲမြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**



## ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားကျင်းပ



နှင့်မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)တို့မှ အနုပညာရှင်များက မြူးကြွသောတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ အတာရေသဘင်ပွဲ ဆင်နွှဲသူများဖြင့် အထူးစည်ကားခဲ့သည်။ **သစ္စာ(MNA)**

**ဓာတ်ပုံ – ဖွဲ့မာန်၊ ဇော်မင်းလတ်**

**ရန်ကုန် ဧပြီ ၁၆**

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို အကြိုနေ့မှစ၍ လေးရက်တိုင် ရန်ကုန်မြို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို ယနေ့(သင်္ကြန်အတက်နေ့) ညနေပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝန်ထမ်းများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)တို့မှ တာဝန်ရှိသူများနှင့် အနုပညာရှင်များ၊ ယိမ်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖြစ်မြောက်ရေး စီစဉ်ဆောင်ရွက်ပေးကြသူများနှင့် စည်းကမ်းရှိရှိ ယဉ်ကျေးစွာ ပါဝင်ဆင်နွှဲကြသည့် ပြည်သူများကို ကျေးဇူးတင်ရှိကြောင်း နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တေးသံရှင် ရဲထိုက်က မန်းတောင်ရိပ်ခိုသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲတွင်ဆုရရှိကြသည့် ယိမ်းအဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်သည်။

နံနက်ပိုင်းကလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ပြည်သူ့ရင်ပြင်ရှိ ဖျော်ဖြေရေးမဏ္ဍပ်၌ မြို့ရွှေမန်းသားဖိုးချစ်နှင့်အဖွဲ့၊ ရုပ်ရှင်အနုပညာရှင်များဖြစ်သည့် မမများအဖွဲ့နှင့် တေးသံရှင်များအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ပြီး Royal Apex မဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်တွင် သင်္ကြန်ချစ်သူ ပြည်သူများနှင့်အတူ အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ယနေ့သည်မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အတက်နေ့ဖြစ်သည်နှင့်အညီ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် နံနက်ပိုင်းမှညပိုင်းအထိ ယိမ်းအကအလှများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့်မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)တို့မှ အနုပညာရှင်များက မြူးကြွသောတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ အတာရေသဘင်ပွဲ ဆင်နွှဲသူများဖြင့် အထူးစည်ကားခဲ့သည်။

## ကယားပြည်နယ်ဝန်ကြီးချုပ် ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အတက်နေ့ ယိမ်းအကအဖွဲ့များယှဉ်ပြိုင်မှု ကြည့်ရှုအားပေး

**လွိုင်ကော် ဧပြီ ၁၆**

ကယားပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ယိမ်းအကပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ယိမ်းအကအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်ကိုယ်စားပြု လှပျိုဖြူယိမ်းအဖွဲ့၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ဗမာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကိုယ်စားပြု ဖူးသစ်စပိတောက်အလှယိမ်းအဖွဲ့၊ လူမှုရေးရာဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ကိုယ်စားပြု ပန်းပျိုးသူယိမ်းအဖွဲ့နှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကိုယ်စားပြု သီရိမေယိမ်းအဖွဲ့တို့၏ ကပြယှဉ်ပြိုင်မှုများ၊ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် ယိမ်းအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ယိမ်းအဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် သနပ်ခါးသင်္ကြန်မဏ္ဍပ်၌ မြန်မာ့ရိုးရာ သနပ်ခါးသင်္ကြန် ဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် “မြန်မာ့ရိုးရာသနပ်ခါး လှယဉ်ကျေးမယ်” ပြိုင်ပွဲ ဆုပေးပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာ့ရိုးရာ သနပ်ခါး သင်္ကြန်ဆပ်ကော်မတီဥက္ကဋ္ဌက ဆုချီးမြှင့်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ တင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက ပထမဆုရရှိသည့် မသန့်ဟေသီစိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီးက ဒုတိယဆုရရှိသည့် မမေဦးခင်နှင့် ဒေသကွပ်ကဲရေးမှူး၏ဇနီးက တတိယဆုရရှိသည့် မနန်းဆုမွမ်မွမ်ရှန်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ထမနဲသင်္ကြန်မဏ္ဍပ်၌ မြန်မာ့ရိုးရာထမနဲထိုးနေမှုကို ကြည့်ရှုအားပေးပြီး လမ်းလျှောက်သင်္ကြန်တွင် သင်္ကြန်ချစ်သူ ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်များတွင် ပြည်သူများဖြင့် ပိုမိုစည်ကား



**မြစ်ကြီးနား ဧပြီ ၁၆**

ကချင်ပြည်နယ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အကြတ်နေ့တွင် ဗဟိုမဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်ပွဲတော်ကျင်းပသည့်နေရာများနှင့် မြို့ပေါ်ရပ်ကွက်များ၊ ပန်းခြံများတွင် လှည့်လည်သွားလာသူများ၊ ရေပက်ခံထွက်သူများ၊ ရေကစားသူများဖြင့် ပိုမိုစည်ကားလျက်ရှိသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီးတို့သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လမ်းလျှောက်သင်္ကြန်ပွဲတော်၌ ဗဟိုမဏ္ဍပ်မှ ယိမ်းအကအလှများ၊ ဒေသခံတေးသံရှင်များ၏ ဖျော်ဖြေနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး သင်္ကြန်ချစ်သူပြည်သူများနှင့်အတူ အတာရေသဘင်ကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ထို့အတူ လမ်းလျှောက်သင်္ကြန်ပွဲတော်အတွင်း စတုဒိသာမဏ္ဍပ်များတွင် မြန်မာ့ရိုးရာ အစားအစာများဖြစ်သည့် လက်ဖက်၊ ထမနဲ၊ မုန့်လုံးရေပေါ်စသည့် သင်္ကြန်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ မြန်မာ့သနပ်ခါးမဏ္ဍပ်၌ သနပ်ခါးလိမ်းခြယ်ခြင်း၊ ရေပက်ကစားခြင်းတို့အပြင် လမ်းလျှောက်သင်္ကြန်ပွဲတော်များ ကျင်းပလျက်ရှိသည့် မင်းရပ်ပြည်သူ့ အားကစားကွင်း လမ်းလျှောက်သင်္ကြန်နှင့် ဧရာဝတီရှုခင်းသာ လမ်းလျှောက်သင်္ကြန်ပွဲတော်များတွင်လည်း ခေတ်ပေါ်တေးဂီတဖျော်ဖြေမှုများ၊ မိသားစုလိုက်၊ အစုအဖွဲ့အလိုက် လာရောက်လည်ပတ် ရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယမန်နေ့ ညပိုင်းကလည်း ဗဟိုမဏ္ဍပ်၌ ဝန်ကြီးဌာနကိုယ်စားပြုယိမ်းအဖွဲ့များနှင့် ရပ်ကွက်ယိမ်းအဖွဲ့များက ကိုယ်ပိုင်သံစဉ်၊ ကိုယ်ပိုင်စာသား၊ ကိုယ်ပိုင်ဆိုင်းဝိုင်းဖြင့် ယှဉ်ပြိုင်ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကာ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၊ ဆိုင်းဝိုင်းအဖွဲ့များနှင့် ဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



## မြောင်းမြမြို့၌ မဟာသင်္ကြန်အတက်နေ့ လည်ပတ်သူများဖြင့် စည်ကားများပြား

**မြောင်းမြ ဧပြီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မြန်မာ့ရိုးရာသင်္ကြန်(အတက်နေ့)တွင် ဗဟိုသင်္ကြန်မဏ္ဍပ်၊ စတုဒိသာနှင့်သနပ်ခါးမဏ္ဍပ်များ၌ ယိမ်းအဖွဲ့များ၊ တေးသံရှင်များက ကပြသီဆိုဖျော်ဖြေခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ရပ်ကွက်အသီးသီးရှိ မဏ္ဍပ်ငယ်များတွင် ရေကစားခြင်းဖြင့် အများပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိသည်။ ယင်းအပြင် သင်္ကြန်မဏ္ဍပ်များ၌ ရေပက်ခံထွက်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

သင်္ကြန်ပွဲတော်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်ရေး မြောင်းမြခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး သောင်းထိုက်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇေယျာ(ပြန်/ဆက်)**

# မြန်မာ့ရိုးရာအတာသင်္ကြန်(အတက်နေ့)တွင် မန္တလေးမြို့လုံးအနှံ့ သင်္ကြန်ရေသဘင်ပွဲတော် တစ်ခဲနက်ပျော်ရွှင်စွာနွှဲပျော်

**မန္တလေး ဧပြီ ၁၆**

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းမည့် မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော်ကြီး၏ နောက်ဆုံးနေ့ဖြစ်သော အတက်နေ့ အခါသမယတွင် မန္တလေးမြို့ ကျုံးပတ်လည်တစ်လျှောက်ခမ်းနားထည်ဝါစွာ ကျင်းပလျက်ရှိသည့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်ဇရိယာတစ်လျှောက်နှင့် အထင်ကရနေရာများတွင် ရေသဘင်ပွဲဆင်နွှဲကြသူများ၊ အပန်းဖြေအနားယူကြသူများဖြင့် မန္တလေးမြို့လုံးအနှံ့ တစ်ခဲနက်စည်ကားခဲ့သည်။



**ကပြဖျော်ဖြေ**

စိတ်ပျော်ရွှင်ချမ်းမြေ့စရာ ကောင်းလှသည့် မဟာသင်္ကြန်၏ နောက်ဆုံးရက်ဖြစ်သည်နှင့်အညီ သင်္ကြန်ကို ချစ်မြတ်နိုးကြသည့် သင်္ကြန်ချစ်သူပြည်သူများကလည်း နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်အပါအဝင် ကျုံးပတ်လည်ရှိလမ်းလျှောက်သင်္ကြန်မဏ္ဍပ်များ၌ မြိုင်မြိုင်ဆိုင်ဆိုင်လာရောက်ရေကစားကြပြီး တေးသံရှင်များနှင့် အနုပညာရှင်များက အတာသင်္ကြန်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြကာ ဝန်ကြီးဌာနများနှင့် ဝါသနာရှင်ယိမ်းအကအဖွဲ့များက ယိမ်းအကအလှများဖြင့် တပျော်တပါး ကပြဖျော်ဖြေကြသည်။

ပွဲတော်၏အနှစ်သာရတစ်ခုဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားရှစ်မျိုးတို့၏ ရိုးရာမဏ္ဍပ်များ၌လည်း ရေကစားသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများက ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် သင်္ကြန်ပွဲတော်ကြီး၏နောက်ဆုံးနေ့ကို ပိုမိုမြူးထူးပျော်ရွှင်စွာ တင်ဆက်ကပြဖျော်ဖြေကြပြီး ဒေသရိုးရာ အစားအစာများကိုလည်း စေတနာအပြည့်ဖြင့် တည်ခင်းဧည့်ခံကြရာ ပြည်ထောင်စုဖွားသွေးချင်းများအကြား နွေးထွေးသောမေတ္တာတရားနှင့် ခိုင်မြဲသောချစ်ကြည်ရင်းနှီးမှုတို့ကို ပီတိဖြစ်ဖွယ်ရာ တွေ့မြင်ရသည်။

**ကြည့်ရှုခံစား**

ယနေ့သင်္ကြန်ပွဲတော်အတက်နေ့တွင် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ကိုရီးယားနိုင်ငံမှ K-pop အဆိုတော်နှင့် K-pop အကအဖွဲ့က လာရောက်ဖျော်ဖြေမှုများနှင့်အတူ နိုင်ငံကျော်အနုပညာရှင်များ၊ ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများ၊ မြန်မာ့ဆိုင်းဝိုင်းကြီးများ၏ မြူးကြွသောတီးခတ်မှုများနှင့် လမ်းလျှောက်ရေကစားသူများဖြင့် စည်ကားပြည့်နှက်လျက်ရှိသည့်အပြင် ဆန်းသစ်သော ဒီဇိုင်းများဖြင့် တည်ဆောက်ထားသော ကျုံးပတ်လည်ရှိ မဏ္ဍပ်များ၌လည်း မိသားစုအလိုက်၊ မိတ်ဆွေသူငယ်ချင်းအလိုက် လာရောက်သူများက အတာရေစင်ကို အေးချမ်းပျော်ရွှင်စွာ ပက်ဖျန်းကစားခဲ့ကြပြီး ဖျော်ဖြေရေးအစီအစဉ်များကိုလည်း ကြည့်ရှုခံစားကြသည်။

အလားတူ (၇၃)လမ်းပေါ်ရှိ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်၌လည်း Floating Street ဇုန်၊ Star Light Street ဇုန်၊ Flower Street ဇုန်နှင့် Water Street ဇုန် စသည်ဖြင့် ဇုန်များအလိုက် သတ်မှတ်၍ ဆောင်ရွက်ထားရှိရာ လာရောက်ဆင်နွှဲကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည့်အပြင် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့်အနေဖြင့် ရိုးရာလောင်းလှေများဖြင့် ရေပက်ဖျန်းကစားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရာ ပြည်သူများအနေဖြင့် ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ကစားကြပြီး မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို စိတ်အေးချမ်းသာစွာ ဆင်နွှဲကြသည်။

ထို့ပြင် မင်္ဂလာမန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ခမ်းနားစွာတည်ဆောက်ထားသည့် ရေကစားမဏ္ဍပ်ပေါ်မှ နိုင်ငံကျော်အဆိုတော်များကလည်း သင်္ကြန်သီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး လမ်းလျှောက်သင်္ကြန်သို့ စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လာရောက်လည်ပတ် ဆင်နွှဲကြသည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ ရေသဘင်ပွဲဆင်နွှဲရင်း အမောပြေသုံးဆောင်နိုင်ရန်အတွက် စတုဒိသာအကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံခဲ့သည့်အတွက်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်ကိုဆင်နွှဲရင်း ချစ်ခင်နှစ်သက်ဖွယ် မြန်မာလူမျိုးတို့၏ သဒ္ဓါတရားထက်သန်မှုကိုလည်း တွေ့မြင်ရသည်။

မန္တလေးကျုံးအနောက်ဘက်၊ကျုံးအရှေ့ဘက်နှင့်ကျုံးမြောက်ဘက်ခြမ်းတို့ရှိ ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်များ၌လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုအကအလှများ၊ ယဉ်ကျေးမှုမြို့တော်ဖြစ်သော မန္တလေးမြို့ကို ဖော်ကျူးသီဆိုထားသည့် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် သင်္ကြန်ချစ်သူပြည်သူများအား မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေတင်ဆက်ကြရာ လာရောက်ရေကစား ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားခဲ့သည်ကို တွေ့မြင်ရသည်။

**အပန်းဖြေအနားယူ**

ထို့အတူ မန္တလေးမြို့၏ အထင်ကရနေရာများဖြစ်သော အမရပူရမြို့နယ်ရှိ ဦးပိန်တံတားနှင့် တောင်သမန်မည်စည်လွင်ပြင်အပန်းဖြေစခန်းတို့၌လည်း မိသားစုအလိုက်၊ သူငယ်ချင်း အစုအဖွဲ့အလိုက် လာရောက်၍ တောင်သမန်အင်းအတွင်းငှက်လှေစီးခြင်း၊ ဦးပိန်တံတားပေါ် လမ်းလျှောက်ခြင်း၊ မည်စည်ပင်တန်းရှိရာနေရာများ၊ ဒေသထွက်ကုန်များ ရောင်းချရာ ဆိုင်တန်းများ၌ တပျော်တပါး မှာယူစားသောက်ကာ အပန်းဖြေအနားယူလျက်ရှိကြသည့်အပြင် တောင်သမန် မည်စည်လွင်ပြင်အတွင်းရှိ ရေကစားမဏ္ဍပ်များ၌လည်း ရေပက်ခံကာ သင်္ကြန်တေးသီချင်းများနှင့်အတူ မြူးထူးစွာကခုန်ကြ၍ သင်္ကြန်အတက်နေ့ကို အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းကြပြီး မန္တလေးဒေသခံများ အပါအဝင် အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့် ခမ်းနားထည်ဝါသော မဟာအတာသင်္ကြန်ပွဲတော်ကြီးကို စိတ်ပျော်ရွှင်ကြည်နူးမှုအပြည့်ဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ဆင်နွှဲနိုင်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## အုတ်တွင်းမြို့နယ်၌ သင်္ကြန်အတက်နေ့ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲ

**အုတ်တွင်း ဧပြီ ၁၆**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာရေသဘင်ပွဲတော် သင်္ကြန်အတက်နေ့တွင် ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။

**ကျွေးမွေးလှူဒါန်း**

အုတ်တွင်းမြို့နယ် မြန်မာ့ရိုးရာမဟာရေသဘင်ပွဲတော်တွင် ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိရာ ဗဟိုမဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်နှင့် ရပ်ကွက်များအတွင်းရှိ မဏ္ဍပ်ငယ်များတွင် ရေပက်သူများ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိပြီး သနပ်ခါးသင်္ကြန်ပါဝင်ဆင်နွှဲကာ စတုဒိသာများ ကျွေးမွေးလှူဒါန်းကြကြောင်း သိရသည်။

အုတ်တွင်းမြို့နယ်အတွင်း နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့်အညီ ထိန်းသိမ်းကာ ကျင်းပလျက်ရှိပြီး ၁၃၈၈ ခုနှစ် နှစ်သစ်ကူး မြန်မာနှစ်ဆန်းတစ်ရက်တွင် ဥပုသ်သီလဆောက်တည်ခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းများနှင့် ဇီဝိတဒါနငါးလွှတ်ပွဲများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## မြောက်ဥက္ကလာပမြို့နယ်၌ မဟာသင်္ကြန်အတက်နေ့ ပြည်သူများ ပျော်ရွှင်စွာဆင်နွှဲ

**ရန်ကုန် ဧပြီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန် မဟာသင်္ကြန်အတက်နေ့တွင် (ဃ)ရပ်ကွက် သုမင်္ဂလာလမ်းမကြီး ဥက္ကလာသီရိပန်းခြံရှေ့ ဥက္ကလာရင်ခွင်မဏ္ဍပ်တွင် ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာဆင်နွှဲကာ စည်ကားလျက်ရှိသည်။

မြန်မာတို့၏ နှစ်သစ်ကူးအခါသမယ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အတက်နေ့ ဥက္ကလာရင်ခွင်မဏ္ဍပ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုယိမ်းအဖွဲ့များက အကအလှများဖြင့် ဖျော်ဖြေခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် အလှူရှင်များက ယိမ်းအဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ကြသည်။

ထို့နောက် ဥက္ကလာသီရိပန်းခြံလမ်းလျှောက်သင်္ကြန်အတွင်း ပြည်သူများ တပျော်တပါးပါဝင်ဆင်နွှဲခဲ့ကြပြီး တေးသံရှင်များနှင့် ယိမ်းအကအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့် ဆက်လက်ဖျော်ဖြေကြသည်။ မဟာသင်္ကြန်ကာလအတွင်း ဥက္ကလာရင်ခွင်မဏ္ဍပ်အတွင်း စတုဒိသာကျွေးမွေးခြင်း၊ ဥက္ကလာသီရိပန်းခြံအတွင်း လမ်းလျှောက်သင်္ကြန်တွင် ပြည်သူများက တပျော်တပါး ပါဝင်ဆင်နွှဲခြင်းဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**





## မူဆယ်မြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနား ကျင်းပ

**မူဆယ် ဧပြီ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ရွှေလီမြစ်ကမ်းဘေး ဟိုဆောင်ကမ်းခြေရှိ ဗဟိုမဏ္ဍပ်၌ ယနေ့ညနေပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ဂုဏ်ပြုလက်ဆောင်ပေးအပ်**

ဦးစွာ မူဆယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားပြီး မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကူညီဆောင်ရွက်ပေးကြသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ယိမ်းအကအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းနှင့် ရှမ်းသင်္ကြန်သီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး ဧည့်သည်တော်များက သပြေခက်များဖြင့် ရေပက်ဖျန်းခဲ့ကာ အခမ်းအနားကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

စာပေမြင့်မှ လူမျိုးတင့်မည်

## ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ မဟာသင်္ကြန်အတက်နေ့ လမ်းလျှောက်သင်္ကြန်စည်ကားလျက်ရှိ

**ရန်ကုန် ဧပြီ ၁၆**

ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် လမ်းလျှောက် သင်္ကြန်တွင် သင်္ကြန်အတက်နေ့ နံနက်ပိုင်းမှ စ၍ ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် လမ်းလျှောက်သင်္ကြန်တွင် ဌာနဆိုင်ရာများနှင့် ရပ်ကွက်များအလိုက် ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များဖြင့် လာရောက်လည်ပတ်ကြသည့် ပြည်သူများအား ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်တို့၌ ယိမ်းအဖွဲ့များက အလှည့်ကျ ကပြဖျော်ဖြေပြီး တေးသံရှင်များက ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေပေးကြသည်။



ထိုသို့ ဖျော်ဖြေကြသော ယိမ်းအဖွဲ့များအား ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အားပေးကြည့်ရှုကြပြီး ဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးအောင်**



## သထုံမြို့နယ်၌ မဟာသင်္ကြန်အတက်နေ့ ရေကစားသူများဖြင့်စည်ကား

**သထုံ ဧပြီ ၁၆**

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ခရိုင်အဆင့်ဗဟိုရေကစားမဏ္ဍပ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်အတက်နေ့တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိသည်။

ဗဟိုရေကစားမဏ္ဍပ်ကြီး၌ အနုပညာရှင်များနှင့် ယိမ်းအဖွဲ့တို့က တေးဂီတများ၊ ရိုးရာသင်္ကြန်ယိမ်းအကများဖြင့် အလှည့်ကျဖျော်ဖြေကြရာ လာရောက်ကြည့်ရှုသူ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

သထုံမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များ၌ မုန့်လုံးရေပေါ်၊ သင်္ကြန်ထမင်း၊ ရွှေရင်အေး စသည့် ရိုးရာအစားအစာများကို ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ ပြည်သူများအား စတုဒိသာများ ကျွေးမွေး

**သာယာဝတီ ဧပြီ ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ၁၃၈၇ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို သင်္ကြန်အတက်နေ့တွင် စတုဒိသာမဏ္ဍပ်၌ ပြည်သူများအား စတုဒိသာများဖြင့် ကျွေးမွေးလျက်ရှိသည်။



**လာရောက်သုံးဆောင်**

ထိုသို့ ကျွေးမွေးရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ထွေး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ စုပေါင်း၍ စတုဒိသာများဖြင့် ကျွေးမွေးရာယနေ့တွင် မနောမယထမင်းများကို ခရိုင်ဗဟိုမဏ္ဍပ်သို့ လာရောက်ကြသော သာယာဝတီ၊ လက်ပံတန်း၊ မင်းလှမြို့နယ်တွင်းရှိ ရပ်ကွက်များ၊ ကျေးရွာများမှ ပြည်သူများက ပျော်ရွှင်စွာ လာရောက်သုံးဆောင်လျက်ရှိကြောင်း သိရသည်။

**သန့်ဇော် (ပြန်/ဆက်)**

## သဃ်္ဃန်းကျွန်းခရိုင်၌ ရေကစားသူများ စည်ကားလျက်ရှိ

**ရန်ကုန် ဧပြီ ၁၆**

ရန်ကုန်တိုင်း ဒေသကြီး သင်္ဃန်းကျွန်းခရိုင်တွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်အတက်နေ့ နံနက်ပိုင်းမှ စတင်ကာ အနောက်မြင်း ပြိုင်ကွင်းလမ်းရှိ သင်္ဃန်းကျွန်းခရိုင် ဖျော်ဖြေရေးမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်တို့တွင် လာရောက် ပါဝင်ဆင်နွှဲသူများ၊ အတာရေ ဆော့ကစားသူများ၊ စတုဒိသာအလှူများဖြင့် ယခင်နေ့များထက် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။



**နိုင်လင်းအောင်(တာမွေ)**

## တန့်ယန်းမြို့နယ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် သင်္ကြန်အတက်နေ့ စည်ကားလျက်ရှိ

**တန့်ယန်း ဧပြီ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ သင်္ကြန်အတက်နေ့တွင် ရေကစားမဏ္ဍပ်များ၌ ရေကစားကြသူများ၊ စတုဒိသာ ကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိသည်။

ဗဟိုမဏ္ဍပ်၊ တပ်နယ်မိသားစုမဏ္ဍပ်၊ ဌာနဆိုင်ရာနှင့် ရပ်ကွက်များ၏မဏ္ဍပ်များ၌ ယိမ်းအကအဖွဲ့များ၏ အကအလှများ၊ တေးဂီတဖျော်ဖြေမှုများ၊ လမ်းလျှောက်သင်္ကြန်၊ သနပ်ခါးသင်္ကြန်၊ လက်ဖက်သင်္ကြန်၊ ကော်ဖီသင်္ကြန်တို့နှင့် စတုဒိသာ ကျွေးမွေးဧည့်ခံခြင်းတို့ဖြင့် စည်ကားလျက်ရှိရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆန်စိန်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်မျိုးထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကာ ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(တန့်ယန်း)**



## ခန္တီးမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲကျင်းပ



**ခန္တီး ဧပြီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်တွင် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မဟာသင်္ကြန်ပွဲတော် အတက်နေ့ ညနေပိုင်းက မြို့မရပ်ကွက်ရှိ ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်ပိတ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးဇော်ငြိမ်းထိုက်နှင့်ဇနီး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်နှင့်ဇနီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းထိုက်နှင့်ဇနီး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်္ကြန်ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးခဲ့ပြီး "မန်းတောင်ရိပ်ခို" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေ၍ အခမ်းအနားကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**အေးခိုင် (ပြန်/ဆက်)**

**နေရောင်အောက်က**
**သက်ရှိတွေကို**
**စောင့်ရှောက်ဖို့**
**အိုဇုန်းလွှာကို**
**ထိန်းသိမ်းစို့**



ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ မဟာသင်္ကြန်အတက်နေ့ ညနေပိုင်းတွင် လမ်းလျှောက် သင်္ကြန်ပွဲတော်ကြီးတွင် ပြည်သူများ စည်ကား သိုက်မြိုက်စွာဖြင့် ပျော်ရွှင်စွာ ရေဆော့ကစားကြစဉ်။

ကိုမင်း ( ခရမ်း )



## အင်းစိန်ခရိုင်၌ အတာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၁၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်၌ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၇)ရပ်ကွက် ရန်ကုန်-ညောင်တုန်းလမ်းနှင့် ရန်ကုန်-ပုသိမ်လမ်း ထောင့်ရှိ ဘုရင့်နောင်ပန်းခြံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ အင်းစိန်ခရိုင် မြန်မာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်မဏ္ဍပ်၌ ယှဉ်ပြိုင်ခဲ့သည့် ယိမ်းအကပြိုင်ပွဲများတွင် ဆုရရှိသည့် ယိမ်းအဖွဲ့များအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ပထမဆုရရှိသည့် လှိုင်သာယာ (အရှေ့ပိုင်း) ယဉ်ကျေး ပျူငှာရွှေစင်ကညာယိမ်းအဖွဲ့က အကအလှများဖြင့် ဖျော်ဖြေခဲ့ကြပြီး အခမ်းအနားကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

ထွန်းလင်းကျော်(ပြန်/ဆက်)

## မြိတ်မြို့ မဟာသင်္ကြန်အတက်နေ့တွင် ပြည်သူများ သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ နွှဲပျော်

မြိတ် ဧပြီ ၁၆

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်အတက်နေ့တွင် နှစ်သစ်ကူး အတာရေသဘင်ပွဲတော်ကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် စည်ကားသိုက်မြိုက်စွာ နွှဲပျော်လျက်ရှိသည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ဗဟိုမဏ္ဍပ်နှင့် ဖျော်ဖြေရေး မဏ္ဍပ်တို့တွင် သင်္ကြန်ယိမ်းအကအဖွဲ့များက ယိမ်းအကအလှများဖြင့် ကပြဖျော်ဖြေခြင်း၊ သင်္ကြန်တေးသီချင်းများ၊ မြူးမြူးကြွကြွတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ DJ Music ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေလျက်ရှိကြရာ မဏ္ဍပ်ရှေ့တွင် ပြည်သူများက အေးချမ်းပျော်ရွှင်စွာ သင်္ကြန်ပွဲတော်ကို နွှဲပျော်လျက်ရှိသလို လမ်းလျှောက်သင်္ကြန်နှင့် ဖျော်ဖြေရေးမဏ္ဍပ်တို့၌လည်း နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ နွှဲပျော်လျက်ရှိကြသည်။



ခိုင်ထူး(ပြန်/ဆက်)

## ကျိုက်မရောမြို့နယ်၌ မဟာသင်္ကြန်အတက်နေ့ ရေပက်ကစားသူများဖြင့် စည်ကားလျက်ရှိ

ကျိုက်မရော ဧပြီ ၁၆

ကျိုက်မရောမြို့နယ်တွင် မြန်မာ့ရိုးရာ နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် အတက်နေ့ နံနက်ပိုင်းမှ စတင်ကာ ရေပက်ခံကားများ၊ ရေကစားကြသူများဖြင့် မြန်မာ့ရိုးရာသင်္ကြန်ကို ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

### အထူးစည်ကား



မြန်မာ့ရိုးရာ အတာသင်္ကြန် အတက်နေ့တွင် ယမန်နေ့များကထက် ရေပက်ကစားသူများ၊ အုန်းလက် မဏ္ဍပ်လေးများထိုးကာ ရေကစားသူများ၊ ကားများ၊ ဆိုင်ကယ်များဖြင့် ရေပက်ခံထွက်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ထို့ပြင် ကျိုက်မရောမြို့ပေါ်ရှိ ထင်ရှားသော စေတီပုထိုးများနှင့် ဘုန်းကြီးကျောင်းများတွင်လည်း ကောင်းမှုကုသိုလ် ပြုသူများ၊ ဥပုသ်သီလ ဆောက်တည်ကြသူများ၊ ရိပ်သာများ၊ တရားစခန်းများ၌လည်း တရားအားထုတ်သူ ယောဂီများ၊ သီလရှင်ဆရာကြီး ဆရာလေးများဖြင့် များပြားလျက်ရှိကြောင်း သိရသည်။

ကျိုက်မရော(ပြန်/ဆက်)



## မြောင်းမြမြို့၌ ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ရေကစားခြင်းဖြင့် စည်ကားလျက်ရှိ

မြောင်းမြ ဧပြီ ၁၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ဗဟိုမဏ္ဍပ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်အကြတ်နေ့ ညနေပိုင်းတွင် ရေကစားနေသူများဖြင့် စည်ကားလျက်ရှိသည်။

မြောင်းမြခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များအတွက် ချီးမြှင့်ငွေကျပ် သုံးသိန်းကို ပေးအပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုက လက်ခံရယူသည်။

ဗဟိုမဏ္ဍပ်၌ ဌာနဆိုင်ရာများက သက်ဆိုင်ရာနေ့အလိုက် နေ့စဉ် စတုဒိသာအဖြစ် မြန်မာရိုးရာမုန့်များ၊ မုန့်လုံးရေပေါ်၊ ကန်စွန်းဥသာဂူ၊ မုန့်ကြာစေ့၊ ရွှေရင်အေး၊ ကြာဆံကြော်များကို ကျွေးမွေးခဲ့ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)

## ကျောက်မဲမြို့၌ မြန်မာ့ရိုးရာမဟာအတာသင်္ကြန် ပိတ်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

ကျောက်မဲ ဧပြီ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့တွင် မြန်မာ့ရိုးရာ မဟာ အတာသင်္ကြန် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက မြို့ကျက်သရေ ဆောင်ခန်းမရှေ့ရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ဟိန်းထက်နောင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ပွဲတော်အတွင်း ပါဝင်ကပြခဲ့သည့် ယိမ်းအဖွဲ့ ၂၀ အတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်း ကျပ်သိန်း ၂၀ ကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် တက်ရောက်လာသည့် တာဝန်ရှိသူများက "မန်းတောင်ရိပ်ခို"သီချင်းကို စုပေါင်းသီဆိုခဲ့ကြပြီး ဒေသခံယိမ်းအဖွဲ့များ၏ မြန်မာ့ရိုးရာယိမ်းအကများဖြင့် ကပြဖျော်ဖြေကာ ပွဲတော်ကို အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





## ရေတာရှည်မြို့မဟာသင်္ကြန်ပွဲတော်(အတက်နေ့)၌ ရေကစားသူများ စည်ကားများပြား

ရေတာရှည် ဧပြီ ၁၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် သင်္ကြန်အတက်နေ့တွင် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်၊ သနပ်ခါးမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်တို့၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ လာရောက်ရေကစားသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ရေကစားလာရောက်သူများအား စတုဒိသာမဏ္ဍပ်၌ ရိုးရာအစားအစာများဖြင့် နေ့စဉ်စတုဒိသာများ ကျွေးမွေးဧည့်ခံခြင်း၊ ဗဟိုမဏ္ဍပ်၌ တေးသံရှင်များ၏ တေးသီချင်းသီဆိုဖျော်ဖြေမှုများနှင့် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများအပါအဝင် လမ်းလျှောက်သင်္ကြန်၊ သနပ်ခါးမဏ္ဍပ်မှ သနပ်ခါးများ လိမ်းကျံပေးခြင်း အစီအစဉ်များဖြင့် နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ခွေးရူးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုး ကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံး ကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ်(၁)ကြိမ် ပုံမှန် ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့ မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက်ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ်(သို့မဟုတ်)ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟု သံသယရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားရန်၊

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန



## တောင်ငူမြို့နယ်၌ အပူဒဏ်အန္တရာယ် အသိပညာပေးဟောပြော

**တောင်ငူ မေ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆူးတပ် ကျေးလက်ကျန်းမာရေးဌာနက ဟင်းရေများကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် အပူဒဏ်အန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် ကွင်းဆင်း ဆေးကုသခြင်းဆောင်ရွက်မှုကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါဆောင်ရွက်မှုတွင် တောင်ငူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဦးမြင့်ဇော်က အပူဒဏ်အန္တရာယ်(Heat Stroke) အကြောင်းနှင့် ဆီးချိုသွေးချိုရောဂါအကြောင်း သိကောင်းစရာများကိုဟောပြောခဲ့ရာ ဒေသခံပြည်သူ ၄၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




**☆ ကျောဖုံးမှ**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားကာ အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တပ်ရင်းမဟာ သင်္ကြန်မဏ္ဍပ်၌ အနုပညာရှင်များ၏ ဂုဏ်ပြုဖျော်ဖြေမှုများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပျော်ရွှင်စွာ ရေကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**❂ ဘိုင်ယန်မြူးနစ်မှ**

ဘိုင်ယန်မြူးနစ်အသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကို ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပထမအကျော့မှာ နှစ်ဂိုး-တစ်ဂိုး၊ ဒုတိယအကျော့မှာ လေးဂိုး-သုံးဂိုး နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-လေးဂိုးနဲ့ အနိုင်ရပြီး ဆီမီးဖိုင်နယ်တက်လှမ်းခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ဒုတိယအကျော့မှာ ချေပဂိုးပြန်လည်ရရှိရေး ကြိုးပမ်းရင်း ကစားသမားနှစ်ဦး နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရလို့ ကစားသမားနှစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဟယ်ရီကိန်းကတော့ လက်ရှိရာသီမှာ ဘိုင်ယန်မြူးနစ်အတွက် ပွဲစဉ် ၄၂ ပွဲမှာ သွင်းဂိုး ၅၀ ရှိလာခဲ့တာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ချန်ပီယံလိဂ်မှာ ဆီမီးဖိုင်နယ်အဆင့်တက်လှမ်းခဲ့ပြီဖြစ်တာကြောင့် တစ်ရာသီအတွင်း ဖလားသုံးလုံးဆွတ်ခူးနိုင်မယ့် မျှော်လင့်ချက်ရှင်သန်ခဲ့ပြီဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ဘွန်ဒက်လီဂါပြိုင်ပွဲမှာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ၁၂ မှတ်ဖြတ်ဦးဆောင်နေပြီး ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲမှာလည်း လေဗာကူဆင်အသင်းနဲ့ ဆီမီးဖိုင်နယ်ကစားဖို့ရှိနေတာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်မှာ လက်ရှိချန်ပီယံ ပီအက်စ်ဂျီအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အာဆင်နယ်အသင်းကတော့ စပို့တင်းအသင်းကို နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ရပြီး ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့် တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်မှာ စပိန်လာလီဂါကလပ်အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်တွေကို ဧပြီ ၂၉ ရက်နဲ့ ၃၀ ရက်တို့တွင်လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်တွေကို မေ ၆ ရက်နဲ့ ၇ ရက်တို့တွင်လည်းကောင်း ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ **ငွေကြယ်**



## ကျောက်တံခါးမြို့နယ်၌ အပူဒဏ်ကြောင့် ဖြစ်တတ်သည့်ရောဂါများ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ပြင်ဆင်ထားရှိ

**ကျောက်တံခါး မေ ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ မြို့နယ်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများတွင် အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်နိုင်သောရောဂါများ ကုသပေးနိုင်ရေးအတွက် ပြင်ပလူနာဌာနအတွင်း လူနာဆောင်များတွင် ပြင်ဆင်ထားရှိလျက်ရှိပြီး အပူဒဏ်ကြောင့် ဖြစ်တတ်သည့် ရောဂါများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ပြင်ဆင်ထားရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ လမ်းညွှန်မှုများနှင့်အတူ အပူဒဏ်အန္တရာယ်ကြောင့် ရောဂါခံစားရသော လူနာများ ရောက်ရှိလာပါက ပြင်ပလူနာ အတွင်းလူနာဆောင်များတွင် လိုအပ်သောဆေးဝါးများနှင့် ကျန်းမာရေးဝန်ထမ်းများ အဆင်သင့်ဖြစ်နေစေရေး တာဝန်ပေးအပ်လျက်ရှိပြီး အချိန်မီ လိုအပ်သောကုသမှုများ ထိရောက်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ရွှေတောင်မြို့နယ် ပြည်သူ့ဆေးရုံများ၌ အပူဒဏ်အန္တရာယ်ဖြစ်ပွားပါက ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကြိုတင် ပြင်ဆင်

**ရွှေတောင် မေ ၁၆**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် အပူဒဏ်အန္တရာယ်ဖြစ်ပွားမှုကြောင့် ဖြစ်ပေါ်တတ်သော ရောဂါများကို ပြည်သူ့ဆေးရုံများသို့ လာရောက် ပြသသော လူနာများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင် ထားရှိလျက်ရှိသည်။



ရွှေတောင်မြို့နယ်ရှိ ကျီးသဲတိုက်နယ်ဆေးရုံ၌ အပူဒဏ်ကြောင့် ရောက်ရှိလာသော လူနာများအား လက်ခံကုသပေးမည့် နေရာ ကြိုတင်စီစဉ်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်းထားရှိခြင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိစေရေးအတွက် အပူဒဏ်အန္တရာယ်ကြောင့်ဖြစ်ပွားသည့် လူနာများအား အရေးပေါ်ကုသမှုပေးရာတွင် ကုသမှု လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်အတွက် လေ့ကျင့်မှုများ ဆောင်ရွက်ခြင်း အပါအဝင် အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေး လုပ်ငန်းများ၊ ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

■



ဟသ်ာတခရိုင်မဟာသင်္ကြန်ယိမ်းပြိုင်ပွဲပထမဆုရ ဟသ်ာတခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ကိုယ်စားပြု ငွေကြယ်ဖြူလေးများ ယိမ်းအဖွဲ့အား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက ဆုချီးမြှင့်စဉ်။ ခရိုင်(ပြန်/ဆက်)

## အပူဒဏ်ရောဂါလူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိ

**အုတ်ဖို မေ ၁၆**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ပြည်သူ့ဆေးရုံတွင် အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သောရောဂါများဖြင့် လာရောက်ပြသမည့် လူနာများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆရာဝန်ကြီးထံမှ သိရသည်။



အုတ်ဖိုမြို့နယ် ပြည်သူ့ဆေးရုံတွင် အပူဒဏ်လူနာများ လက်ခံကုသပေးနိုင်မည့်နေရာများ ကြိုတင်စီစဉ်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်းပြင်ဆင်ထားရှိခြင်း၊ အပူဒဏ်အန္တရာယ်လူနာများအား အရေးပေါ်ကုသမှုပေးရာတွင်ကုသမှုလုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် လေ့ကျင့်ပြင်ဆင်ခြင်း အပါအဝင် အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်သူ (အုတ်ဖို)**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၁၆

| | | | |
|---|---|---|---|
| ချောက် | ၄၄ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၃ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၃ | ဒသမ သုည | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၂ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၄၂ | ဒသမ သုည | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၁ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |

## ယနေ့ ဖတ်စရာ

မဟာသင်္ကြန်အတက်နေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်္ကြန်ချစ်သူပြည်သူများဖြင့် မြန်မာ့ရိုးရာအတာသင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

စာမျက်နှာ » ၉

---

မြန်မာ့ရိုးရာအတာသင်္ကြန် (အတက်နေ့)တွင် မန္တလေးမြို့လုံးအနှံ့ သင်္ကြန်ရေသဘင်ပွဲတော် တစ်ခဲနက်ပျော်ရွှင်စွာနွှဲပျော်

စာမျက်နှာ » ၂၄



## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဧပြီ ၁၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

စာမျက်နှာ ၂၇ ကော်လံ ၃ သို့ ✰

## ဘိုင်ယန်မြူးနစ်အသင်းနဲ့ အာဆင်နယ်အသင်းတို့ ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် တက်လှမ်း

ဘိုင်ယန်မြူးနစ်အသင်းနဲ့ အာဆင်နယ်အသင်းတို့ဟာ ဧပြီ ၁၆ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ဒုတိယအကျော့ပွဲစဉ်တွေမှာ ပြိုင်ဘက်အသင်းအသီးသီးကို အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

စာမျက်နှာ ၂၇ ကော်လံ ၃ သို့ ❂




ဘိုင်ယန်မြူးနစ်အသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းကိုတွေ့ရစဉ်။

## မြန်မာ ယူ-၁၇ အမျိုးသမီးအသင်း အာရှဖလား ယူ-၁၇ ပြိုင်ပွဲကျင်းပမည့် တရုတ်နိုင်ငံသို့ ကြိုတင်သွားရောက်လေ့ကျင့်မည်

ရန်ကုန် ဧပြီ ၁၆

မြန်မာ ယူ-၁၇ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းသည် ၂၀၂၆ အာရှဖလား ယူ-၁၇ အမျိုးသမီးပြိုင်ပွဲကျင်းပမည့် တရုတ်နိုင်ငံသို့ ကြိုတင်သွားရောက်မည်ဖြစ်သည်။

စာမျက်နှာ ၂၈ ကော်လံ ၃ သို့ ✻